မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃စာ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၆)၊ အမှတ်(၀၄၆)

လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရွှေစင်ရွှေသား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်အောင်မြင်ခဲ့သည့် သာဟတ္ထိကမြောက်အောင် စီစဉ်ထားသည့် ပုံတော်အား မြို့မကျောင်းဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောဧစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းအောင်ပွဲအထိမ်းအမှတ် ရေစက်ချကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောဧစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းအောင်ပွဲအထိမ်းအမှတ် ရေစက်ချကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ပူဇော်သည်။ *စာမျက်နှာ ၃ ကော်လံ ၁ ၁*



(၇၈)ကြိမ်မြောက် ချင်းရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပ

ဖလမ်း နိုဝင်ဘာ ၁၄

(၇၈)ကြိမ်မြောက် ချင်းရိုးရာ နှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။ *စာမျက်နှာ ၅ ကော်လံ ၁ ❖*

အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၄

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသောလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါ အားကောင်းသောလေဖိအားနည်း ရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၁၅ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် *စာမျက်နှာ ၅ ကော်လံ ၁ ■*

ယနေ့ ဖတ်စရာ

ချမ်းအေးသာစံမြို့နယ်ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ အသက် ၁၈ နှစ်နှင့်အထက် အမျိုးသမီး ၄၀ လက်ခံစောင့်ရှောက်ထားရှိ

ပြည်တွင်းသတင်း စာ ၈

ပြည်သူ့အရေးပေမို့ ဆောင်းပါး စာ ၁၂

ပန်းချီ၊ ပန်းပုကျောင်း၊ ပန်တျာကျောင်းနှင့် အမျိုးသားအနုပညာပြတိုက်အဖြစ် ဖွင့်လှစ်ရန် ကမ္ဘောဇရိပ်သာ(ချင်းချောင်း)အား ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိ

ပြည်တွင်းသတင်း စာ ၁၃

အမေရိကန်ပြည်ထောင်စု-တရုတ်-ရုရှား ထိပ်သီးအစည်းအဝေး နိုဝင်ဘာ ၁၉ ရက်တွင် ပြုလုပ်မည်

နိုင်ငံတကာသတင်း စာ ၁၄



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၄

ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ အနေဖြင့် နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကို သိရှိပြီး အသိပညာဗဟုသုတများစွာ ရရှိစေရန်၊ လူငယ်များအား မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး နိုင်ငံချစ်စိတ်နှင့် *စာမျက်နှာ ၇ ကော်လံ ၁ ✻*



ရိတ်သိမ်းချိန်ရောက် စပါးသီးနှံများ ချိန်ခါမဲ့မိုးကြောင့် မပျက်ရန်ကာကွယ်

ပုံမှန်အားဖြင့်ဆိုလျှင် တန်ဆောင်မုန်းလသည် မိုးလေတို့ကင်းစင်၍ ကောင်းကင်သည် ကြည်လင်ပွင့်လင်းလျက် ညဉ့်အခါတွင် နက္ခတ် တာရာတို့ စုံလင်စွာထွန်းလင်းတောက်ပလျက်ရှိသည်ကို တွေ့မြင်ကြရသည့် အချိန်အခါဖြစ်သည်။ ဆောင်းကာလသို့ ကူးပြောင်းပြီဖြစ်သည့် အလျောက် မြောက်ပြန်လေနှင့်အတူ နှင်းမြူတို့ကျကာ အအေးဓာတ်က အရပ်မျက်နှာအားလုံးကို လွှမ်းခြုံသည့် အချိန်အခါလည်းဖြစ်သည်။ တောင်သူလယ်သမားတို့အဖို့ မိုးအခါက စိုက်ပျိုးခဲ့သည့် စပါးလယ်ကွင်းတို့ ရင့်မှည့်ပြီဖြစ်ရာ ရိတ်သိမ်းချိန်သို့ကျရောက်သည့် အချိန်အခါဖြစ်ပြီး ရိတ်သိမ်းပြီးစ လယ်ကွက်များတွင် ပဲမျိုးစုံ၊ ဆောင်းသီးနှံတို့ ဆက်လက် စိုက်ပျိုးရန် ပြင်ဆင်ကြသည့်အခါသမယဖြစ်သည်။

ယခုနှစ်သည် စူပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာတစ်ခွင် ရာသီဥတုဖြစ်စဉ်များမှာ ပုံမှန်မဟုတ်သည့် အခြေအနေများဖြစ်ပေါ်နေရာ မြန်မာနိုင်ငံတွင်လည်း အချိန်အခါမဟုတ်သော မိုးရွာသွန်းမှုကြောင့် ဒေသအချို့တွင် သဘာဝဘေးဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့စားနေကြရကြောင်း သတင်းများတွင် တွေ့ရှိရသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ နိုဝင်ဘာလ ၁၄ ရက်နေ့ ထုတ်ပြန်ချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေပြီး နိုင်ငံတစ်ဝန်း နေရာကွက်ကျားမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည့် အခြေအနေတွင် ရှိနေသည်ဟု ဆိုသည်။ အချိန်အခါမဲ့မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့က ရင့်မှည့်နေသည့် စပါးခင်းများအတွက် ပျက်စီးဆုံးရှုံးမှုများ ဖြစ်စေနိုင်ရာ ကြိုတင်ပြင်ဆင်ကာကွယ်မှုများ ပြုလုပ်ရန်လိုသည်။

အချိန်အခါမဟုတ်သော မိုးရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုများကြောင့် စပါးပင်များလဲကျခြင်း၊ အနှံအစေ့များ အစိုဓာတ်လွန်ကဲ၍ ပေါက်ပွားခြင်း၊ မှိုရောဂါကျရောက်ခြင်းနှင့် ဆန်အရည်အသွေးကျဆင်းခြင်းတို့မဖြစ်စေရန် စပါးမရိတ်သိမ်းရသေးသည့် လယ်ကွက်များတွင် မိုးရေများ ဝပ်မနေစေရန်အတွက် ရေထုတ်ခြောင်းများ ချက်ချင်း ဖောက်ပေးရန်လိုသည်။ စပါးပင်များ လဲကျပါက အပင်များ ပုပ်မသွားစေရန်နှင့် စပါးစေ့များ မြေကြီးနှင့်မထိစေရန် နှစ်ပင် သို့မဟုတ် သုံးပင်တွဲ၍ အသာအယာ ချည်နှောင်ထူထောင်ပေးထားသင့်သည်။ မိုးလေဝသ သတိပေးချက်အရ မိုးရွာမည့်အခြေအနေဖြစ်ပေါ်နေပြီး စပါးပင်သည် ရင့်မှည့်ခါနီးဖြစ်ပါက အမိုးအကာအောက်တွင် အခြောက်ခံနိုင်ရန် အပြည့်အဝ မရင့်မှည့်သေးမီ ကြိုတင်ရိတ်သိမ်းရမည်ဖြစ်သည်။ စပါးနှံတစ်နံလုံး ရာနှုန်းပြည့်မှည့်ဝင်းသည်အထိမစောင့်ဘဲ ၈၀ မှ ၈၅ ရာခိုင်နှုန်းခန့် ရင့်မှည့်ချိန် ၊ စပါးအစိုဓာတ် ၂၀ မှ ၂၅ ရာခိုင်နှုန်းခန့်တွင် ရာသီဥတုအခြေအနေကိုချိန်ဆ၍ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် အမြန်ဆုံး ရိတ်သိမ်းရန်လိုသည်။

ကွင်းပြင် သို့မဟုတ် ကောက်လှိုင်းပုံများတွင် ရှိနေသော ရိတ်သိမ်းပြီး စပါးများအတွက် ကောက်လှိုင်းများကို မိုးမစိုစေရန် တာလပတ် သို့မဟုတ် ပလတ်စတစ်များဖြင့် လေဝင်လေထွက်ရှိမည့် ပုံစံဖြင့် လုံခြုံစွာပုံးအုပ်ပေးရန်၊ စပါးတောင်းများ၊ စပါးအိတ်များကို မြေပြင်နှင့် မထိစေဘဲ သစ်သားပြားများ၊ ဝါးကတ်များပေါ်တွင် တင်ထားပေးရန်၊ မိုးရပ်နားသွားချိန်တွင် စပါးများကို နေပူရှိန်ရရှိအောင်ဖြန့်ခင်း၍ အမြန်ဆုံး အခြောက်ခံရန် ပြုလုပ်ဖို့လိုအပ်ပြီး စပါးစေ့ အစိုဓာတ် ၁၄ ရာခိုင်နှုန်းအောက် ရောက်ရှိမှသာ သိုလှောင်သင့်သည်။ ရိတ်သိမ်းပြီး စပါးများကို လယ်ကွက်ထဲတွင် အစိုအတိုင်း ရက်ကြာရှည်စွာပုံထားပါက အပူအောင်းပြီး စပါးအရောင်ပျက်ခြင်း၊ မှိုတက်ခြင်း ဖြစ်တတ်သဖြင့် ချက်ချင်းခြွေလှေ့သင့်သည်ဟု ကျွမ်းကျင်သူများက အကြံပြုထားသည်။

မိုးမိသွားသည့် စပါးများကို အိတ်ထဲတွင် ထည့်ပိတ်မထားဘဲ လေဝင်လေထွက်ကောင်းသော အမိုးအကာအောက်တွင် ခပ်ပါးပါး ဖြန့်ခင်းထားရန်၊ အပူအောင်းပြီး အညှောက်မပေါက်စေရန် နာရီဝက် သို့မဟုတ် တစ်နာရီ တစ်ကြိမ်ခန့် အထက်အောက် မွေနှောက်လှုပ်ပေးရန်၊ နေရောင်ခြည်မရရှိပါက နီးစပ်ရာ ဆန်စက် သို့မဟုတ် စပါးအခြောက်ခံစက်သို့ပို့ဆောင်၍ အစိုဓာတ် ၁၄ ရာခိုင်နှုန်းအောက် ရောက်သည်အထိ အခြောက်ခံခြင်းသည် အထိရောက်ဆုံး နည်းလမ်း ဖြစ်သည်ဟု ဆိုသည်။ ရေရှည်တွင် ရာသီဥတုဖောက်ပြန်မှုနှင့် အချိန်အခါမဲ့မိုးမှ လွတ်ကင်းစေရန် မိမိဒေသ၏ ရာသီဥတုနှင့်ကိုက်ညီသော သက်လျင်မျိုး (ရက် ၉၀- ၁၂၀) သို့မဟုတ် သက်လတ်မျိုး (ရက် ၁၃၅-၁၄၅) တို့ကို ရွေးချယ်၍ စိုက်ချိန်စောစော စိုက်ပျိုးရန် ပြင်ဆင်ကြရေးကိုလည်း အကြံပြုသည်ကို တွေ့ရသည်။

မိုးလေဝသမှန်ကန်သည့် တန်ဆောင်မုန်းလသည် တောင်သူလယ်သမားတို့ ပျော်ရွှင်ချမ်းမြေ့ကြသည့် အချိန်အခါကာလဖြစ်သည်။ မြန်မာတို့ရိုးရာတွင် ကောက်စောစပါးပေါ်ပြီး လယ်တောများတွင် မုန့်ဆန်းထောင်း၍ ပျော်ပျော်ပါးပါးလှုကြတန်းကြ ဝေမျှစားသောက်ကြသည့်အချိန်ဖြစ်သည်။ ယခုနှစ်ကဲ့သို့ ရာသီဥတု ပုံမှန်မဟုတ်သည့် အချိန်အခါတွင်မူ မိုးလေအခြေအနေတို့ကို သတိနှင့်စောင့်ကြည့်ကာ မိမိတို့စိုက်ပျိုးထားသည့် စပါးသီးနှံများ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရေး အတွက် လုံလောခိုရိယစိုက်ကာ ကြိုတင်ပြင်ဆင်ကာကွယ်ကြရပါမည့် အကြောင်း။ ။

မြန်မာ့အလင်း

အဂတိလိုက်စားမှု ကင်းရှင်းစေရေး "1111" ကို ဖြေကြားပေးရန် ပြည်သူသို့ အသိပေးနှိုးဆော်ခြင်း



လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် နိုဝင်ဘာ ၁၄ - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြေ/ရေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

မိုး/၈လ

၁၄ - ၁၁ - ၂၀၂၆ ရက်နေ့ ဈာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ဂရမ်/ ကုဗစင်တီမီတာ နှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်) ၏ ဈေးနှုန်းမှာ ဂုဝ၅၀၀၀ ကျပ် ဖြစ်သည်။ ဈာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၂၇၀	၄၄၂၅	၄၃၀၅	၄၂၈၅	၄၄၃၀	၄၄၄၅	၄၄၈၀	၄၃၇၅	၄၇၂၅	၄၇၀၅	၄၃၀၅	၄၅၁၅	၄၄၇၀	၄၄၂၅	၄၄၃၅	၄၆၆၅
95 Ron	၄၃၁၅	၄၄၇၀	၄၄၂၀	၄၃၃၀	၄၄၇၀	၄၄၈၅	၄၅၂၀	၄၄၀၀	၄၇၆၅	၄၇၉၅	၄၄၂၀	၄၅၆၅	၄၅၇၀	၄၄၇၀	၄၄၈၀	၄၇၁၀
HSD (500 ppm)	၄၃၀၀	၄၄၃၀	၄၄၈၅	၄၃၉၅	၄၅၃၅	၄၅၄၅	၄၅၈၀	၄၄၆၅	-	၄၈၄၅	၄၄၈၅	၅၀၆၅	၄၅၇၀	၄၅၅၀	၄၅၆၀	၄၇၆၀
HSD (50 ppm)	၅၃၁၅	၅၄၇၀	၅၄၂၀	၅၃၃၀	၅၄၇၅	၅၄၉၀	၅၅၂၀	၅၄၀၀	၅၇၇၀	၅၈၀၀	၅၄၂၀	၅၅၆၅	၅၅၁၀	၅၄၇၀	၅၄၈၀	၅၇၁၀
HSD (10 ppm)	၅၃၁၅	၅၄၇၀	၅၄၂၀	၅၃၃၀	၅၄၇၅	၅၄၉၀	၅၅၂၀	၅၄၀၀		၅၈၀၀	၅၄၂၀	၅၅၆၅	၅၅၁၀	၅၄၇၀	၅၄၈၀	၅၇၁၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၀၅၆	၄၁၀၀
95 Ron	၄၀၉၆	၄၂၁၂
HSD (500 ppm)	၄၁၀၆	၄၂၉၀
HSD (50 ppm)	၅၀၆၆	၅၁၉၇
HSD (10 ppm)	၅၀၆၆	၅၁၉၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ခွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာပွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွဲ့ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်- ဒုတိယစာတည်းမှူးချုပ် ဝ၆၇-၃၆၁၄၅၅၊ စာတည်းအဖွဲ့ ဝ၆၇-၃၆၁၄၄၁၊ ဖက်စ် ဝ၆၇-၃၆၁၄၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ဝ၁-၅၄၄၃၁၄၊ မန်နေဂျာ ဝ၁-၅၄၄၃၁၃၊ စီမံ ဝ၁-၅၄၄၃၁၅၊ ဌေးရင်း ဝ၁-၅၄၄၃၁၆၊ ကြော်ငြာ ဝ၁-၅၄၅၈၃၁၊ ဝ၁- ၅၅၉၁၁၈၊ ဝ၆၇-၃၆၁၄၆၊ ဖြန့်ချီရေး ဝ၁-၅၄၄၃၁၇၊ Fax ဝ၁-၅၄၄၃၁၉။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com
MYANMAR Digital News Presented by NPE www.mdn.gov.mm
E-paper





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြစဉ်။



ဆက်ကပ်လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြစဉ်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် စတုဒိသာ တည်ခင်းကျွေးမွေးဧည့်ခံနေမှုအား ကြည့်ရှု၍ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ာ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒိစရိယ၊ ရွှေမော်ဓော စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၊ ဩဝါဒိစရိယ ပဲခူးမြို့၊ မြို့မကျောင်းဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဂန္ဓမာ၊ ရွှေမော်ဓောစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၊ ဩဝါဒိစရိယဆရာတော်ကြီးများဖြစ်ကြသည့် သာသနာ့မဏ္ဍိုင်ကျောင်းတိုက် ပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသိရိန္ဒ၊ ကြခတ်ပိုင်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဥေ ယဓမ္မာ ဘိဝံသတို့အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ ဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဒေါက်တာ စိုးဝင်း၊ ဦးတင်ဦးလွင်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က ရွှေမော်ဓော စေတီတော်မြတ်ကြီး မြောက်ဘက်အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား *စာမျက်နှာ ၄ သို့*

- သုံးလောကထွတ်ထား ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဧောင်းတူမြို့သား မဟာသာလနှင့် စူဠသာလ ကုန်သည်ညီနောင်တို့အား "ဆံတော်နှစ်ဆူ" ကို ပေးသနားတော်မူခဲ့ရာ ကုန်သည်ညီနောင်တို့က သုဒဿနတောင်တော်တွင် ဌာပနာ၍ ဉာဏ်တော် ၇၅ ပေရှိ ရွှေမော်ဓော စေတီတော်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်
- မြန်မာသက္ကရာဇ် ၁၈၇ ခုနှစ်နှင့် ၂၀၂ ခုနှစ်တို့တွင် သမလမင်းက စေတီတော်၏ ဉာဏ်တော်ကို ၈၁ ပေအထိ လည်းကောင်း၊ ဝိမလမင်းက ဉာဏ်တော် ၈၈ ပေအထိ လည်းကောင်း အသီးသီးတိုးမြှင့်တည်ထားပူဇော်ခဲ့
- သက္ကရာဇ် ၃၄၄ ခုနှစ်တွင် အနုရာမမင်းက "သွားတော်မြတ်တစ်ဆူ" ကို စေတီတော်တွင် ထပ်မံ ဌာပနာခဲ့ပြီး သက္ကရာဇ် ၈၅၄ ခုနှစ်တွင် ဗညားရန်က ထီးတော်အသစ်ကို လှူဒါန်း ပူဇော်ခဲ့
- နိုင်ငံတော်အစိုးရအဆက်ဆက်နှင့် ဗုဒ္ဓဘာသာဝင်ပြည်သူလူထုတို့ ညီညွတ်စွာဖြင့် ဉာဏ်တော် ၃၇၃ ပေ ၉ လက်မရှိ စေတီတော်မြတ်ကြီးအား သက္ကရာဇ် ၁၃၁၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃ ရက်နေ့တွင် ထီးတော်အောင်မြင်စွာတင်နိုင်ခဲ့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ပြီးစီး အောင်မြင်ခဲ့သည့် အရှေ့ဘက်အာရုံခံတန်ဆောင်းပုံတော်အား ကြဓတ်ပိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။

စာမျက်နှာ ၃ မှ

မြေသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း အောင်ပွဲအထိမ်းအမှတ် ရေစက်ချကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဦးစွာ "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ပဲခူးမြို့သာသနာ့မဏ္ဍိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဒင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် သံဃာတော်အရှင်သူမြတ်များ ရွတ်ဖွဲ့သရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်အောင်မြင်ခဲ့သည့် သာဟတ္ထိကမြောက်အောင် စီစဉ်ထားသည့် ပုံတော်နှင့်လှူဖွယ်ပစ္စည်းများအား မြို့မကျောင်းဆရာတော်ကြီးထံလည်းကောင်း၊ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးအောင်မြင်ခဲ့သည့် အရှေ့ဘက်အာရုံခံတန်ဆောင်းပုံတော်နှင့် လှူဖွယ်ပစ္စည်းများအား ကြဓတ်ပိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက်တက်ရောက်လာကြသည့်ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဒင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ကြဓတ်ပိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ အနုမောဒနာဘတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ထို့နောက် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူ၍ ဗုဒ္ဓါဘိသေက အနေကဓာတင်လှူပူဇော်ရာတွင် အမှုအဖွဲ့နှင့် မပြည့်စုံခြင်းများ ရှိပါက ခွင့်လွှတ်ပါရန် တောင်းပန်လွှာစာတမ်းကို ဘုရားဒါယကာ၊ ဒါယိကာမများကိုယ်စား အခမ်းအနားမှူးက ဖတ်ကြားလျှောက်ထားတောင်းပန်ပြီး **"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"** သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပြီး တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် စတုဒိသာတည်ခင်းကျွေးမွေးဧည့်ခံနေမှုအား လိုက်လံကြည့်ရှု၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ထားသည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဆွမ်းဆန်စိမ်းလောင်းလှူရန် ပြင်ဆင်ထားရှိမှုအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်ပြီး ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း အောင်ပွဲအထိမ်းအမှတ်အဖြစ် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များသည် သံဃာတော်အပါး ၉၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြသည်။

သမိုင်းကြောင်းများအရ သုံးလောကထွတ်ထား ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဧောင်းတူမြို့သား မဟာသာလနှင့် စူဠသာလ ကုန်သည်ညီနောင်တို့အား "ဆံတော် နှစ်ဆူ" ကို ပေးသနားတော်မူခဲ့ရာ ကုန်သည်ညီနောင်တို့က သုဒဿနတောင်တော်တွင် ဌာပနာ၍ ဉာဏ်တော် ၇၅ ပေရှိ ရွှေမော်ဓောစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာသက္ကရာဇ် ၁၈၇ ခုနှစ်နှင့် ၂၀၂ ခုနှစ်တို့တွင် သမလမင်းက စေတီတော်၏ ဉာဏ်တော်ကို ၈၁ ပေ အထိ လည်းကောင်း၊ ဝိမလမင်းက ဉာဏ်တော် ၈၈ ပေ အထိလည်းကောင်း အသီးသီးတိုးမြှင့်တည်ထားပူဇော်ခဲ့ကြကြောင်း၊ သက္ကရာဇ် ၃၄၄ ခုနှစ်တွင် အနုရာမမင်းက "သွားတော်မြတ်တစ်ဆူ"ကို စေတီတော်တွင် ထပ်မံဌာပနာခဲ့ပြီး သက္ကရာဇ် ၈၅၄ ခုနှစ်တွင် ဗညားရန်က ထီးတော်အသစ်ကို လှူဒါန်းပူဇော်ခဲ့ကြောင်း၊ သက္ကရာဇ် ၁၂၇၄ ခုနှစ်၊ ၁၂၇၉ ခုနှစ်နှင့် ၁၂၉၂ ခုနှစ်များတွင် ပဲခူးနယ်တစ်ဝိုက်၌ လှူပ်ခတ်ခဲ့သည့် ငလျင်များကြောင့် စေတီတော်ကြီးသည် အောက်ခြေပထမ ပစ္စယ် အထိ အကြီးအကျယ်ပျက်စီးခဲ့ပြီး ၁၂၇၉ ခုနှစ် ငလျင်ကြောင့် မြေခဲ့သည့် ၄ က်ပျောဖူးပုံတော်ကို စေတီတော်ကြီး၏ အောက်ခြေတနင်္ဂနွေထောင့်တွင် ယနေ့တိုင် ဖူးတွေ့နိုင်ကြောင်း၊ ထို့နောက် နိုင်ငံတော်အစိုးရအဆက်ဆက်နှင့် ဗုဒ္ဓဘာသာဝင် ပြည်သူလူထုတို့ ညီညွတ်စွာဖြင့် ဉာဏ်တော် ၃၇၃ ပေ ၉ လက်မ ရှိ စေတီတော်မြတ်ကြီးအား သက္ကရာဇ် ၁၃၁၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃ ရက်နေ့တွင် ထီးတော်အောင်မြင်စွာတင်နိုင်ခဲ့ပြီး ခေတ်အဆက်ဆက်တွင် စေတီတော်မြတ်ကြီးကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အနေဖြင့် စေတီတော်မြတ်ကြီးသို့ ရောက်ရှိဖူးမြော်ကြည်ညိုစဉ် စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူပြည်သူများစိတ်အေးချမ်းသာစွာဖြင့် လှည့်လည်ဖူးမြော်ကြည်ညို နိုင်ရေး ရင်ပြင်တော်အပြည့် နေပူခံစကျင် ကျောက်ပြားများ ခင်းကျင်းလှူဒါန်းနိုင်ရေး ဦးဆောင် လှူဒါန်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်သမ္မတကြီးနှင့်ဇနီး ဦးဆောင်၍ ရဟန်းရှင်လူပြည်သူများ၊ ခုနစ်ရက်သားသမီးအလှူရှင် ဘုရားဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူဒါန်းမှုဖြင့် ရွှေမော်ဓော စေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းနှင့် ရင်ပြင်တော်ပေါ်ရှိ အရှေ့ဘက်အာရုံခံတန်ဆောင်းတော်ကြီး ပြန်လည် မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်းများ အောင်မြင်ပြီးမြောက်ခဲ့ပြီဖြစ်သောကြောင့် ယနေ့တွင် ရေစက်ချကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မြို့မကျောင်းဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြစဉ်။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်စိုပိုင်နိုင်ငံ၌ ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံအမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်များအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၄

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗိုလ်စိုပိုင်နိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် မစ္စတာ အက်ဒွါဒို ဆန် လိုရန်ဇို အိုဘန် ဂျူနီယာ၏ ဖိတ်ကြားချက်အရ ဒုတိယအကြိမ် အာဆီယံအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ အစည်းအဝေးသို့ တက်ရောက်ရန် နိုဝင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ဗိုလ်စိုပိုင်နိုင်ငံ မနီလာမြို့သို့ သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မနီလာမြို့ Marriott Hotel ၌ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် အာဆီယံအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များအစည်းအဝေးသို့ တက်ရောက်ခဲ့ရာ အစည်းအဝေးတွင် သဘာပတိဖြစ်သူ ဗိုလ်စိုပိုင်နိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်က အမှာစကားပြောကြားခဲ့သည်။



အစည်းအဝေး၌ နိုင်ငံအလိုက် အလှည့်ကျ ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးသည် ဒေသတွင်း လုံခြုံရေးနယ်ပယ်ဆိုင်ရာ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများ၊ မဟာဗျူဟာမြောက် ပြိုင်ဆိုင်မှုများအကြား ဖြစ်ပေါ်လာနိုင်သည့် ဒေသတွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ ဆိုင်ရာခြိမ်းခြောက်မှုများ၊ ဆိုက်ဘာခြိမ်းခြောက်မှုများ၊ ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်၍ ဖြစ်ပေါ်လာသည့် သက်ရောက်မှုများအပေါ် ကာကွယ်/ကုစားရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် နောင်ကျင်းပမည့် အစည်းအဝေးဆိုင်ရာကိစ္စရပ်များ အပေါ် အာဆီယံနိုင်ငံများမှ တက်ရောက်လာကြသည့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များနှင့်အတူ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။**(အပေါ်ပုံ)**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မနီလာမြို့ Marriott Hotel ၌ အိမ်ရှင်ဗိုလ်စိုပိုင်နိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၂ ရက်တွင် ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဝရန္တတ် ခုံမှမ့်နှင့် လည်းကောင်း၊ ဗိုလ်စိုပိုင်နိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာ အက်ဒွါဒို ဆန် လိုရန်ဇို အိုဘန် ဂျူနီယာနှင့် လည်းကောင်း တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ သတင်းအချက်အလက်အပြန်အလှန် မျှဝေရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအပါအဝင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ဗိုလ်စိုပိုင်နိုင်ငံ မနီလာမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❖ *ရွှေဖုံးမှ*'

ပွဲတော်သို့ ချင်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်၊ ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ထွေး၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ချင်းရိုးရာနှစ်သစ်ကူးပွဲတော်ကို ဆုတောင်းခြင်းဖြင့် စတင်ကြပြီး ပြည်နယ်လွတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက နှစ်သစ်ကူးအမှာစကားပြောကြားသည်။

ဆုများချီးမြှင့်


ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖလမ်းမြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၏ တိုးတက်မှုများနှင့်အတူ ယခုကဲ့သို့ ရိုးရာပွဲတော်ကို စည်စည်ကားကား ကျင်းပနိုင်ခြင်းမှာ အားလုံး၏ စည်းလုံးညီညွတ်စွာ ကြိုးပမ်းခဲ့မှု၏ အသီးအပွင့်ဖြစ်ပါကြောင်း ပြောကြားပြီး ချင်းရိုးရာ နှစ်သစ်ကူးပွဲအထိမ်းအမှတ် အားကစားပြိုင်ပွဲတွင် ဆုရရှိသည့်အားကစားအသင်းများအား ဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ရိုးရာအကနှင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ပြည်နယ် လွတ်တော်ဥက္ကဋ္ဌနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ပွဲတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ချင်းရိုးရာ နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် စာပေပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၂ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ပြီး ပွဲတော်နေ့ဖြစ်သည့် နိုဝင်ဘာ ၁၄ ရက်တွင် ရိုးရာအကနှင့် ရိုးရာဝတ်စုံ ဝတ်စားဆင်ယင်ခြင်းပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကျင်းပကြကာ ပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများသို့ ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ လာရောက်ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ကြန်ဘိခ်လမ်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးအဆောက်အအုံနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ RC နှစ်ထပ် ရာနှန်းပြည့် ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဘဏ်အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် အိမ်ရာများတွင် ဝန်ထမ်းမိသားစုများ နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



■ *ရွှေဖုံးမှ*

မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့မွန်းလွဲပိုင်းမှ နိုဝင်ဘာ ၁၇ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းများကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနှစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



အိမ်တွင်းသုံးရေ ချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေး၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်း များ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန် ပြုပြင်ပါ။



သုံးရေ ချွေတာသုံးစွဲရေး

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကို စုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါ။

လူမှုစီးပွားဖွံ့ဖြိုးဖို့ အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်း ဖြေဆိုကြပါစို့

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုဘဝအခြေအနေကို မှန်ကန်စွာ သိရှိအကဲဖြတ်နိုင်ရန် ယုံကြည်စိတ်ချရသော စာရင်းအင်းအချက်အလက်များ လိုအပ်ပါသည်။ ထိုသို့သော အချက်အလက်များ ရရှိစေရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များအနက် အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်းကောက်ယူခြင်းသည် အရေးပါသော စာရင်းအင်းလုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။

သန်းတော်(ဗဟိုစာရင်းအင်းအဖွဲ့)

အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်းသည် အိမ်ထောင်စုတစ်စုချင်းစီ၏ ဝင်ငွေရရှိမှု၊ သုံးစွဲမှုနှင့် လူနေမှုအခြေအနေများကို ကောက်ယူခြင်းဖြစ်သောကြောင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကို မှန်ကန်စွာ အကဲဖြတ်နိုင်ရန်အတွက် ပြည်သူများ၏ လူနေမှုအဆင့်အတန်း၊ ဝင်ငွေအခြေအနေနှင့် အသုံးစရိတ်ပုံစံများကို သိရှိနိုင်ရန် အထောက်အပံ့ပြုပါသည်။ စစ်တမ်းအချက်အလက်များသည် နိုင်ငံတော်၏စီးပွားရေးမူဝါဒများ ချမှတ်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်ရာတွင် အရေးပါသော အခြေခံအချက်အလက်များ ဖြစ်ပါသည်။

ပြည်သူများ၏ လိုအပ်ချက်ကို သိရှိနိုင်

အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်း ကောက်ယူခြင်းဖြင့် အိမ်ထောင်စုများ၏ ဝင်ငွေနှင့် အသုံးစရိတ်အခြေအနေ၊ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားရေးဆိုင်ရာ အခြေအနေများကို သိရှိနိုင်ပါသည်။ ထို့အတူ အိမ်ထောင်စုတစ်စုချင်းစီ၏ ဝင်ငွေရရှိသည့် ရင်းမြစ်များ၊ အစားအသောက်၊ အဝတ်အထည်၊ နေထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလိုအပ်ချက်များအတွက် သုံးစွဲသည့်ပမာဏတို့ကို စနစ်တကျ ကောက်ယူလေ့လာခြင်းကြောင့် ပြည်သူများ၏ လိုအပ်ချက်များကို သိရှိနိုင်ပါသည်။

> **“ အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်းကောက်ယူခြင်းဖြင့် အိမ်ထောင်စုများ၏ ဝင်ငွေနှင့် အသုံးစရိတ်အခြေအနေ၊ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားရေးဆိုင်ရာ အခြေအနေများကို သိရှိနိုင်ပါသည်။ ထို့အတူ အိမ်ထောင်စုတစ်စုချင်းစီ၏ ဝင်ငွေရရှိသည့် ရင်းမြစ်များ၊ အစားအသောက်၊ အဝတ်အထည်၊ နေထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလိုအပ်ချက်များအတွက် သုံးစွဲသည့်ပမာဏတို့ကို စနစ်တကျ ကောက်ယူလေ့လာခြင်းကြောင့် ပြည်သူများ၏ လိုအပ်ချက်များကို သိရှိနိုင် ”**

ထို့အပြင် စစ်တမ်းမှ ရရှိသော အချက်အလက်များကို အသုံးပြု၍ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ ဝင်ငွေမညီမျှမှု၊ လူနေမှုစရိတ်နှင့် စားသုံးမှုပုံစံများကို လေ့လာအကဲဖြတ်နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် သင့်လျော်သော မူဝါဒများ ချမှတ်နိုင်ပါသည်။

စစ်တမ်းအကျိုးကျေးဇူးများ

၁။ အိမ်ထောင်စုများ၏ လူနေမှုအဆင့်အတန်းကို သိရှိနိုင်ခြင်း

စစ်တမ်းကောက်ယူခြင်းဖြင့် အိမ်ထောင်စုများ၏ ဝင်ငွေရရှိမှု၊ အခြေခံစားသောက်ကုန်များအပေါ် သုံးစွဲမှု၊ နေထိုင်ရေးနှင့် အခြားလိုအပ်ချက်များအတွက် ကုန်ကျစရိတ်များကို သိရှိနိုင်ပါသည်။ ယင်းအချက်အလက်များမှတစ်ဆင့် အိမ်ထောင်စုများ၏ လူနေမှုအဆင့်အတန်းကို သိရှိနိုင်ပြီး လူမှုစီးပွားဘဝတိုးတက်ရေးအတွက် လိုအပ်သောအစီအမံများကို ဖော်ထုတ်နိုင်ပါသည်။

၂။ ဝင်ငွေမညီမျှမှုကို လေ့လာနိုင်ခြင်း

အိမ်ထောင်စုများအကြား ဝင်ငွေရရှိမှု ကွာဟချက်များကို လေ့လာခြင်းဖြင့် ဝင်ငွေမညီမျှမှုအခြေအနေကို သိရှိနိုင်ပါသည်။ ယင်းမှတစ်ဆင့် ဝင်ငွေနည်းပါးသော အိမ်ထောင်စုများနှင့် အခြားအုပ်စုများအကြား ကွာဟချက်များကို လျော့ချရန် လိုအပ်သော လူမှုစီးပွားရေးဆိုင်ရာ အစီအမံများကို ရေးဆွဲနိုင်ပါသည်။ ထို့ကြောင့် လူမှုဘဝတန်းတူညီမျှမှု တိုးတက်လာစေရန် အထောက်အကူပြုပါသည်။

၃။ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုခြင်း

အိမ်ထောင်စုများက ပညာရေးနှင့် ကျန်းမာရေးအတွက် မည်မျှ သုံးစွဲနေကြသည်ကို သိရှိခြင်းအားဖြင့် အဆိုပါကဏ္ဍများတွင် ပြည်သူများ ကြုံတွေ့နေရသော အခက်အခဲများကို ဖော်ထုတ်နိုင်ပါသည်။ ဥပမာအားဖြင့် ပညာရေးစရိတ်ကြောင့် ကျောင်းတက်ရန် အခက်အခဲရှိသည့် အိမ်ထောင်စုများ သို့မဟုတ် ကျန်းမာရေးကုန်ကျစရိတ်ကြောင့် လိုအပ်သော ဆေးကုသမှုကို မရရှိနိုင်သည့် အိမ်ထောင်စုများ၏ အခြေအနေကို လေ့လာနိုင်ပါသည်။ ထိုအချက်အလက်များသည် ပညာသင်ထောက်ပံ့ကြေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ချမှတ်ရာတွင် အသုံးဝင်ပါသည်။

၄။ အစားအသောက်နှင့် အာဟာရအခြေအနေကို လေ့လာနိုင်ခြင်း

အိမ်ထောင်စုများ၏ အစားအသောက် စားသုံးမှုပုံစံနှင့် အစားအသောက်အတွက် သုံးစွဲသည့် ငွေကြေးပမာဏတို့ကို လေ့လာခြင်းဖြင့် အာဟာရပြည့်ဝသော အစားအစာများ ရရှိနိုင်မှုအခြေအနေကို နားလည်နိုင်ပါသည်။ ထို့အပြင် ဝင်ငွေနည်းပါးမှုကြောင့် အစားအသောက် လိုအပ်ချက်များကို လုံလောက်စွာ မဖြည့်ဆည်းနိုင်သည့် အိမ်ထောင်စုများကို ဖော်ထုတ်နိုင်သဖြင့် အာဟာရမြှင့်တင်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအစီအစဉ်များ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေပါသည်။

၅။ ကုန်ဈေးနှုန်းနှင့် ငွေကြေးဖောင်းပွမှုကို လေ့လာနိုင်ခြင်း

အိမ်ထောင်စုများ၏ အသုံးစရိတ်ပုံစံကို သိရှိခြင်းသည် ကုန်ဈေးနှုန်းအပြောင်းအလဲများနှင့် ငွေကြေးဖောင်းပွမှု၏ သက်ရောက်မှုများကို လေ့လာရာတွင် အရေးပါပါသည်။ အထူးသဖြင့် အိမ်ထောင်စုများ၏ အသုံးစရိတ်တွင် အစားအသောက်၊ အိမ်ငှား၊ ခ၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးစရိတ် စသည်တို့ ပါဝင်မှုကို သိရှိနိုင်ခြင်းကြောင့် လူနေမှုစရိတ်အပြောင်းအလဲများကို ပိုမိုနားလည်နိုင်ပါသည်။ ထို့အပြင် စားသုံးသူဈေးနှုန်း (Consumer Price Index- CPI) တွက်ချက်ရာတွင်လည်း စစ်တမ်းမှရရှိသော အသုံးစရိတ်ဆိုင်ရာ အချက်အလက်များကို အသုံးပြုနိုင်ပါသည်။ စားသုံးမှုပုံစံနှင့် အသုံးစရိတ်အချိုးအစားများကို လေ့လာခြင်းဖြင့် ဈေးနှုန်းညွှန်းကိန်းတွက်ချက်ရာတွင် အသုံးပြုမည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ အရေးပါမှုကို သတ်မှတ်နိုင်ပါသည်။ ထိုမှတစ်ဆင့် ကုန်ဈေးနှုန်းပြောင်းလဲမှုနှင့် ငွေကြေးဖောင်းပွမှုတို့၏ သက်ရောက်မှုကို လေ့လာနိုင်ပါသည်။

၆။ အချိန်ကာလအလိုက် လူမှုစီးပွားအခြေအနေကို နှိုင်းယှဉ်လေ့လာနိုင်ခြင်း

စစ်တမ်းကို သတ်မှတ်ထားသော အချိန်ကာလများတွင် ပုံမှန်ကောက်ယူပါက အိမ်ထောင်စုများ၏ ဝင်ငွေ၊ အသုံးစရိတ်နှင့် လူနေမှုအဆင့်အတန်းတို့ ပြောင်းလဲလာပုံကို နှိုင်းယှဉ်လေ့လာနိုင်ပါသည်။ ယင်းမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးသက်ရောက်မှု၊ ကုန်ဈေးနှုန်းမြင့်တက်မှု၏ သက်ရောက်မှုနှင့် အစိုးရ၏ မူဝါဒများကြောင့် ဖြစ်ပေါ်လာသော အပြောင်းအလဲများကို အကဲဖြတ်နိုင်ပါသည်။

၇။ ဆင်းရဲနွမ်းပါးမှုအခြေအနေကို အကဲဖြတ်နိုင်ခြင်း

အိမ်ထောင်စုများ၏ ဝင်ငွေနှင့် အသုံးစရိတ်အချက်အလက်များကို လေ့လာခြင်းအားဖြင့် ဆင်းရဲနွမ်းပါးမှုအခြေအနေကို အကဲဖြတ်နိုင်ပါသည်။ အထူးသဖြင့် အခြေခံစားဝတ်နေရေးအတွက် လုံလောက်သော ဝင်ငွေမရှိသည့် အိမ်ထောင်စုများကို ဖော်ထုတ်သိရှိနိုင်သဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေးအစီအစဉ်များကို ထိရောက်စွာ ရေးဆွဲအကောင်အထည်ဖော်နိုင်ပါသည်။

၈။ စားသုံးမှုပုံစံများနှင့် ဈေးကွက်လိုအပ်ချက်များကို သိရှိနိုင်ခြင်း

အိမ်ထောင်စုများ၏ စားသုံးမှုပုံစံများကို လေ့လာခြင်းဖြင့် ပြည်သူများ၏ လိုအပ်ချက်နှင့် ဝယ်ယူသုံးစွဲမှုအလေ့အထများကို သိရှိနိုင်ပါသည်။ ယင်းအချက်အလက်များသည် စီးပွားရေးလုပ်ငန်းများအတွက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဝန်ဆောင်မှုများစီစဉ်ပေးမှုနှင့် ဈေးကွက်လိုအပ်ချက်ခန့်မှန်းမှုတို့တွင် အထောက်အကူဖြစ်စေပါသည်။ ထို့အပြင် ပြည်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ ပံ့ပိုးနိုင်ရန်လည်း အထောက်အကူပြုပါသည်။

၉။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ ချမှတ်ရာတွင် အထောက်အကူပြုခြင်း

အိမ်ထောင်စုဝင်ငွေနှင့် အသုံးစရိတ်စစ်တမ်းမှ ရရှိသော အချက်အလက်များသည် ဘဏ္ဍာရေးဆွဲခြင်း၊ လူမှုဖူလုံရေးအစီအစဉ်များ ချမှတ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်း၊ ပြည်သူများ၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲခြင်းနှင့် ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်းတို့အတွက် အထောက်အကူပြုပါသည်။

၁၀။ ဖွံ့ဖြိုးရေးစီမံကိန်းများကို ထိရောက်စွာ ရေးဆွဲနိုင်ခြင်း

ဒေသအလိုက် အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုပုံစံများ ကွာခြားနိုင်ပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသများ၊ ဝင်ငွေအုပ်စုအမျိုးမျိုးနှင့် လူမှုစီးပွားရေးအခြေအနေ မတူညီသော အိမ်ထောင်စုများ၏ အချက်အလက်များကို လေ့လာခြင်းဖြင့် ဒေသတစ်ခုချင်းစီ၏ လိုအပ်ချက်များကို ဖော်ထုတ်နိုင်ပါသည်။ ထို့ကြောင့် အခြေခံအဆောက်အအုံ၊ အလုပ်အကိုင် ဖန်တီးရေး၊ လူမှုဝန်ဆောင်မှုနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ပိုမိုသင့်လျော်စွာ ရေးဆွဲနိုင်ပါသည်။

၁၁။ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ၏ စီမံကိန်းရေးဆွဲမှုကို အထောက်အကူပြုခြင်း

စစ်တမ်းမှရရှိသော အချက်အလက်များသည် အစိုးရဌာနများ၊ သုတေသနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများအတွက်လည်း အသုံးဝင်ပါသည်။ ပြည်သူများ၏ ဝယ်ယူသုံးစွဲမှုပုံစံ၊ လိုအပ်ချက်နှင့် ဈေးကွက်အခြေအနေတို့ကို နားလည်နိုင်သဖြင့် သင့်လျော်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ စီစဉ်ပေးနိုင်ပါသည်။ ထို့အပြင် ဒေသအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ရာတွင်လည်း အထောက်အကူဖြစ်စေပါသည်။

စစ်တမ်းကောက်ယူရာတွင် လိုက်နာသင့်သည့်အချက်များ

စစ်တမ်းကောက်ယူသူများနှင့် ဖြေဆိုသူများသည် မိမိတို့၏တာဝန်များကို နားလည်ပြီး ပူးပေါင်းဆောင်ရွက်ရန်နှင့် စစ်တမ်းမှ ယုံကြည်စိတ်ချရသောအချက်အလက်များ ရရှိစေရန် အောက်ပါအချက်များကို အလေးထား လိုက်နာသင့်ပါသည်။

- **မှန်ကန်တိကျစွာ ဖြေဆိုခြင်း။** အိမ်ထောင်စုဝင်ငွေနှင့် အသုံးစရိတ်များကို မိမိတို့၏ အမှန်အခြေအနေအတိုင်း ဖြေဆိုသင့်ပါသည်။
- **ရည်ရွယ်ချက်ကိုနားလည်ခြင်း။** စစ်တမ်းသည် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် အထောက်အကူပြုရန် ကောက်ယူခြင်းဖြစ်ကြောင်း နားလည်ထားသင့်ပါသည်။
- **ဘက်မလိုက်ဘဲကောက်ယူခြင်း။** စစ်တမ်းကောက်ယူသူများသည် မိမိတို့၏ ကိုယ်ပိုင်အမြင်များကို မထည့်သွင်းဘဲ သတ်မှတ်ထားသော မေးခွန်းများနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သင့်ပါသည်။
- **အချက်အလက်များကို စနစ်တကျ စီစစ်ခြင်း။** ကောက်ယူရရှိသော အချက်အလက်များကို စနစ်တကျစစ်ဆေးအတည်ပြုခြင်းဖြင့် မှားယွင်းမှုများကို လျော့ချနိုင်ပါသည်။
- **အချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းခြင်း။** စစ်တမ်းမှရရှိသော ကိုယ်ရေးအချက်အလက်များကို သတ်မှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ လုံခြုံစွာ ထိန်းသိမ်းသင့်ပါသည်။

အထောက်အကူပြု

အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှု စစ်တမ်းကောက်ယူခြင်းသည် အိမ်ထောင်စုများ၏ လူနေမှုအဆင့်အတန်းကို သိရှိနိုင်ရုံသာမက ဆင်းရဲနွမ်းပါးမှု၊ ဝင်ငွေမညီမျှမှု၊ လူနေမှုစရိတ်နှင့် လူမှုစီးပွားရေးဆိုင်ရာ အခြေအနေများကို လေ့လာအကဲဖြတ်နိုင်သည့် အရေးပါသော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ စစ်တမ်းမှရရှိသော အချက်အလက်များသည် နိုင်ငံတော်၏မူဝါဒများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများကို အထောက်အထား အခြေပြု ရေးဆွဲဆောင်ရွက်နိုင်ပြီး ပြည်သူများ၏ လူနေမှုဘဝတိုးတက်ကောင်းမွန်ရေးအတွက် အထောက်အကူပြုပါသည်။

ထို့ကြောင့် အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်းကို အောင်မြင်စွာ ကောက်ယူနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ စစ်တမ်းကောက်ယူသူများနှင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ တိကျမှန်ကန်သော စာရင်းအင်းအချက်အလက်များသည် ထိရောက်သော မူဝါဒများနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့၏ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

တိုင်းရင်းသားလူမျိုးများအချင်းချင်း ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ အပြန်အလှန်သိရှိနားလည်ပြီး ပိုမိုချစ်ကြည်စည်းလုံးလာစေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးအခြေစိုက် တိုင်းရင်းသားများ၏ လေ့လာရေးခရီးစဉ်နှင့် နှစ်သစ်ကူးကောက်သစ် ညစာစားပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

တိုင်းရင်းသားလူမျိုးများအချင်းချင်း ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ အပြန်အလှန် သိရှိနားလည်ပြီး ပိုမိုချစ်ကြည်စည်းလုံးလာစေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးအခြေစိုက် တိုင်းရင်းသားများ၏ လေ့လာရေးခရီးစဉ် နှင့် နှစ်သစ်ကူးကောက်သစ် ညစာစားပွဲကို ရန်ကုန်မြို့၌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန နှင့် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လေ့လာရေးခရီးစဉ် သွားကြမည့် ရန်ကုန်တိုင်းဒေသကြီး အခြေစိုက် တိုင်းရင်းသား လူငယ်မောင်မယ်များကို တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးတို့က ယနေ့နံနက်ပိုင်းတွင် သွားရောက်တွေ့ဆုံပြီး ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ယနေ့တွင် ရန်ကုန်တိုင်း



ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ပွဲမျိုးကျင်းပဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများ အနေဖြင့် မိမိတို့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ထုတ်ခွင့်ရရှိပြီး အခြားတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိနိုင်မည်ဖြစ်ကာ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာလာစေ၍ တိုင်းရင်းသားများအချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်အတွက် အလွန်အရေးပါသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ တည်ဆောက်ရာတွင် တိုင်းရင်းသား သွေးချင်းညီနောင်များအားလုံး လက်တွဲတည်ဆောက်မှသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယခု နှီးနှောဖလှယ်ပွဲမှရရှိလာမည့် ချစ်ကြည်ရင်းနှီးမှုများကို အခြေခံပြီး နိုင်ငံတော်က ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ တိုင်းပြည်စည်ပင်သာယာဝပြောရေးနှင့် စားရေ ရိက္ခာဖူလုံရေး စသည့်လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး စောဂျက်ကော့ထူးက တိုင်းရင်းသားများ၏ လေ့လာရေးခရီးစဉ်နှင့် နှစ်သစ်ကူး ကောက်သစ်ညစာစားပွဲ အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)နှင့် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) တို့မှ တိုင်းရင်းသား/ တိုင်းရင်းသူများက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အမျိုးသားပြတိုက် (ရန်ကုန်)သို့ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

ရန်ကုန် နိုဝင်ဘာ ၁၄

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀ သည် အမျိုးသားပြတိုက် (ရန်ကုန်)သို့ သွားရောက်လေ့လာကြရာ ပြတိုက်အတွင်း ပြသထားသော သမိုင်းဆိုင်ရာပြခန်းများ၊ ယဉ်ကျေးမှုအမွေအနှစ်ပြခန်းများ၊ မြန်မာ့တူရိယာအမွေအနှစ် ပြခန်းများ၊ ပန်းချီပြခန်းများ၊ သိပ္ပံသဘာဝလွှင့်ပြခန်း၊ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ ရတနာပုံခေတ် ပြခန်း၊ သမိုင်းပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာ့ရှေးဟောင်း အဆင်တန်ဆာရတနာပြခန်း၊ မြန်မာ့ပန်းချီပြခန်း၊ တိုင်းရင်းသား ယဉ်ကျေးမှုပြခန်း၊ ဗုဒ္ဓအနုပညာပြခန်းနှင့် အာဆီယံပြခန်း စသည်တို့ကို လှည့်လည်ကြည့်ရှုကြရာ ပြတိုက်တာဝန်ရှိသူများက ပြတိုက်၏သမိုင်းနှင့် ပြခန်းအကြောင်းများ ရှင်းလင်းပြောကြားပေးကြပြီး ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှု မှတ်သားကြသည်။

အမျိုးသားပြတိုက် (ရန်ကုန်)ကို အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် တနလ်းနေ့နှင့် အစိုးရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄နာရီခွဲ အထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



* ***ရှေ့ဖုံးမှ***

တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေး လျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပဒ္ဓသီရိမြို့နယ်ရှိ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ်ရှိ Wisdom Villa (ကိုယ်ပိုင်အလယ်တန်းကျောင်း)၊ PLANNER (ကိုယ်ပိုင်အလယ်တန်းကျောင်း)၊ မိုး(ကိုယ်ပိုင်အလယ်တန်းကျောင်း)တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်း ပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော် (ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက် ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုပုံများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက်ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မှန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကိုမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သတင်းစဉ်

မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏။

နေ့အပူချိန်မြင့်မားခဲ့သော ဒဂန်းများ၏ ၁၄-၁၁-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ	အမြင့်ဆုံး အပူချိန် ဒီဂရီ ဆဲလ်စီးယပ်	အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	ထားဝယ်မြို့	၃၇.၃	၉၉.၁
၂။	ကျိုက္ခမီမြို့	၃၅.၂	၉၅.၄
၃။	ပဲခူးမြို့	၃၄.၂	၉၃.၆
၄။	ဖျာပုံမြို့	၃၄.၂	၉၃.၆
၅။	ဘီးလင်းမြို့	၃၄.၂	၉၃.၆
၆။	ရွှေကျင်မြို့	၃၄.၀	၉၃.၂
၇။	မြိတ်မြို့	၃၄.၀	၉၃.၂
၈။	ဘားအံမြို့	၃၄.၀	၉၃.၂
၉။	မော်လမြိုင်မြို့	၃၄.၀	၉၃.၂
၁၀။	မုဒုံမြို့	၃၄.၀	၉၃.၂
၁၁။	မြောင်းမြမြို့	၃၃.၈	၉၂.၈

ချမ်းအေးသာစံမြို့နယ်ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ အသက် ၁၈ နှစ်နှင့်အထက် အမျိုးသမီး ၄၀ လက်ခံစောင့်ရှောက်ထားရှိ

မန္တလေး နိုဝင်ဘာ ၁၄

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ အသက် ၁၈ နှစ်နှင့်အထက် အမျိုးသမီး ၄၀ လက်ခံစောင့်ရှောက်လျက်ရှိပြီး ၎င်းတို့၏ အခြေခံလိုအပ်ချက်များ အား ဖြည့်ဆည်းပေးခြင်း၊ အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် ပုံပြိုးဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေး ခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊ စိတ်ပိုင်း ဆိုင်ရာပံ့ပိုးပေးခြင်း၊ မိဘအုပ်ထိန်းသူထံ ပြန်လည် အပ်နှံပေးခြင်းနှင့် ရပ်ရွာအတွင်း ဂုဏ်သိက္ခာရှိစွာ ပြန်လည်ရပ်တည်ပေးနိုင်ရေးတို့ကို ဆောင်ရွက် ထားရှိကြောင်း သိရသည်။

အဆိုပါအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စင်တာသို့ ယနေ့နံနက်ပိုင်းက အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇေ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် သင်တန်းသူများ၏ ဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာများ၊ ကျန်းမာ ရေးဆိုင်ရာဗဟုသုတများ စသည့် သက်ဆိုင်ရာကဏ္ဍ များအလိုက် ပညာရှင်များဖိတ်ခေါ်ကာ အသိပညာ ပေးဆောင်ရွက်ခြင်း၊ တစ်ဦးချင်း၏ အမူအကျင့် ကောင်းများရရှိစေရန် လေ့ကျင့်သင်ကြားပေး ခြင်းတို့သာမက လိုက်နာကျင့်သုံးတတ်စေရန် လည်း ကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စင်တာအနေဖြင့် လက်ခံစောင့်ရှောက်ထားသည့် အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်း သင်တန်းများ အဆင့်မြှင့်တင်ရေး၊ ခေတ်နှင့်လျော်ညီ သည့် ဝင်ငွေရအသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးရေး၊ သင်တန်းပြီးဆုံးသည်မှတစ်ဆင့် အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်ပစ္စည်း များထုတ်လုပ်နိုင်ရေး၊ ဈေးကွက်ရှာဖွေနိုင်ရေး၊



ကျွမ်းကျင်သင်တန်းသူများ မွေးထုတ်ရေးတို့ကို ပြည်ထောင်စုဝန်ကြီးက မှာကြားပြီး စင်တာရှိ ကျောင်းသူများ အတွက်ငွေကျပ် ၁၀ သိန်း ပေးအပ် လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမျိုး သမီးများဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ် သည့် စက်ချုပ်သင်တန်း၊ ကုန်ချောထုတ်လုပ်မှု လုပ်ငန်း၊ ဆံပင်ညှပ် / မိတ်ကပ်အလှပြင်သင်တန်းနှင့် ခရေရိပ်အလှပြင်ဆိုင်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။

ချမ်းမြေမောင်(ပြန်/ဆက်)

တံတားဦးမြို့နယ်၌ အခြေခံပညာ ကျောင်းသားကျောင်းသူများ ပန်းချီ၊ ကာတွန်း၊ ပိုစတာ ယှဉ်ပြိုင်

တံတားဦး နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းမှ အထက်တန်းအဆင့် အသုံးချလေ့လာ အာကာသ နည်းပညာ ခေါင်းစဉ်ဖြင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ယမန် နေ့က အခြေခံပညာအထက်တန်း ကျောင်း၌ကျင်းပရာ မူလတန်း အဆင့် အာကာသအိပ်မက် ခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲတွင် ၅၃ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၎င်းဦး၊ ပိုစတာပြိုင်ပွဲတွင် ခုနစ်ဦး၊ အလယ်တန်းအဆင့်တွင် “လူသားနှင့် အနာဂတ် အာကာသခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲတွင် ၅၃ ဦး၊ ကာတွန်း ပြိုင်ပွဲတွင် ခြောက်ဦး၊ ပိုစတာ ပြိုင်ပွဲတွင် လေးဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ အထက်တန်းအဆင့် အသုံးချလေ့လာ အာကာသ နည်းပညာ ခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲတွင် ၀၎ရောက်ယှဉ်ပြိုင်သူ ၁၅ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ခုနစ်ဦး၊ ပိုစတာပြိုင်ပွဲတွင် ခုနစ်ဦးပါဝင် ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအသီးသီးတွင် ထူးချွန်ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးအဆင့် သို့ ဆက်လက်ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲသို့ တံတားဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။ **ရဲတင့်(ပြန်/ဆက်)**

နေရာကွက်ကျား မိုးထစ်ချန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၄

နိုဝင်ဘာ ၁၅ ရက်အတွက် မိုးလေဝသခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဧလ**

❍ *ကျောဖုံးမှ*

အဆိုပါ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ဌာန ဆိုင်ရာများမှ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာ ထမ်း/ အမှုထမ်းများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန် ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသမီး အုပ်စုပတ်လည်ပွဲစဉ်တွင် ကျန်းမာ ရေးဝန်ကြီးဌာန အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း တို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်စပ် ရေးရာ ဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်း ကိုသုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွား သည်။

ဆက်လက်ပြီး အမျိုးသား အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်း နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်း က ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့် လည်း ကောင်း၊ သယ်ဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းနှင့် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ သယ်ဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းက လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုး သားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီး ဌာနအသင်းက အမျိုးသားစီမံ ကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန အသင်းကို သုံးပွဲ-တစ်ပွဲဖြင့် လည်း ကောင်း၊ နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်းနှင့် အားကစားရေးရာ ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ အားကစားရေးရာ ဝန်ကြီးဌာနအသင်းက နယ်စပ် ရေးရာ ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီမှစတင်၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် အမျိုး သမီးပွဲစဉ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးဝန်ကြီး ဌာနအသင်း၊ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် သယ် ဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန အသင်း၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးဝန်ကြီး ဌာနအသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်း၊ အားကစားရေးရာ ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲ ရေးဝန်ကြီးဌာနအသင်းတို့ ဆက် လက်ယှဉ်ပြိုင် ကစားသွားမည် ဖြစ်၍ အားကစား၀ါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူ မဆို **“အခမဲ့”** လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရ သည်။

သတင်းစဉ်

❑ *ကျောဖုံးမှ*

ယနေ့ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ်(အမျိုးသား/အမျိုးသမီး) ထောက်လှပြိုင်ပွဲ၊ ကွန့်စုပြိုင်ပွဲ၊ ချန်းစုပြိုင်ပွဲ၊ သွေ့လျှံပြိုင်ပွဲနှင့် ဆန်းဆိုပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီး Form B ကျန့်စု+ ချန်းစုပြိုင်ပွဲတွင် ပထမဆုရရှိသည့်(ရှမ်းပြည်နယ်) အသင်းမှ ဇူးဇာနည်ထက်၊ ဒုတိယဆုရရှိသည့် (ရန်ကုန်တိုင်းဒေသကြီး)အသင်းမှ ဖူးပြည့်စုံထွန်း၊ တတိယဆုရရှိသည့်(မန္တလေးတိုင်းဒေသကြီး)အသင်းမှ ရွှေရည်ဝင်းလွဲနှင့် အမျိုးသား Form B ကျန့်စု+ ချန်းစုပြိုင်ပွဲတွင် ပထမဆုရရှိသည့် (မန္တလေးတိုင်းဒေသကြီး)အသင်းမှ ငြိမ်းမာနိုထက်၊ ဒုတိယဆုရရှိသည့် (ရှမ်းပြည်နယ်)အသင်းမှ စိုင်းထက်ဘုန်းကို၊ တတိယဆုရရှိသည့်(မွန်ပြည်နယ်)အသင်းမှ ဥက္ကာမိုး၊ အမျိုးသမီး Form A ကျန့်စု + ချန်းစုပြိုင်ပွဲတွင် ပထမဆုရရှိသည့်(မန္တလေးတိုင်းဒေသကြီး) အသင်းမှ မေသော်တာ၊ ဒုတိယဆုရရှိသည့် (မန္တလေးတိုင်းဒေသကြီး)အသင်းမှ မေသူကျော်၊ တတိယဆုရရှိသည့် (ရန်ကုန်တိုင်းဒေသကြီး) အသင်းမှ ယွန်းပိုးအိမ်၊ အမျိုးသား Form A ကျန့်စု + ချန်းစုပြိုင်ပွဲတွင် ပထမဆုရရှိသည့် (ရန်ကုန်တိုင်းဒေသကြီး)အသင်းမှ ဝေယံမိုးဟိန်း၊ ဒုတိယဆုရရှိသည့် (မန္တလေးတိုင်း ဒေသကြီး)အသင်းမှ ဟိန်းထက်မင်း၊ တတိယဆုရရှိသည့် (ရှမ်းပြည်နယ်)အသင်းမှ မျိုးလင်းခန့်၊ အမျိုးသမီး Form A သွေ့လျှံပြိုင်ပွဲတွင် ပထမဆုရရှိသည့် (မကွေးတိုင်းဒေသကြီး)အသင်းမှ အိအိငြိမ်းနှင့်ပူးပွင့် သော်တာအတွဲ၊ ဒုတိယဆုရရှိသည့် (မန္တလေးတိုင်း ဒေသကြီး) အသင်းမှ ဟန်စုစန်းနှင့် မေသူကျော်အတွဲ၊ တတိယဆုရရှိသည့် (ရန်ကုန်တိုင်းဒေသကြီး)အသင်းမှ ကြယ်စင်ဇော်နှင့်ယွန်းပိုးအိမ်အတွဲနှင့် အမျိုးသား Form A သွေ့လျှံပြိုင်ပွဲတွင် ပထမဆုရရှိသည့် (မန္တလေးတိုင်းဒေသကြီး)အသင်းမှ ပြည်ဖြိုးမောင်နှင့်ဟိန်းထက်မင်းအတွဲ၊ ဒုတိယဆုရရှိသည့် (ရန်ကုန်တိုင်းဒေသကြီး)အသင်းမှ ခန့်ဖြိုးအောင်နှင့်ကြယ်စင်ဝိုင်းအတွဲ၊ တတိယဆုရရှိသည့် (ပဲခူးတိုင်းဒေသကြီး) အသင်းမှ ဇောဘုန်းလွှဲနှင့်ပြည့်စုဇော်အတွဲ၊ ဆန်းဆို (အတိုက်) အမျိုးသမီး ၅၆ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် (ပဲခူးတိုင်းဒေသကြီး) အသင်းမှ ဇင်ဝေအောင်၊ ဒုတိယဆုရရှိသည့် (မန္တလေးတိုင်း ဒေသကြီး)အသင်းမှ နိမိမနား၊ တတိယဆုရရှိသည့် (ကရင်ပြည်နယ်) အသင်းမှ နန်းခွဲနွဲနော်ဒီး၊ ပူးတွဲ တတိယဆုရရှိသည့် (ဧရာဝတီတိုင်းဒေသကြီး) အသင်းမှ နော်ထူးလောအယ်၊ အမျိုးသား ၆၀ ကီလို တန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် (ချင်းပြည်နယ်) အသင်းမှ ထွန်းထွန်းထက်၊ ဒုတိယဆုရရှိသည့် (ရန်ကုန်တိုင်းဒေသကြီး)အသင်းမှ ပိုင်သုကျော်၊ တတိယဆုရရှိသည့် (ဧရာဝတီတိုင်းဒေသကြီး) အသင်းမှ ဟိန်းထွဋ်စံ၊ ပူးတွဲတတိယဆုရရှိသည့် (မန္တလေးတိုင်းဒေသကြီး)အသင်းမှ သန်းကျော်ဦး တို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် အမျိုးသား/အမျိုးသမီး ထောက်လှ Form C ပြိုင်ပွဲတွင် ရွှေငါးခု၊ ငွေလေးခုနှင့် ကြေးနှစ်ခုဖြင့် တံခွန်စိုက် ဆုဖလားရရှိသည့် ရှမ်းပြည်နယ်အသင်း၊ အမျိုးသား/အမျိုးသမီး ထောက်လှ Form B ပြိုင်ပွဲတွင် ရွှေငါးခုနှင့် ငွေလေးခုဖြင့် တံခွန်စိုက်ဆုဖလား ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသား/အမျိုးသမီးထောက်လှ Form A ပြိုင်ပွဲတွင် ရွှေလေးခု၊ ငွေခုနစ်ခုနှင့် ကြေးတစ်ခုဖြင့် တံခွန်စိုက်ဆုဖလား ရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း၊ အမျိုးသား/အမျိုးသမီးပွဲစဉ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးဝန်ကြီး ဌာနအသင်း၊ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် သယ် ဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန အသင်း၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းနှင့် ပို့ဆောင်ရေးဝန်ကြီး ဌာနအသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အသင်း၊ အားကစားရေးရာ ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲ ရေးဝန်ကြီးဌာနအသင်းတို့ ဆက် လက်ယှဉ်ပြိုင် ကစားသွားမည် ဖြစ်၍ အားကစား၀ါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူ မဆို **“အခမဲ့”** လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရ သည်။

သတင်းစဉ်

စက်မှုဇုန်များတွင် ဘေးကင်းလုံခြုံရေးယဉ်ကျေးမှုစနစ် ထူထောင်နိုင်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၄

စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စက်မှုဇုန်များတွင် ဘေးကင်းလုံခြုံရေးယဉ်ကျေးမှု (Safety Culture) ထူထောင်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ကနောင်ရိပ်သာ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စက်မှုနှင့် အသေးစား၊ အလယ်စား နှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီဝန်း၊ မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ မန္တလေးတိုင်းဒေသကြီး လွှတ်တော်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးကျော်မိုးသက်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးက စက်မှုဇုန်များနှင့် စက်မှုလုပ်ငန်းများတွင် ဘေးကင်းလုံခြုံရေးအတွက် ရည်ရွယ်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ စက်မှုဇုန်များတွင် ဘေးကင်းလုံခြုံရေးယဉ်ကျေးမှုစနစ် ထူထောင်ရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာ၌ စက်ရုံအရေးအတွက်၊ ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် အလုပ်အကိုင်ဖန်တီးပေးနိုင်မှုတို့သာမက စက်မှုဇုန်အတွင်း အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများ မည်မျှဘေးကင်းလုံခြုံစိတ်ချရမှု ရှိသနည်းဆိုသည့် အချက်ဖြင့်လည်း တိုင်းတာရန်လိုအပ်ကြောင်း၊ အလုပ်သမားများ ဘေးကင်းလုံခြုံမှုမရှိပါက စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်မှု သည် ရေရှည်တည်တံ့နိုင်မည် မဟုတ်ကြောင်း၊ ဘေးကင်းလုံခြုံရေး ယဉ်ကျေးမှုဆိုသည်မှာ တစ်ကိုယ်ရည်ကာကွယ်ရေးပစ္စည်း (PPE) များ ဝတ်ဆင်ခြင်းနှင့် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းသက်သက်မဟုတ်ဘဲ စက်ရုံပိုင်ရှင်မှစ၍ အလုပ်သမားအဆုံး လုပ်ငန်းတစ်ခုမစတင်မီ ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်များကို ကြိုတင်တွေးဆ ကာကွယ်သည့် အလေ့အထဖြစ်ကြောင်း။

စက်ရုံပိုင်ရှင်များအနေဖြင့်လည်း ဘေးကင်းလုံခြုံရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းကို အပိုကုန်ကျစရိတ်ဟု မမှုမြင်ဘဲ မိမိတို့၏ ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ရေရှည်တည်တံ့စေရန် အကာအကွယ်ပေးသည့်စနစ်အဖြစ် ခံယူရမည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာကော်မတီဥက္ကဋ္ဌများနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များအနေဖြင့် မိမိစက်မှုဇုန်၏အန္တရာယ်ရှိနိုင်မှုအခြေအနေကို တိကျစွာသိရှိထားရန်၊ တွေ့ရှိသည့် အန္တရာယ်များကို တာဝန်ရှိသူနှင့် အချိန်ကာလသတ်မှတ်၍ ပြုပြင်ရန်နှင့် ပြုပြင်ပြီးစီးမှုကို အထောက်အထားဖြင့် ပြန်လည်စိစစ်အတည်ပြုရန် ဖြစ်ပြီး ထုတ်လုပ်မှုကောင်းမွန်၍ အလုပ်သမားများ ဘေးကင်းလုံခြုံ၍ ရင်းနှီးမြှုပ်နှံသူများ ယုံကြည်စိတ်ချရသည့် စက်မှုဇုန်များဖြစ်ပေါ်လာရေး အားလုံး ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လွှတ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက



စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain)တစ်လျှောက် အဆင့်ဆင့်ချိတ်ဆက်နိုင်ရန် စီစဉ်ဆောင်ရွက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အညီ Green Factories များ ဖြစ်လာစေရန်နှင့် စက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး ပိုင်းဝန်းကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ထို့ပြင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စက်ရုံ၊ အလုပ်ရုံများတွင် လိုအပ်သည်နှင့် မလိုအပ်သည်ကိုခွဲခြားပါ (Sort)၊ လိုအပ်သောပစ္စည်းကို နေရာသတ်မှတ်ပါ(Set in order)၊ သန့်ရှင်းရေးလုပ်ရင်း ချို့ယွင်းချက်ကိုစစ်ပါ (Shine)၊ အလုပ်လုပ်ပုံနှင့်စစ်ဆေးပုံကို စံသတ်မှတ်ပါ(Standardize)၊ သတ်မှတ်စံကို နေ့စဉ်အလေ့အကျင့်အဖြစ် ထိန်းသိမ်းပါ (Sustain) စသည်တို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာတို့ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားအား ရုပ်သိမ်းသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇)အထည်စက်ရုံ (မြစ်သား) သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်ရုံမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ရေး၊ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရေး၊ စက်မှုဇုန်များ၏ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိမှသာ တိကျထိရောက်သည့် မူဝါဒများ ချမှတ်နိုင်မည်ဖြစ်၍ အလေးထား ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းလိုင်းခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

DEMU တွဲဆိုင်းသစ်များဖြင့်လည်းကောင်း၊ လေအိတ်ရထားတွဲဆိုင်းများဖြင့်လည်းကောင်း၊ ရိုးရိုး(AAR) တွဲဆိုင်းများဖြင့်လည်းကောင်း၊ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ ကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားသဖြင့် တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်စေရေးအတွက် ရန်ကုန်–နေပြည်တော်–ရန်ကုန်၊ ရန်ကုန်–မော်လမြိုင်–ရန်ကုန်နှင့် ရန်ကုန်–ပြည်–ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်–

စဉ်	နေ့ရက်	ရထားအမှတ်	ခရီးစဉ်		ထွက်/ရောက်ချိန်	
			မှ	ထိ	ထွက်ချိန်	ရောက်ချိန်
၁	၂၀.၁၁.၂၀၂၆	အဆန်အထူး(AAR)	ရန်ကုန်	မော်လမြိုင်	၀၈:၀၀	၁၆:၄၅
၂	၂၁.၁၁.၂၀၂၆	အဆန်အထူး(DEMU)	ရန်ကုန်	နေပြည်တော်	၁၃:၀၀	၁၈:၀၀
၃	″	အစုန်အထူး(DEMU)	နေပြည်တော်	ရန်ကုန်	၀၇:၀၀	၁၂:၀၀
၄	″	အဆန်အထူး(လေအိတ်)	ရန်ကုန်	ပြည်	၁၃:၀၀	၂၀:၅၅
၅	″	အစုန်အထူး(လေအိတ်)	ပြည်	ရန်ကုန်	၂၂:၃၀	၀၆:၃၀
၆	″	အဆန်အထူး(လေအိတ်)	ရန်ကုန်	မော်လမြိုင်	၀၈:၀၀	၁၆:၄၅
၇	″	အစုန်အထူး(AAR)	မော်လမြိုင်	ရန်ကုန်	၀၆:၃၀	၁၅:၄၀
၈	၂၄.၁၁.၂၀၂၆	အဆန်အထူး(DEMU)	ရန်ကုန်	နေပြည်တော်	၁၃:၀၀	၁၈:၀၀
၉	″	အစုန်အထူး(DEMU)	နေပြည်တော်	ရန်ကုန်	၀၇:၀၀	၁၂:၀၀
၁၀	၂၄.၁၁.၂၀၂၆	အဆန်အထူး(လေအိတ်)	ရန်ကုန်	ပြည်	၁၃:၀၀	၂၀:၅၅
၁၁	″	အစုန်အထူး(လေအိတ်)	ပြည်	ရန်ကုန်	၂၂:၃၀	၀၆:၃၀
၁၂	″	အဆန်အထူး(လေအိတ်)	ရန်ကုန်	မော်လမြိုင်	၀၈:၀၀	၁၆:၄၅
၁၃	″	အစုန်အထူး(AAR)	မော်လမြိုင်	ရန်ကုန်	၀၆:၃၀	၁၅:၄၀
၁၄	၂၅.၁၁.၂၀၂၆	အစုန်အထူး(AAR)	မော်လမြိုင်	ရန်ကုန်	၀၆:၃၀	၁၅:၄၀

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရန်ကုန်–မန္တလေးလမ်းပိုင်းတွင် အမှတ်(၁၁)အဆန်/(၁၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန်–မော်လမြိုင်လမ်းပိုင်းတွင် အမှတ်(၈၁)အဆန်/(၈၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန်–ပြည်လမ်းပိုင်းတွင် အမှတ်(၇၁)အဆန်/(၇၂)အစုန်လူစီးအမြန်ရထားနှင့် ရန်ကုန်–ပြည်–ပုဂံလမ်းပိုင်းအတွင်း ပြေးဆွဲနေသော အမှတ်(၆၁)အဆန်/(၆၂)အစုန် လူစီးအမြန်ရထားတို့တွင် လူစီးတွဲများထပ်တိုး၍ ဝန်ချိန်ပြည့် ချိတ်ဆက်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ရထားလက်မှတ်များကို Online မှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း (Online Railway Ticketing and Payment System – ORTP) စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက် ၇ ရက် နှင့် ကြားဘူတာများအတွက် ၅ရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာ့မီးရထား

❒ ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကျန်းမာစိမ်းလန်း။

❒ သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး။

※ *ကျောဖုံးမှ*

ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး သာထက်နောင်က ပွဲချိန် ၂၂ မိနစ်နှင့် ဂု၂ မိနစ်တို့တွင် သွင်းယူပေးခြင်း ဖြစ်သည်။ ပွဲစဉ် အကောင်းဆုံး



ကစားသမားဆုကို ရတနာပုံ အသင်းမှ သာထက်နောင်က ရရှိခဲ့သည်။

အပတ်စဉ်(၂၄) တတိယနေ့ ပွဲစဉ်များကို နိုဝင်ဘာ ၁၅ ရက်တွင် သီဟဒီပကွင်း၌ အဆင့်(၉) နေရာမှ သစ္စာအားမာန်နှင့် အဆင့် (၁) နေရာမှ ရန်ကုန်ယူနိုက်တက်၊ ဗဟန်းကွင်း၌ ဟံသာဝတီယူနိုက်တက်နှင့် ချင်းလန်းအသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

နေမျိုး

ဓာတ်ပုံ–ML

◆ *ကျောဖုံးမှ*

ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ အဆိုပါပွဲစဉ်၏ AYA Pay ပွဲစဉ်အကောင်းဆုံး ကစားသမားဆုကို Elite Kings အသင်းမှ နောက်တန်းကစားသမား ကိုးသန်းဇော်က ရရှိခဲ့သည်။

အပတ်စဉ်(၅) ပွဲစဉ်များအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက ၁၅ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ခဲ့သည်။ တက္ကသိုလ်အသင်းက ၁၃ မှတ်၊ Junior Lions က ၁၀ မှတ်၊ Royal Dagonက ၉ မှတ်၊ VUE နေပြည်တော်က ၈ မှတ်၊ ရာမညယူနိုက်တက်က ၆မှတ်၊ Elite Kings က ၃ မှတ်၊ မနောအသင်းက ၂မှတ်နှင့် Asia Lion အသင်းက ၁ မှတ်ရရှိထားပြီး Enjoy Brother အသင်းက ရမှတ်မရရှိသေးပေ။

နေမျိုး၊ ဓာတ်ပုံ–MLII

သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။

BESS ခေါ် ဘက်ထရီဖြင့် စွမ်းအင်သိုလှောင်စနစ်အကြောင်း တစေ့တစောင်း

ဘက်ထရီဖြင့် စွမ်းအင်သိုလှောင်စနစ် (Battery Energy Storage System – BESS) ဆိုသည်မှာ လျှပ်စစ်စွမ်းအင်ကို နောက်ပိုင်းတွင် ပြန်လည်အသုံးချရန်အတွက် ခတုစွမ်းအင်အဖြစ် ပြောင်းလဲသိမ်းဆည်းပေးထားသည့် စနစ်တစ်မျိုး ဖြစ်ပါသည်။

မောင်မောင်စွယ်စုံထွန်း

အဓိက အစိတ်အပိုင်းများ

- **ဘက်ထရီဆဲလ်များ။** စွမ်းအင်ကို တိုက်ရိုက် လျှပ်စီးကြောင်း(DC)အဖြစ် ထိန်းသိမ်းပေးသည်။ အိမ်သုံးနှင့် လုပ်ငန်းသုံးများတွင် သက်တမ်းရှည်ပြီး စွမ်းဆောင်ရည် ကောင်းမွန်သော လီသီယမ်အိုင်းယွန်း (Lithium-ion) ဘက်ထရီများကို အဓိက အသုံးပြုကြသည်။
- **ဘက်ထရီစီမံခန့်ခွဲမှုစနစ်။** စနစ်၏ ဦးနှောက်ဖြစ်ပြီး ဗို့အား၊ အပူချိန်နှင့် အားသွင်းထားရှိမှု အခြေအနေများကို အဆက်မပြတ်စောင့်ကြည့်ကာ အလွန်အကျွံအားသွင်းခြင်းနှင့် အပူလွန်ကဲခြင်းတို့မှ ကာကွယ်ပေးသည်။
- **အင်ဗာတာ။** ဘက်ထရီမှ သိမ်းဆည်းထားသော တိုက်ရိုက်လျှပ်စီးကြောင်း (DC) ကို အိမ်သုံး ပစ္စည်းများ အသုံးပြုနိုင်သည့် လျှပ်စီးကြောင်း (AC) သို့ ပြောင်းလဲပေးသည်။

အကျိုးကျေးဇူးများ

- **စွမ်းအင်လုံခြုံစိတ်ချရမှု။** မီးပျက်သည့်အခါ သို့မဟုတ် အရေးပေါ်အခြေအနေများတွင် အရန် လျှပ်စစ်မီးကို ချက်ချင်းသုံးနိုင်သည်။
- **ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ချိတ်ဆက်ခြင်း။** နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများမှ နေ့ဘက်တွင် ထွက်ရှိလာသော ပိုလျှံစွမ်းအင်ကို ဘက်ထရီတွင် သိမ်းဆည်းထားပြီး ညဘက်တွင် ပြန်လည်အသုံးပြုနိုင်သည်။
- **စွမ်းအင်စရိတ် သက်သာစေခြင်း။** လျှပ်စစ်မီးအား သက်သာသည့်အချိန် သို့မဟုတ် ဆိုလာမှ အလကားရရှိသည့်အချိန်တွင် အားသွင်းထားခြင်းဖြင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်သည်။


BESS ၏ အလုပ်လုပ်ပုံ

ဘက်ထရီ စွမ်းအင်သိုလှောင်မှုစနစ် (BESS) သည် ဓာတ်အားလိုင်း သို့မဟုတ် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်စွမ်းအင်ကို သိုလှောင်ရန်အတွက် ခတုစွမ်းအင်အဖြစ်သို့ ပြောင်းလဲပေးပြီးနောက် လိုအပ်သည့်အခါတွင် လျှပ်စစ်ဓာတ်အားအဖြစ် ပြန်လည်ပြောင်းလဲပေးပါသည်။ ယင်းတို့သည် ထောက်ပံ့မှုပိုလျှံနေချိန် (ဈေးနှုန်းနိမ့်ကျခြင်း သို့မဟုတ် နေရောင်ခြည်/လေစွမ်းအင်ထုတ်လုပ်မှု မြင့်မားခြင်း)တွင် အားသွင်းပြီး လိုအပ်ချက်မြင့်မားနေချိန်တွင် ထုတ်လွှတ်ခြင်းဖြင့် ဓာတ်အားလိုင်းကို ဟန်ချက်ညီစေပြီး ညဘက်တွင် ပိုလျှံသော နေရောင်ခြည်စွမ်းအင်ကို အသုံးပြုနိုင်စေပါသည်။

ဘက်ထရီစွမ်းအင် သိုလှောင်မှုစနစ်သည် နောက်ပိုင်းတွင် အသုံးပြုရန်အတွက် လျှပ်စစ်စွမ်းအင်ကို သိုလှောင်ပေးသည့် ကြီးမားသော အားပြန်သွင်းနိုင်သော ဘက်ထရီ တပ်ဆင်မှုတစ်ခု ဖြစ်သည်။ ရိုးရာဂျင်နရေတာများနှင့်မတူဘဲ BESS သည် မီလီစက္ကန့်အတွင်း တုံ့ပြန်နိုင်သောကြောင့် နေရောင်ခြည်နှင့် လေစွမ်းအင်ကဲ့သို့သော ရံဖန်ရံခါ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များအပေါ် တိုး၍ အားကိုးလာသည့် ခေတ်မီဓာတ်အားလိုင်းများကို တည်ငြိမ်စေရန်အတွက် အကောင်းဆုံးဖြစ်သည်။ စနစ်များသည် သေးငယ်သော လူနေအိမ်ယုနစ်များ (5–20kWh)မှကြီးမားသော ဓာတ်အားလိုင်းစီမံကိန်းများ (ရာနှင့်ချီသော MWh)အထိ အမျိုးမျိုးရှိသည်။ ၂၀၂၆ ခုနှစ်တွင် အဓိကနည်းပညာမှာ လီသီယမ်-အိုင်းယွန်း – အထူးသဖြင့် လီသီယမ်သံဖော့စဖိတ် (LFP)– ဖြစ်ပြီး ၎င်း၏ ဘေးကင်းမှု၊ ရှည်လျားသော စက်ဝန်းသက်တမ်းနှင့် ကုန်ကျစရိတ်သက်သာမှုကြောင့် ဖြစ်သည်။

BESS ၏ အားသွင်းခြင်း

BESS တိုင်း၏ အဓိကအချက်မှာ လီသီယမ်-အိုင်းယွန်းဆဲလ်တွေအတွင်းရှိ လျှပ်စစ်ဓာတုဗေဒ



ဆိုင်ရာ လုပ်ငန်းစဉ်ပဲ ဖြစ်ပါသည်။

- **အားသွင်းခြင်း။** လျှပ်စစ်ဓာတ်အားသည် ဘက်ထရီထဲသို့ (ဓာတ်အားလိုင်း သို့မဟုတ် ဆိုလာပြားများမှ) စီးဆင်းသောအခါ၊ လီသီယမ်-အိုင်းယွန်းများသည် အပေါင်းလျှပ်ကူးပစ္စည်း (ကတ်သုတ်)မှ အီလက်ထရိုလိုက်မှတစ်ဆင့် အနှတ်လျှပ်ကူးပစ္စည်း (အနှုတ်)သို့ ရွှေ့လျားပြီး စွမ်းအင်ကို ဓာတုဗေဒအလားအလာအဖြစ် သိုလှောင်ပါသည်။
- **အားကုန်ခြင်း။** ပါဝါလိုအပ်သည့်အခါ လုပ်ငန်းစဉ်သည် ပြောင်းပြန်ဖြစ်သွားသည်။ လီသီယမ်အိုင်းယွန်းများသည် ကတ်သုတ်သို့ ပြန်စီးဆင်းပြီး အီလက်ထရွန်များကို ထုတ်လွှတ်ကာ အိမ်များ၊ စီးပွားရေးလုပ်ငန်းများ သို့မဟုတ် ဓာတ်အားလိုင်းများကို လျှပ်စစ်ဓာတ်အားပေးရန် ပြင်ပပတ်လမ်းမှတစ်ဆင့် ဖြတ်သန်းသွားသော အီလက်ထရွန်များကို ထုတ်လွှတ်သည်။

ဤပြောင်းပြန်လှန်နိုင်သော ဓာတုဓာတ်ပြုမှုသည် လောင်ကျွမ်းခြင်း သို့မဟုတ် ရွှေ့လျားနေသော အစိတ်အပိုင်းများမပါဘဲ ဖြစ်ပေါ်ပြီး BESS ကို တိတိဆိတ်ငြိမ်သက်စေပြီး ထုတ်လွှတ်မှုကင်းစင်ကာ ထိရောက်မှုမြင့်မားစေသည် (လီသီယမ်-အိုင်းယွန်းစနစ်များအတွက် နှစ်လမ်းသွား စွမ်းဆောင်ရည်မှာ ပုံမှန်အားဖြင့် ၈၅–၉၅%)။

ဘက်ထရီစွမ်းအင်သိုလှောင်စနစ်၏ အဓိကအစိတ်အပိုင်းများ

၁။ ဘက်ထရီဆဲလ်များနှင့် မော်ဂျူးများ

အဓိကသိုလှောင်မှု အစိတ်အပိုင်း။ ၂၀၂၆ စနစ် အများစုသည် ယင်းတို့၏ သာလွန် ကောင်းမွန်သော ဘေးကင်းမှုနှင့် သက်တမ်းကြာရှည်ခံမှု (၃၀၀၀–၈၀၀၀+ cycles) အတွက် လီသီယမ်သံဖော့စဖိတ် (LFP)ဆဲလ်များကို အသုံးပြုသည်။ ဆဲလ်များကို မော်ဂျူးများအဖြစ် အုပ်စုဖွဲ့ပြီးနောက် စင်များအဖြစ် စီထားသည်။

၂။ ဘက်ထရီစီမံခန့်ခွဲမှုစနစ် (BMS)

စနစ်၏ "ဦးနှောက်"။ BMS သည် ဆဲလ်ဗို့အား၊ အပူချိန်၊ အားသွင်းအခြေအနေ (SoC)နှင့် လျှပ်စီးကြောင်းကို အဆက်မပြတ်စောင့်ကြည့်ပေးသည်။ ယင်းသည် ဆဲလ်များကို ဟန်ချက်ညီစေပြီး အလွန်အကျွံအားသွင်းခြင်း/အလွန်အကျွံအားကုန်ခြင်းကို ကာကွယ်ပေးပြီး အပူလွန်ကဲခြင်းမှ ကာကွယ်ပေးသည်။

၃။ ပါဝါပြောင်းလဲခြင်းစနစ် (အင်ဗာတာများ)

နှစ်လမ်းသွား အင်ဗာတာများက DC ပါဝါကို မှ ပြောင်းလဲပေးသည်။ ဘက်ထရီများ ဓာတ်အား လိုင်း သို့မဟုတ် အိမ်သုံးအတွက် AC ပါဝါသို့နှင့် အားသွင်းသည့်အခါ AC မှ DC သို့။ Hybrid inverters များတွင် တိုက်ရိုက် PV ချိတ်ဆက်မှုအတွက်နေရောင်ခြည်စွမ်းအင်သုံး MPPT ထိန်းချုပ်ကိရိယာများကို မကြာခဏ ပေါင်းစပ်ထားသည်။

၄။ စွမ်းအင်စီမံခန့်ခွဲမှုစနစ် (EMS)

လျှပ်စစ်ဓာတ်အားဈေးနှုန်းများ၊ ရာသီဥတု ခန့်မှန်းချက်များ၊ ပုံစံများနှင့် အသုံးပြုသူဆက်တင်များအပေါ် အခြေခံ၍ အားသွင်း/အားလျော့ခြင်းကို အကောင်းဆုံးဖြစ်အောင် ပြုလုပ်ပေးသည့်ဆော့ဖ်ဝဲ။ အဆင့်မြင့် EMS သည် ကြိမ်နှုန်းထိန်းညှိခြင်း သို့မဟုတ် တုံ့ပြန်မှုကဲ့သို့သော ဓာတ်အားလိုင်း ဝန်ဆောင်မှုများတွင် ပါဝင်နိုင်သည်။

၅။ အခြေပေးစနစ်နှင့် ဘေးကင်းရေးစနစ်များ

အရည် သို့မဟုတ် လေအအေးပေးစနစ်သည် အကောင်းဆုံးအပူချိန်ကို ထိန်းသိမ်းပေးသည်။ မီးငြိမ်းသတ်ခြင်း၊ မီးခိုးရှာဖွေခြင်းနှင့် ဓာတ်ငွေ့စောင့်ကြည့်ခြင်းတို့သည် ပိုကြီးသောစနစ်များတွင် စံသတ်မှတ်ချက်ဖြစ်သည်။

> **“ ဘက်ထရီစွမ်းအင်သိုလှောင်မှုစနစ်(BESS)သည် ဓာတ်အားလိုင်း သို့မဟုတ် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်စွမ်းအင်ကို သိုလှောင်ရန်အတွက် ခတုစွမ်းအင် အဖြစ်သို့ ပြောင်းလဲပေးပြီးနောက် လိုအပ်သည့်အခါတွင် လျှပ်စစ်ဓာတ်အားအဖြစ် ပြန်လည်ပြောင်းလဲပေးပါသည်။ ယင်းတို့သည် ထောက်ပံ့မှုပိုလျှံနေချိန် (ဈေးနှုန်းနိမ့်ကျခြင်း သို့မဟုတ် နေရောင်ခြည်/လေစွမ်းအင်ထုတ်လုပ်မှု မြင့်မားခြင်း)တွင် အားသွင်းပြီး လိုအပ်ချက်မြင့်မားနေချိန်တွင် ထုတ်လွှတ်ခြင်းဖြင့် ဓာတ်အားလိုင်းကို ဟန်ချက်ညီစေပြီး ညဘက်တွင် ပိုလျှံသော နေရောင်ခြည်စွမ်းအင်ကို အသုံးပြုနိုင်စေပါသည် ”**

BESS ၏ အဓိကနည်းလမ်းများ

- **အမြင့်မားဆုံးကုန်ကျစရိတ် လျှော့ချခြင်း။** အမြင့်ဆုံး ဓာတ်အားဆွဲငင်အားကို လျှော့ချရန်နှင့် ကောက်ခံမှုများကို လျှော့ချရန်အတွက် အဓိကအသုံးပြုနိုင်သည်။
- **အသုံးပြုချိန် အငြင်းပွားမှု။** လျှပ်စစ်ဓာတ်အား ဈေးသက်သာချိန်တွင် (အလုပ်များချိန် မဟုတ်ချိန်) ကောက်ခံပြီး အလုပ်များချိန်များတွင် ဖြန့်ဖြူးပေးသည်။
- **ကိုယ်တိုင်သုံးစွဲမှု။** နေ့ခင်းဘက်တွင် ပိုလျှံနေသော နေရောင်ခြည်စွမ်းအင်ကို ညနေခင်းတွင် အသုံးပြုရန်အတွက် သိုလှောင်ထားခြင်းဖြင့် ဓာတ်အားလိုင်းဝယ်ယူမှုကို လျှော့ချပေးသည်။
- **အရန်ပါဝါ။** ဓာတ်အားပြတ်တောက်မှုများအတွင်း ချောမွေ့စွာ ဓာတ်အားပေးနိုင်သောကြောင့် အရေးကြီးသော ဝန်ထုပ်ဝန်ပိုးများကို ကာကွယ်ပေးပါသည်။
- **ကွန်ရက်ဝန်ဆောင်မှုများ။** မြန်ဆန်သော တုံ့ပြန်မှုကြောင့် ပိုင်ရှင်အားလွှဲပေးချေသည့် ကြိမ်နှုန်း ထိန်းညှိမှု၊ ဗို့အားပုံပိုးမှုနှင့် ဝယ်လိုအားတုံ့ပြန်မှု အစီအစဉ်များတွင် ပါဝင်နိုင်စေပါသည်။

BESS ၏ အားနည်းချက်များ

ဘက်ထရီစွမ်းအင် သိုလှောင်မှုစနစ်များသည် ကန့်သတ်ချက်များရှိသည်-

- **မြင့်မားသောကြိုတင်ကုန်ကျစရိတ်။** ဈေးနှုန်းများ ကျဆင်းနေသော်လည်း စီးပွားဖြစ် စနစ်များသည် ဒေါ်လာရာနှင့်ချီမှ သန်းပေါင်းများစွာ အထိ ကုန်ကျနေဆဲဖြစ်သည်။
- **ကန့်သတ်သံသရာသက်တမ်း။** လီသီယမ်-အိုင်းယွန်းသည် လည်ပတ်မှု ၃၀၀၀ မှ ၈၀၀၀ အထိ ခံနိုင်ရည်ရှိသော်လည်း စွမ်းရည်သည် တဖြည်းဖြည်း ကျဆင်းသွားသည်။ (ပုံမှန်အားဖြင့် ၁၀ နှစ်မှ ၁၅ နှစ်အကြာတွင် ၈၀ ရာခိုင်နှုန်းအထိ)။
- **နေရာနှင့် အလေးချိန်။** ကြီးမားသော စနစ်များသည် သိသာထင်ရှားသော ကြမ်းပြင် နေရာနှင့် ဖွဲ့စည်းပုံဆိုင်ရာ အထောက်အပံ့များ လိုအပ်ပါသည်။
- **အပူစီမံခန့်ခွဲမှု။** အအေးပေးစနစ်များသည် ရှုပ်ထွေးမှုနှင့် စွမ်းအင်အသုံးပြုမှုကို ပေါင်းထည့်ပေးသည်။
- **ပြန်လည်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်း။** သက်တမ်းကုန်ဆုံးမှုစီမံခန့်ခွဲမှုသည် တိုးတက်လာသော်လည်း ခဲအက်စစ်ထက် ပိုမိုရှုပ်ထွေးနေဆဲဖြစ်သည်။

ဤအားနည်းချက်များရှိသော်လည်း စီးပွားရေးနှင့် ယုံကြည်စိတ်ချရမှု အကျိုးကျေးဇူးများသည် စွမ်းအင်ကုန်ကျစရိတ်မြင့်မားသော သို့မဟုတ် မကြာခဏ ပြတ်တောက်မှုများရှိသော စီးပွားရေးလုပ်ငန်းများ၊ အသုံးအဆောင်များနှင့် အိမ်ပိုင်ရှင်များအတွက် ပိုမိုသော်လည်း ခဲအက်စစ်ထက် ပိုမိုရှုပ်ထွေးနေဆဲဖြစ်သည်။

ဤအားနည်းချက်များရှိသော်လည်း စီးပွားရေးနှင့် ယုံကြည်စိတ်ချရမှု အကျိုးကျေးဇူးများသည် စွမ်းအင်ကုန်ကျစရိတ်မြင့်မားသော သို့မဟုတ် မကြာခဏ ပြတ်တောက်မှုများရှိသော စီးပွားရေးလုပ်ငန်းများ၊ အသုံးအဆောင်များနှင့် အိမ်ပိုင်ရှင်များအတွက် ပိုမိုသော်လည်း ခဲအက်စစ်ထက် ပိုမိုရှုပ်ထွေးနေဆဲဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ဘက်ထရီစွမ်းအင် သိုလှောင်မှုစနစ်များ ကုန်ကျစရိတ်နည်းသော သို့မဟုတ် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မြင့်မားသော ကာလများတွင် လီသီယမ်-အိုင်းယွန်းဆဲလ်များတွင် လျှပ်စစ်ဓာတ်အားကို ခတုစွမ်းအင်အဖြစ် သိုလှောင်ပြီးနောက် ဈေးနှုန်းများမြင့်မားသည့်အခါ သို့မဟုတ် နေရောင်ခြည်/လေစွမ်းအင်ထွက်ရှိမှု နည်းပါးသည့်အခါ ထုတ်လွှတ်ခြင်းဖြင့် အလုပ်လုပ်ပါသည်။

အဓိကအစိတ်အပိုင်းများ – ဆဲလ်များ၊ BMS၊ အင်ဗာတာများနှင့် EMS – သည် မြန်ဆန်၊ သန်ရှင်းပြီး ယုံကြည်စိတ်ချရသော လျှပ်စစ်ဓာတ်အားကို ပေးအပ်ရန် အတူတကွလုပ်ဆောင်ပါသည်။ BESS သည် အမြင့်ဆုံးလျှော့ချခြင်း၊ နေရောင်ခြည်စွမ်းအင်ကိုယ်တိုင် သုံးစွဲမှုမြင့်မားခြင်းနှင့် ဓာတ်အားလိုင်း ဝန်ဆောင်မှုများပါဝင်ခြင်းတို့မှတစ်ဆင့် ကုန်ကျစရိတ်များကို လျှော့ချပေးသည့်အပြင် ပြတ်တောက်မှုများအတွင်း အရေးကြီးသော အရန်အဖြစ်လည်း ပံ့ပိုးပေးပါသည်။ ဈေးနှုန်းများ ဆက်လက်ကျဆင်းပြီး နည်းပညာတိုးတက်လာသည်နှင့်အမျှ စွမ်းအင် သိုလှောင်မှုသည် ပိုမိုသန့်ရှင်း၊ ပိုမိုခံနိုင်ရည်ရှိပြီး တတ်နိုင်သော စွမ်းအင်အနာဂတ်အတွက် မရှိမဖြစ် လိုအပ်သော အခြေခံအဆောက်အအုံဖြစ်လာမည် သာဖြစ်ပါကြောင်း ဗဟုသုတအလို့ငှာ ရေးသားတင်ပြလိုက်ရပါသည်။ ။

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေဘေးသင့်အိမ်ထောင်စုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့မှုမှာ ယနေ့အထိ ထောက်ပံ့မှုတန်ဖိုးပေါင်း ငွေကျပ် ၅၄၂၂၇၄၀၀ ရှိပြီဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့နယ်ငါးမြို့နယ်၌ ရေဘေးရောင်စာနိုး ၂၃ ခု၊ အိမ်ထောင်စု ၁၂၃၈ စု၊ လူဦးရေ ၄၅၄၉ ဦး ယာယီရေဘေးရောင်လျက်ရှိပြီး အဆိုပါပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများအပါအဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့မှုမှာ ယနေ့အထိ ထောက်ပံ့မှုတန်ဖိုးပေါင်းငွေကျပ် ၅၄၂၂၇၄၀၀ ဖြစ်ပြီး ရေကြီးရေလျှံမှုကြောင့် ပြည်နယ်အတွင်း အခြေခံစာသင်ကျောင်း ၅၇ ကျောင်း ယာယီပိတ်ခဲ့ရပြီး ယခုအခါတွင် ရေများပြန်လည်ကျဆင်းနေပြီဖြစ်သဖြင့် ပြန်လည်ဖွင့်လှစ်ရန် ကျောင်းပေါင်း ၂၄ ကျောင်းသာ ကျန်ရှိလျက်ရှိကာ အဆိုပါကျောင်းများ ရေကျသွားသည်နှင့် ဆောလျင်စွာ ပြန်လည် ဖွင့်လှစ်နိုင်ရေး၊ ကလေးများအား အချိန်မီ ပညာသင်ကြားနိုင်ရေးတို့ကို ညှိနှိုင်းပေါင်းစပ် ကူညီပေးလျက်ရှိကြောင်း သိရသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုလွင်သည် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နမ့်စန်မြို့သို့သွားရောက်ကာ နမ့်လတ်ချောင်းရေကြီးမှုကြောင့် ရပ်ကွက်(၁)၊ ရပ်ကွက်(၃)၊ ရပ်ကွက်(၄)တို့တွင် ရေကြီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တစ်ဆင့် ပြည်ထောင်စုသို့ တင်ပြလမ်းညွှန်မှုခံယူဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စွန့်ဂျာမေ့ဇလီ (ယာယီရေဘေးရှောင်စခန်း)ရှိယာယီရေဘေးရှောင်များအား ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများ ထောက်ပံ့ခြင်း၊ နှစ်သိမ့်အားပေးခြင်းများ ဆောင်ရွက်ပေးကာ နမ့်စန်မြို့နယ်ရှိ အလက(ခွဲ) (၁) ရေဝင်ရောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေများပြန်ကျခိုန်တွင် စာသင်ဆောင်များ သန့်ရှင်းရေးအမြန်ဆောင်ရွက်ပြီး ကျောင်းအဖွင့်ဆုံးပြန်ဖွင့်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့ပြင် ဗုဒ္ဓရာဇာဘုန်းကြီးကျောင်းအပါအဝင် ယာယီရေဘေးရှောင်စခန်းများတွင် ခိုလှုံနေသော အိမ်ထောင်စု ၂၇၅ စုမှ ယာယီရေဘေးရှောင်ပြည်သူ ၁၀၈၉ ဦးအား ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများ အပါအဝင် ထောက်ပံ့မှုတန်ဖိုးငွေကျပ် ၁၄၁၁၆၃၀၀ ကို ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ လွိုင်လင်မြို့အနီး မိုင်တိုင်အမှတ်(၁၆၉/၅) တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်သို့ ရေကြီးရေလျှံမှုကြောင့် နိုဝင်ဘာ ၁၀ ရက်မှစ၍ အသွားအလာပြတ်တောက်နေသည့် နေရာသို့သွားရောက်ကာ အဖြန်ဆုံးလမ်းပွင့်နိုင်ရေးအတွက် ပြည်နယ်အစိုးရ၏ကြီးကြပ်လမ်းညွှန်မှုအရ ဌာနဆိုင်ရာများပူးပေါင်း၍ ခြောက်လက်မပန်ရေစုပ်စက်ကြီးများ၊ မီးသတ်ယာဉ်များဖြင့် နေရာအဆင့်ဆင့်မှ ရေစုပ်ထုတ်ကာ ရေလျှော့ချရေးဆောင်ရွက်နေမှု၊ ပြည်ထောင်စုလမ်းမကြီး ရေလွှမ်းမှုကြောင့် ကုန်ကားကြီးအစီးရေ ၄၀၀ ကျော် သွားလာရန် စောင့်စားနေရမှုအခြေအနေနှင့် လွိုင်လင်မြို့နယ်ရှိ တာဝန်ရှိသူများက ယာဉ်မောင်းများအား လတ်တလော စားဝတ်နေရေး အဆင်ပြေစေရန်နှင့် လုံခြုံရေးကိစ္စ ပံ့ပိုးကူညီနေမှုများကို ကြည့်ရှုစစ်ဆေး၍ ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တစ်ဆင့် တင်ပြနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နှစ်စဉ်ကျန်းမာရေးစစ်ဆေးမှုအစီအစဉ်တွင် သက်ကြီးဆရာဝန်ကြီး စုစုပေါင်း ၂၇၁ ဦးအား ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေး

နေပြည်တော် နိုဝင်ဘာ ၁၄

နှစ်စဉ်ကျန်းမာရေးစစ်ဆေးမှု အစီအစဉ်တွင် သက်ကြီးဆရာဝန်ကြီး စုစုပေါင်း ၂၇၁ ဦးအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ပြီး သွေးဖောက်စစ်ဆေးခြင်း၊ ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခြင်း၊ တယ်လီဗေးရှင်းဓာတ်မှန် (Ultra-sound) ရိုက်ကူးခြင်း၊ ရင်ဘတ် ဓာတ်မှန်ရိုက်ကူးခြင်း၊ ECG စစ်ဆေးခြင်း၊ သက်ကြီးပုဂ္ဂိုလ် ကျန်းမာရေး စစ်ဆေးအကဲဖြတ်ခြင်း(Geriatric assessment) နှင့် နှလုံးကျန်းမာရေး စောင့်ကြည့် ဝတ်စုံ (Vest) တပ်ဆင်ခြင်း စသည့် အထူးစမ်းသပ် စစ်ဆေးမှုများ အပြင် မကူးစက်နိုင်သော နာတာရှည်ရောဂါ (Non-Communicable Diseases- NCDs) ဆေးဝါးများ အခမဲ့ထောက်ပံ့ခြင်းတို့ကို စနစ်တကျ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန် ပြည်သူ့ဆေးရုံကြီး အထူးကုပြင်ပလူနာဌာနသို့ သွားရောက်၍ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြသည့် အသက် ၇၀ နှင့် အထက် သက်ကြီးဆရာဝန်ကြီးများအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့၏ စီစဉ်မှု၊ သက်ကြီးဆရာဝန်များ ထောက်ကူအဖွဲ့ (SGED) တို့၏ ပူးပေါင်းပါဝင်မှုဖြင့် ကျင်းပပြုလုပ်သည့် နှစ်စဉ်ကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်ကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာန၊ ပြင်ပလူနာဌာန၊ အတွင်းလူနာဆောင်များ၊ ငါးထပ်ဆေးကုသဆောင်နှင့် ဓာတ်ခွဲ၊ ဓာတ်မှန်ဌာနများသို့ သွားရောက်၍ ဆေးကုသမှုပေးနေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ဆေးရုံတက်ရောက်ကုသနေသောလူနာများအား မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။



သတင်းစဉ်

လပွတ္တာမြို့နယ်၌ အယ်လ်နီညိုကြောင့် ရေရှားပါးပြတ်လပ်မှုမရှိစေရေး ကျေးရွာများ၌ အလေးပေးဆောင်ရွက်

လပွတ္တာ နိုဝင်ဘာ ၁၄

လပွတ္တာမြို့နယ် ခနဲချောင်း ကျေးရွာ၌ အယ်လ်နီညိုကြောင့် သောက်သုံးရေ ပြတ်လပ်မှုမဖြစ်



ပေါ်စေရေး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးအောင်နိုင်ဝိုးနှင့် တာဝန်ရှိသူများ နိုဝင်ဘာ ၁၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာမြေသားမိုးရေလှောင်ကန်များ သောက်သုံးရေ သိုလှောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရေကိုစနစ်တကျ ဖြန့်ဝေချေတာ သုံးစွဲရန်နှင့် ရေပြတ်လပ်မှု ဖြစ်ပေါ်လာပါက ဌာနသို့ ဆက်သွယ်၍ အကူအညီ ရယူနိုင်ကြောင်း ပြောကြားသည်။

အဆိုပါကျေးရွာများ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ရှိအသုံးပြုနေသည့် ရေအရင်းအမြစ်များမှ ရေကို စနစ်တကျ ဖြန့်ဝေသုံးစွဲနေမှုနှင့် တခြားသော ရေအရင်းအမြစ်များမှ ရေဂါလန် ၂၀၀၀ ဆုံ စက်လှေများဖြင့် နေ့စဉ်ရေဂါလန် ၄၀၀၀ ကျော် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။ တေဇလင်း



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မီးလောင်မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် နိုဝင်ဘာ ၁၄ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ မီးဘေးစိုးရိမ်ရသော ယာတော်ရပ်ကွက်နှင့် တောင်မြင့်ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ စက်ရုံ/အလုပ်ရုံများကို မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်နေမှုအား တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ မှာကြားစဉ်။ ဘုန်းမြတ်

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၄

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

ပြည်သူ့အရေးပေမို့

မောင်အောင်

“ကိုအောင်ရေ၊ ငါ့ညီဆီ ဖုန်းဆက်ရတာ ဒီနေ့တော့ အတော်လေးစိတ်ကုန်သွားပြီ။ ကိုယ့်ညီ လွတ်တော်တက်နေရတာသိလို့ မွန်းလွဲ ၁၂ နာရီခွဲလောက် ပြီးလိုပြီးငြား ဖုန်းဆက်တယ်ကွာ။ ငါ့ညီ ဖုန်းမကိုင်ဘူး၊ ၁ နာရီခွဲလောက်တော့လည်း မကိုင်၊ ၂ နာရီ ဆက်ပြန်တော့ လူကြီးမင်းခေါ်ဆိုသော ဖုန်းနံပါတ်သည် သတ်မှတ်ချိန်အတွင်း ပြန်လည်ဖြေကြားခြင်း မရှိသည့်အတွက် ခေတ္တစောင့်ဆိုင်းပြီးမှ ပြန်လည် ခေါ်ဆိုပါလို့ပဲ ဖြေသံကြားရတယ်။ အဲဒါကြောင့် စိတ်တိုတိုနဲ့ ဖုန်းမဆက်ဘဲ နေနေလိုက်တာ။ အခုတော့ မင်းတို့ လွတ်တော်အစည်းအဝေးက ပြီးပြီလား။ ဒီနေ့မှ ဘာဖြစ်လို့ ဒီလောက်တောင် ကြာနေရတာတုံး”

မွန်းလွဲက လွတ်တော်အစည်းအဝေးတက်နေချိန်တွင် အစ်ကိုကြီးထံမှ ဖုန်းလာသည်ကို အသံပိတ်ထားသော်လည်း ကျွန်တော်သိပါသည်။ သို့သော် ပြည်သူ့လွတ်တော် အစည်းအဝေးခန်း အတွင်းဖြစ်၍ ဖုန်းမကိုင်ဖြစ်ပါ။ နောက်ပြီး ယနေ့ လွတ်တော်အစည်းအဝေးတွင် ဆွေးနွေးကြသည်များက စိတ်ဝင်စားစရာကောင်းလှသည်။

“ဟုတ်တယ် အစ်ကိုကြီးရေ၊ ဒီနေ့လွတ်တော် အစည်းအဝေးမှာက ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် မေးကြတဲ့မေးခွန်းက ၁၅၅ ခုရှိတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနတွေဖြစ်တဲ့ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနတွေက ဒုတိယဝန်ကြီးတွေကိုယ်တိုင် သေသေချာချာ ရှင်းလင်းဖြေကြားပေးကြတယ်”

“အေး ဟုတ်ပါပြီ၊ ထားပါတော့ ဘယ်ဒေသတွေက လွတ်တော်ကိုယ်စားလှယ်တွေက ဘာအကြောင်းတွေများ ဒီလောက်မေးမြန်းနေကြတာလဲ”

အစ်ကိုကြီးအသံက စိတ်တော့အနည်းငယ် တိုနေပုံရပါသည်။ သို့သော်လည်း ဒေသဖွံ့ဖြိုးရေးအတွက်ဟုဆိုသဖြင့် စိတ်ဝင်စားပုံရသည်။ ပြီးတော့ ဘယ်ဒေသတွေက မေးသည်ကိုလည်း သိချင်ပုံရသည်။

“အစ်ကိုကြီးရေ၊ မေးတာကတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီး ရှစ်ခုကမေးကြတာ။ ကချင်ပြည်နယ်၊ ဝိုင်းမော်နဲ့ မချမ်းသာကပါတယ်။ ကယားပြည်နယ်၊ ဒီမော့ဆိုနဲ့ လွိုင်ကော်ကလည်းမေးတယ်။ ပဲခူးတိုင်းဒေသကြီးကဆို မင်းလှ၊ မိုးညှိနဲ့ ငဝါက မေးသလို ရှမ်းပြည်နယ်က မိုးနဲ၊ ပင်တယ၊ မိုင်းယောင်းနဲ့ မိုင်းခတ်၊ စစ်ကိုင်းက လေရှီး၊ မန္တလေးက ကျောက်ဆည်၊ မွန်ပြည်နယ်က မော်လမြိုင်နဲ့ ဧရာဝတီတိုင်းဒေသကြီးက ကျောင်းကုန်းမြို့နယ်တွေက လွတ်တော်ကိုယ်စားလှယ်တွေက မေးကြတာပါ”

“အေး ဟုတ်ပါပြီ၊ ဘာတွေများ ဒီလောက် မေးကြတာလဲကွာ ပြောစမ်းပါဦး”

ဒီတစ်ခါတော့ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်တွေနှင့် ပတ်သက်ပြီး အစ်ကိုကြီးက အသေးစိတ်မေးလာသည်။

“အစ်ကိုကြီးကို ကျွန်တော် လုပ်ငန်းကဏ္ဍအလိုက် ပြောပြမယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပတ်သက်ပြီး မေးခွန်း ၇ ခုမေးရာမှာ လေရှီး မဲဆန္ဒနယ်က လွတ်တော်ကိုယ်စားလှယ်က လေရှီး-ပန်ဆပ်-ဆွမ္းရာလမ်း အဆင့်မြှင့်တင်ပေးဖို့၊ မင်းလှ လွတ်တော်ကိုယ်စားလှယ်က မင်းလှမြို့နယ် သဲကောရွာကနေပြီး ထန်းပင်ကုန်းတံတားအထိ ပျက်စီးနေတဲ့လမ်းကို အဆင့်မြှင့်ပေးဖို့၊ ဝိုင်းမော်မြို့နယ် လွတ်တော်ကိုယ်စားလှယ်ကလည်း ဝိုင်းမော်-ဗလမင်းထင်တံတား အဆင်းကနေပြီး နောင်တာလောရွာအထိ ကတ္တရာလမ်းခင်းပေးဖို့၊ ကျောက်ဆည်မြို့နယ် လွတ်တော်ကိုယ်စားလှယ်က ကျောက်ဆည်နဲ့ ရွှေဒါး-သပြေ ဝန်းလမ်းပိုင်း အဆင့်မြှင့်တင်ပေးဖို့၊ မိုးနဲလွတ်တော်ကိုယ်စားလှယ်က ကျိုင်းတောင်း-ဆိုက်ခေါင်လမ်းပိုင်း ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးဖို့၊ ပင်းတယ လွတ်တော်ကိုယ်စားလှယ်ကတော့ မြို့ရှောင်လမ်း ဖောက်လုပ်ပေးဖို့နဲ့ မချမ်းဘောလွတ်တော် ကိုယ်စားလှယ်က မချမ်းဘောမြို့တွင်းလမ်းတွေ ပြုပြင်ပေးဖို့တင်ပြကြတာပါ။ ဒီနေရာမှာ ကျွန်တော် တို့လည်း အသက် ၆၀ ကျော်၊ ဂုဝ ဖြစ်နေပြီ။ လွတ်တော်တက်မှ ဗဟုသုတအတော်လေးရမိတယ်။

“လမ်းတွေမှာ အဆင့်အတန်း A၊ B၊ C ဆိုတာ ရှိသလို ကျေးလက်လမ်း၊ မြို့နယ်က စီမံခန့်ခွဲတဲ့ လမ်းဆိုတာ ခွဲခြားပြီးရှိတယ်။ ပြီးတော့ လမ်းအမျိုးအစား၊ မြေသားလမ်း၊ ကျောက်ခင်းလမ်း၊ ကွန်ကရစ်လမ်းနဲ့ ကတ္တရာလမ်းဆိုပြီး အဆင့်လိုက်ရှိကြတယ်။ အဲဒါတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လွတ်တော်ကိုယ်စားလှယ်တွေမေးတဲ့ မေးခွန်းတွေကို စနစ်တကျ ပြင်ဆင်လာပြီး ဘယ်လမ်းပိုင်းကတော့ အရှည် ဘယ်လောက်ရှိတယ်။ အဲဒီမှာမြေသားလမ်းက အရှည်ဘယ်လောက်၊ ကျောက်ခင်းလမ်းက ဘယ်လောက်၊ ကွန်ကရစ်လမ်းက ဘယ်လောက်၊ ဘယ်ဘဏ္ဍာရေးနှစ်မှာ အရှည် ဘယ်လောက်ကိုတော့ အရှည်ဘယ်နှစ်မိုင် နှစ်အလိုက် အဆင့်မြှင့်မယ်။ ကျန်တဲ့လမ်းပိုင်းကို ဘဏ္ဍာရေးနှစ်အလိုက် သက်ဆိုင်ရာတိုင်းဒေသကြီး ဒါမှမဟုတ် ပြည်ထောင်စုရန်ပုံငွေကနေပြီး ဘယ်လောက်ထိ ပြင်ဆင်ပေးသွားမယ်ဆိုပြီး တိတိကျကျ ဖြေပေးသွားတာ ကျွန်တော်ကတော့ အတော်လေးကျေနပ်အားရမိတယ်”

“ပို့ဆောင်ရေးနဲ့ပတ်သက်ပြီး မေးခွန်းဘယ်နှစ်ခု မေးသလဲ။ ဘာအကြောင်းတွေလဲ”

“ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ပတ်သက်ပြီး မေးခွန်းနှစ်ခုမေးပါတယ်။ အဲဒါတွေကတော့ မော်လမြိုင်မဲဆန္ဒနယ် လွတ်တော်ကိုယ်စားလှယ်က မော်လမြိုင်နဲ့ နေပြည်တော်ရထား ဘယ်တော့ ပြေးဆွဲမလဲ၊ ဒီမော့ဆိုမြို့နယ် လွတ်တော် ကိုယ်စားလှယ်မေတာက သက်တမ်းလွန် မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ် မှတ်ပုံတင် ခွင့်ပြုမယ့်အစီအစဉ်နဲ့ မော်တော်ယာဉ် မှတ်ပုံတင် စာအုပ်၊ သက်သေခံလက်မှတ်တွေ ပျက်စီး/ ပျောက်ဆုံးရင် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ မေးတာပါ။

“ဒီမေးခွန်းတွေကတော့ အတော်များများ တွေ့ကြုံနေရတာကြောင့် အများက စိတ်ဝင်စား ကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မော်လမြိုင်-နေပြည်တော် ရထားလမ်းနဲ့ပတ်သက်ပြီး လက်ရှိ နေပြည်တော်-တောင်ငူ-အိမ်ခြေလေးဆယ်-ဆတ်သွားကုန်း-မော်လမြိုင်ရထားလမ်းပိုင်းကို ၂၀၀၇ ခုနှစ် ဧပြီလက စပြီး ပြေးဆွဲပေးခဲ့ပေမယ့် ခရီးသွားသူနည်းပါးတဲ့အတွက် နိုင်ငံတော်က အရှုံးခံပြေးဆွဲပေးခဲ့ပါကြောင်း၊ လက်ရှိမှာ နေပြည်တော်-မော်လမြိုင် တိုက်ရိုက်ပြေးဆွဲမှုမရှိပေမယ့် မော်လမြိုင်မှ ပဲခူး၊ ပဲခူးမှ နေပြည်တော်အထိ ချိတ်ဆက်ပြီး သွားလာနိုင်ပါကြောင်း ဖြေကြားသွားပါတယ်။ သက်တမ်းလွန် မော်တော်ယာဉ်/ဆိုင်ကယ်တွေ မှတ်ပုံတင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ငါးနှစ်သက်တမ်းလွန် မော်တော်ယာဉ်/ဆိုင်ကယ်တွေ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးဥပဒေအရ ပြန်လည်မှတ်ပုံတင်လို့ မရပါကြောင်းနဲ့ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မှတ်ပုံတင်သက်သေခံလက်မှတ် ပျက်စီး/ပျောက်ဆုံးရင် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ မေးတာပါ။

“ရေရှရှိရေး ဆည်မြောင်းကိစ္စတွေနဲ့ပတ်သက်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြေကြားသွားတာတွေက အတော်လေး ကျေနပ်အားရစရာကောင်းပါတယ်။ အထူးသဖြင့် လွတ်တော်ကိုယ်စားလှယ်တွေ အခုတင်ပြတဲ့ လုပ်ငန်းသုံးခုစလုံးက ဝန်ကြီးဌာနက သွားရောက်စစ်ဆေးပြီး စတင်လုပ်ဆောင်နေတဲ့ လုပ်ငန်းတွေဖြစ်နေတာ တွေ့ရပါတယ်။ အဲဒီလိုဆောင်ရွက်နေတာတွေကို ဓာတ်ပုံတွေနဲ့တကွ ရှင်းလင်းပြသပြီး လုပ်ငန်းပြီးစီးမယ့်ကာလကိုပါ ဖော်ပြထားတော့ တင်ပြကြတဲ့ လွတ်တော်ကိုယ်စားလှယ်တွေ ကျေနပ်ကြတဲ့အပြင် ကျွန်တော်တို့အားလုံးလည်း ကျေနပ်မှုဖြစ်ရပါတယ်”

ဝန်ကြီးက လွတ်တော်ကိုယ်စားလှယ်တွေမေးတဲ့ မေးခွန်းတွေကို စနစ်တကျ ပြင်ဆင်လာပြီး ဘယ်လမ်းပိုင်းကတော့ အရှည် ဘယ်လောက်ရှိတယ်။ အဲဒီမှာမြေသားလမ်းက အရှည်ဘယ်လောက်၊ ကျောက်ခင်းလမ်းက ဘယ်လောက်၊ ကွန်ကရစ်လမ်းက ဘယ်လောက်၊ ဘယ်ဘဏ္ဍာရေးနှစ်မှာ အရှည် ဘယ်လောက်ကိုတော့ အရှည်ဘယ်နှစ်မိုင် နှစ်အလိုက် အဆင့်မြှင့်မယ်။ ကျန်တဲ့လမ်းပိုင်းကို ဘဏ္ဍာရေးနှစ်အလိုက် သက်ဆိုင်ရာတိုင်းဒေသကြီး ဒါမှမဟုတ် ပြည်ထောင်စုရန်ပုံငွေကနေပြီး ဘယ်လောက်ထိ ပြင်ဆင်ပေးသွားမယ်ဆိုပြီး တိတိကျကျ ဖြေပေးသွားတာ ကျွန်တော်ကတော့ အတော်လေးကျေနပ်အားရမိတယ်”

“ပို့ဆောင်ရေးနဲ့ပတ်သက်ပြီး မေးခွန်းဘယ်နှစ်ခု မေးသလဲ။ ဘာအကြောင်းတွေလဲ”

“ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ပတ်သက်ပြီး မေးခွန်းနှစ်ခုမေးပါတယ်။ အဲဒါတွေကတော့ မော်လမြိုင်မဲဆန္ဒနယ် လွတ်တော်ကိုယ်စားလှယ်က မော်လမြိုင်နဲ့ နေပြည်တော်ရထား ဘယ်တော့ ပြေးဆွဲမလဲ၊ ဒီမော့ဆိုမြို့နယ် လွတ်တော် ကိုယ်စားလှယ်မေတာက သက်တမ်းလွန် မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ် မှတ်ပုံတင် ခွင့်ပြုမယ့်အစီအစဉ်နဲ့ မော်တော်ယာဉ် မှတ်ပုံတင် စာအုပ်၊ သက်သေခံလက်မှတ်တွေ ပျက်စီး/ ပျောက်ဆုံးရင် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ မေးတာပါ။

“ဒီမေးခွန်းတွေကတော့ အတော်များများ တွေ့ကြုံနေရတာကြောင့် အများက စိတ်ဝင်စား ကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မော်လမြိုင်-နေပြည်တော်-တောင်ငူ-အိမ်ခြေလေးဆယ်-ဆတ်သွားကုန်း-မော်လမြိုင်ရထားလမ်းပိုင်းကို ၂၀၀၇ ခုနှစ် ဧပြီလက စပြီး ပြေးဆွဲပေးခဲ့ပေမယ့် ခရီးသွားသူနည်းပါးတဲ့အတွက် နိုင်ငံတော်က အရှုံးခံပြေးဆွဲပေးခဲ့ပါကြောင်း၊ လက်ရှိမှာ နေပြည်တော်-မော်လမြိုင် တိုက်ရိုက်ပြေးဆွဲမှုမရှိပေမယ့် မော်လမြိုင်မှ ပဲခူး၊ ပဲခူးမှ နေပြည်တော်အထိ ချိတ်ဆက်ပြီး သွားလာနိုင်ပါကြောင်း ဖြေကြားသွားပါတယ်။ သက်တမ်းလွန် မော်တော်ယာဉ်/ဆိုင်ကယ်တွေ မှတ်ပုံတင်တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ငါးနှစ်သက်တမ်းလွန် မော်တော်ယာဉ်/ဆိုင်ကယ်တွေ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးဥပဒေအရ ပြန်လည်မှတ်ပုံတင်လို့ မရပါကြောင်းနဲ့ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မှတ်ပုံတင်သက်သေခံလက်မှတ် ပျက်စီး/ပျောက်ဆုံးရင် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ မေးတာပါ။

“အေးကွာ၊ ဒီလိုစကားကြားရတာ အတော်လေးကောင်းပါတယ်။ ဌာနဆိုင်ရာတွေအနေနဲ့ အလုပ်များတာမှန်ပေမယ့် တို့ပြည်သူ့တွေအတွက်တော့ အတော်လေးအကျိုးရှိပါတယ်။ ပြီးတော့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ မေးခွန်းတွေကရော ဘာတဲ့လဲ”

အစ်ကိုကြီးက စိတ်ဝင်စားစွာ မေးလာပြန်ပါသည်။

“ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပတ်သက်လို့ကတော့ မိုးညှိမြို့နယ်က မြို့နယ်ဆေးရုံအတွက် လျှပ်စစ်ဓာတ်အားပေးစက် ပံ့ပိုးပေးဖို့၊ ကျောင်းကုန်းမြို့နယ် ဒေါင့်ကြီးတိုက်နယ်ဆေးရုံနဲ့ ဝန်ထမ်းအိမ်ရာအသစ် တည်ဆောက်ပေးဖို့၊ ဝေါမြို့နယ် ပြည်သူ့ဆေးရုံအတွက် လက်ထောက်ဆရာဝန် တစ်ဦးခန့်ထားပေးဖို့ပါ”

“အေး ကောင်းတယ်ကွာ၊ ပြည်သူ့လွတ်တော် ကိုယ်စားလှယ်ဆိုတာ ကိုယ့် ကိုယ်စားပြုတဲ့ မြို့နယ်ရဲ့လိုအပ်ချက်တွေကို အခုလိုတောင်းခံပေးမှ မြို့နယ်အတွက် အကျိုးရှိမှာ။ အဲဒီတော့ ကျန်းမာရေးဝန်ကြီးဌာနက ဘာလုပ်ပေးမှာတဲ့လဲ”

အစ်ကိုကြီးအသံက အားတက်သရောရှိလှသည်။

“အဲဒါနဲ့ပတ်သက်ပြီးလဲ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မိုးညှိမြို့နယ်အတွက် 25KVA လျှပ်စစ်ဓာတ်အားပေးစက်ကို ထောက်ပံ့ပေးပြီး တပ်ဆင်ပြီးဖြစ်ပါကြောင်း။ ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကို ၂၀၁၈-၂၀၁၉ မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ရေးကနဦးရိုက်ကို အပ်နှံခဲ့ကြောင်း၊ ကုမ္ပဏီက ၃၀ ရာခိုင်နှုန်းသာ ပြီးစီးပြီး ပြန်လည်အပ်နှံသဖြင့် တိုင်းကျန်းမာရေးဦးစီးဌာနကကြပ်မတ်ပြီး ဝန်ထမ်းအိမ်ရာကိုပါ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အပြီး ဆောက်လုပ်ဖို့ စီစဉ်လျက်ရှိကြောင်း၊ ဝေါမြို့နယ် ပြည်သူ့ဆေးရုံအတွက် လက်ထောက်ဆရာဝန်တစ်ဦး ခန့်အပ်ရေးနဲ့ပတ်သက်လို့ ဝေါမြို့နယ် ပြည်သူ့ဆေးရုံမှာ လက်ရှိမြို့နယ် ကျန်းမာရေးဦးစီးမှူး ဆရာဝန်တစ်ဦး၊ လက်ထောက်ဆရာဝန်လေးဦး၊ သွားနဲ့ ခံတွင်းဆရာဝန် တစ်ဦး၊ သူနာပြု ၁၃ ဦးရှိတာမို့ ထပ်မံခန့်အပ်ဖို့ မလိုအပ်ကြောင်း ဖြေကြားသွားပါတယ်”

“ အဲဒီလို တိတိကျကျ ရှင်းရှင်းလင်းလင်းဖြေလိုက်တော့လည်း အားလုံးရှင်းသွားတာပေါ့။ နောက်ပြီး ကျန်တာက စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းကိစ္စ၊ ဘာတွေမေးပြီး ဘယ်လိုဖြေကြားသွားတယ်ဆိုတာလေး ပြောပြစမ်းပါဦး”

“စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနနဲ့ပတ်သက်ပြီး မိုင်းယောင်းမြို့နယ်က နန့်ဟင်းချောင်းလက်ရှိကရေလွှဲဆည်ကို ကျောက်စိမ်ကွန်ကရစ်ရေလွှဲဆည် တည်ဆောက်ပေးဖို့၊ မိုင်းခတ်မြို့နယ် မိုင်းနှန်းကျေးရွာ နမ့်နှန်းချောင်း၊ ခမ်းနဲ့ ရေလွှဲဆည် ချောင်းကမ်းပါးပြိုကျပျက်စီးမှု ပြုပြင်ပေးဖို့နဲ့ ကျောက်စီရေလွှယ်မြောင်း ဘယ်တော့ ဆောင်ရွက်ပေးမယ်ဆိုတာ သိလိုတဲ့အကြောင်း၊ လွိုင်ကော်မြို့နယ် မိုးဇြေကောတာမှ မှုံပြာကျေးရွာအထိ မြောင်းတစ်လျှောက် ကျောက်စီမြေထိန်းနံရံ ပြုပြင်ပေးဖို့နဲ့ မိုင်နာမြောင်းပြုပြင်ပေးဖို့ တင်ပြကြတာပါ”

“အေးကွ၊ ရေကလည်း သဘာဝကပေးအပ်တဲ့ အဖိုးအထိုက်တန်ဆုံး ရတနာတစ်ပါးဖြစ်ပေမယ့် အခုတင်ပြသလို ရေလွှဲဆည်တွေ၊ ရေသွယ်မြောင်းတွေ၊ မြောင်းတစ်လျှောက် ကျောက်စီမြေထိန်းနံရံတွေရှိမှ ဒီအဖိုးတန်ရေကို တို့တစ်တွေ တန်ဖိုးရှိရှိ အသုံးချနိုင်မှာ၊ အဲဒါတွေမေးတော့ ဘယ်လိုပြန်ပြီး ဖြေတယ်ဆိုတာလေးလည်း ရှင်းပြစမ်းပါဦး”

“ရေရှရှိရေး ဆည်မြောင်းကိစ္စတွေနဲ့ပတ်သက်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြေကြားသွားတာတွေက အတော်လေး ကျေနပ်အားရစရာကောင်းပါတယ်။ အထူးသဖြင့် လွတ်တော်ကိုယ်စားလှယ်တွေ အခုတင်ပြတဲ့ လုပ်ငန်းသုံးခုစလုံးက ဝန်ကြီးဌာနက သွားရောက်စစ်ဆေးပြီး စတင်လုပ်ဆောင်နေတဲ့ လုပ်ငန်းတွေဖြစ်နေတာ တွေ့ရပါတယ်။ အဲဒီလို ဆောင်ရွက်နေတာတွေကို ဓာတ်ပုံတွေနဲ့တကွ ရှင်းလင်းပြသပြီး လုပ်ငန်းပြီးစီးမယ့်ကာလကိုပါ ဖော်ပြထားတော့ တင်ပြကြတဲ့ လွတ်တော်ကိုယ်စားလှယ်တွေကျေနပ်ကြတဲ့အပြင် ကျွန်တော်တို့အားလုံးလည်း ကျေနပ်မှုဖြစ်ရပါတယ် အစ်ကိုကြီး”

ကျွန်တော်က ပြည်သူ့လွတ်တော်တွင် တစ်နေ့တာမေးကြ၊ ဖြေကြသည်များကို ရှင်းပြလိုက်ရ၍ ကျေနပ်အားရမိပါသည်။

“ အေးကွာ လွတ်တော်ဆိုတာ ပြည်သူ့အရေးမေးကြ၊ ဖြေကြ အကောင်အထည်ဖော်ဆောင်ရွက်ကြဖို့ သန္ဓိဋ္ဌာန်ချတဲ့ နေရာဖြစ်တာကြောင့် တိုင်းပြည်အတွက် တကယ့် အရေးပါတဲ့နေရာတစ်ခုပါ။ အဲဒီအရေးပါတဲ့လွတ်တော်ကို တက်ရောက်နေကြတဲ့၊ ငါ့ညီ အပါအဝင် လွတ်တော်ကိုယ်စားလှယ်အားလုံးကို ပြည်သူထဲက ပြည်သူတစ်ယောက်ဖြစ်တဲ့ အစ်ကိုကြီးက လေးစားစွာဂုဏ်ပြုပါတယ်”

အစ်ကိုကြီး၏ ဂုဏ်ပြုစကားက တန်ဖိုးရှိလှပါသည်။ ။

ပန်းချီ၊ ပန်းပုကျောင်း၊ ပန်တျာကျောင်းနှင့် အမျိုးသားအနုပညာပြတိုက်အဖြစ် ဖွင့်လှစ်ရန် ကမ္ဘောဇရိပ်သာ(ချင်းချောင်း)အား ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၄

ပန်းချီ၊ ပန်းပုကျောင်း၊ ပန်တျာကျောင်းနှင့် အမျိုးသားအနုပညာပြတိုက်အဖြစ် ဖွင့်လှစ်ရန် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကမ္ဘောဇရိပ်သာ(ချင်းချောင်း)အား ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ပြုပြင်ထိန်းသိမ်းနေမှုကို ယနေ့ နံနက်ပိုင်းတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ညွှန်ကြားရေးမှူးချုပ်များ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး အနုပညာအထက်တန်းကျောင်း(ရန်ကုန်)မှ ဝန်ထမ်းများ၊ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အနုပညာအထက်တန်းကျောင်း(ရန်ကုန်)တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်၏ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ကြမည့် မျိုးဆက်သစ် လူငယ်များဖြစ်ပါကြောင်း၊ အဆင့်ဆင့်ပြောင်းလဲတိုးတက်နေသော ဆက်စပ်ပညာရပ်များကိုပါ ဆည်းပူးလေ့လာ၍ အနုပညာရပ်များ ထာဝရရှင်သန်စေရန် ဆောင်ရွက်နိုင်သည့် အနုပညာရှင်များဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသားအနုပညာပြတိုက် (ချင်းချောင်း) မြေညီထပ်နှင့် ပထမထပ်ရှိ ကြမ်းခင်းများပြုပြင်ခြင်း၊ ပေါလစ်အရောင်တင်ခြင်း၊ ကြွေပြားကြမ်းခင်းပြုပြင်ခြင်းလုပ်ငန်းများ၊ သစ်သားလေ့ကားများ ဆေးသုတ်ခြင်းလုပ်ငန်းများနှင့် အဆောက်အအုံ၏ မိုးယိုသောနေရာရှိ သွပ်အမိုး၊ ရေလိုင်းများ လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးကာ ပစ္စည်းများအလေအလွင့် မရှိစေရေးနှင့် ရှေးဟောင်းအဆောက်အအုံဖြစ်သည့် အတွက် ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းရန်၊ နှစ်ပေါင်း ၁၀၀ ကျော် ရှေးဟောင်းအဆောက်အအုံဖြစ်၍ အထူး ဂရုပြု ပြုပြင်ထိန်းသိမ်းရန်၊ ရှေးဟောင်းအဆောက်အအုံတွင် မြန်မာ့ရိုးရာ ပန်းချီ၊ ပန်းပုပညာရပ်များကို နိုင်ငံတကာအဆင့်အတန်းမီမီ အထောက်အကူပစ္စည်းများဖြင့် ဂုဏ်ယူစွာပြသနိုင်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ကမ္ဘောဇရိပ်သာ(ချင်းချောင်း)တွင် အမျိုးသားအနုပညာပြတိုက်အဖြစ် ဖွင့်လှစ်ပြသ၍ မြန်မာ့အနုပညာနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာကသိအောင်ပြသရင်း မြှင့်တင်ရန်၊ အနုပညာအထက်တန်းကျောင်းနှင့် ပြတိုက်ပေါင်းစပ်ကာ သင်ယူမှုမဟုတ်ချက်နှင့် အနုပညာရပ်ဆိုင်ရာ အမွေအနှစ်များပါ လေ့လာကြည့်ရှုသင်ယူနိုင်ရေး စီမံဆောင်ရွက်ရန်၊ ပြည်သူလူထုအပန်းဖြေရန် နေရာ၊ ခရီးသွားဆွဲဆောင်မှုနေရာအသစ်တစ်ခု ဖော်ထုတ်ဆောင်ရွက်ရန် ရည်ရွယ်လျက် မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုတို့စုစည်းရာ အမျိုးသားအနုပညာပြတိုက် (National Art Museum) အဖြစ် နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်ပြသသွားရန် လျာထားစီမံဆောင်ရွက်လျက်ရှိပြီး မြန်မာ့ရိုးရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage–ICH) ဖော်ထုတ်ခြင်း လုပ်ငန်းများ၊ အနုပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ အပတ်စဉ်ဖျော်ဖြေတင်ဆက်မှုများ၊ မြန်မာ့ရိုးရာအစားအသောက်များနှင့် ပေါင်းစပ်ထားသော ရှင်သန်နေသောပြတိုက် (Living Museum) ပုံစံဖြင့် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံစာရင်းကောင်စီ (၁/၂၀၂၆) အစည်းအဝေးကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံစာရင်းကောင်စီသည် နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင် ကဏ္ဍနှစ်ရပ်လုံး၏ စာရင်းပညာနှင့် စာရင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Regulatory Body အနေဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိကြောင်း၊ စာရင်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် စာရင်းလုပ်ငန်း အရည်အသွေးမြင့်မားရေးတို့အတွက် ဆောင်ရွက်ရာတွင် ထိရောက်သည့် စာရင်းပညာသင်ကြားမှုနှင့် အလုပ်သင်လက်တွေ့ ဆောင်ရွက်ခြင်းများ ဖြစ်စေရန်၊ စာရင်းပညာရှင်များနှင့် စာရင်းလုပ်ငန်း လုပ်ကိုင်သူများက အတတ်ပညာပိုင်းဆိုင်ရာ သတိသမ္မဇဉ်များထားရှိ ဆောင်ရွက်စေရန်နှင့် ကျင့်ဝတ်သိက္ခာများ စောင့်ထိန်းလိုက်နာစေရန် ထိန်းကျောင်းကြပ်မတ်ပေးရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါ်နိုင်သက်ဦးက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံစာရင်းကောင်စီရုံးအစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည့် မြန်မာနိုင်ငံစာရင်းကောင်စီ(၁/၂၀၂၆) အစည်းအဝေးတွင် ပြောကြားသည်။

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့၊ သက်ဆိုင်ရာ ကော်မတီများနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့၏ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် မြန်မာနိုင်ငံစာရင်းကောင်စီအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး(၁/၂၀၂၆)တွင် ဆွေးနွေး တင်ပြချက်များကို မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်း၊ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်လုံးတွင် စာရင်းပညာနှင့် စာရင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

ထို့ပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ဒေါ်ပုံမြို့နယ် စာရင်းစစ်ရုံး၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ မြပန်းဆိုင်ခန်းမ၌ ကျင်းပသည့် နိုင်ငံပိုင်၊ ဌာနပိုင်ပစ္စည်းများအား ဆုံးရှုံးမှုစာရင်းမှ ပယ်ဖျက်ခြင်း၊ စာရင်းမှပယ်ဖျက်ခြင်းတို့အတွက် စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

နေပြည်တော်မုခ်ဦး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ယာဉ်သွားလာမှုစနစ် ယာယီပြောင်းလဲဆောင်ရွက်ထားရှိ

နေပြည်တော် နိုဝင်ဘာ ၁၄

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာသေဂီဟ လမ်းကဲ့ကော်ပန်းအိုင်းအနီးတွင် နေပြည်တော်မုခ်ဦးတည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းခွင်အတွင်း ယာဉ်သွားလာမှုစနစ်ယာယီပြောင်းလဲဆောင်ရွက်ထားကြောင်း သိရသည်။

နေပြည်တော် ကောင်စီဝင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းက နေပြည်တော်မုခ်ဦးတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ယာဉ်သွားလာမှုစနစ် ယာယီပြောင်းလဲဆောင်ရွက်ထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထိုသို့စစ်ဆေးရာတွင် F1 နှင့် F2 လမ်းများပေါ်၌ ယာဉ်ကြောသွားလာမှုအခြေအနေ၊ လမ်းအင်အထွက်နေရာများ၌ ယာဉ်ကြောပိတ်ဆို့မှုရှိ မရှိ၊ ယာဉ်လမ်းကြောင်းညွှန်ပြ ဆိုင်းဘုတ်များ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး အစီအမံများနှင့် လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယမြို့တော်ဝန်က ယာဉ်ကြောသွားလာမှု အဆင်ပြေချောမွေ့စေရေး အတွက် သက်ဆိုင်ရာယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ယာဉ်လမ်းကြောင်းပြောင်းလဲသည့်နေရာများတွင် လမ်းညွှန်ဆိုင်းဘုတ်များကို ထင်ရှားစွာထားရှိရန်၊ ယာဉ်ကြောကျပ်တည်းမှုနှင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ဖြေရှင်းရန်၊ အနီးဝန်းကျင်ရှိ ဟိုတယ်များနှင့် ဆက်စပ်လမ်းများ၏ အဝင်အထွက်များ အဆင်ပြေစေရန်နှင့် ပြည်သူများ သွားလာရေး အခက်အခဲ အနည်းဆုံးဖြစ်စေရန် မှာကြားသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မုခ်ဦးတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ပြည်သူများ ဘေးကင်းလုံခြုံစွာ၊ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးကိုဦးစားပေး၍ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြို့တော်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသကဲ့သို့ ပြည်သူများ၏ နေ့စဉ်သွားလာရေး အဆင်ပြေချောမွေ့မှုနှင့် ဘေးကင်းလုံခြုံမှုကိုလည်း အလေးထားကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်





အိမ်တွင်းသုံးရေ ချွေတာရေး

ရေချိုးချိန်နှင့် နေ့စဉ်ရေသုံးစွဲမှုကို လျှော့ချပါ။ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ်အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည်သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီးဟင်းရွက်ဆေးကြောထားသော ရေများ။ ဆန်ဆေးရည်များကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)

အမေရိကန်ပြည်ထောင်စု-တရုတ်-ရုရှား ထိပ်သီးအစည်းအဝေး နိုဝင်ဘာ ၁၉ ရက်တွင် ပြုလုပ်မည်

ဝါရှင်တန် နိုဝင်ဘာ ၁၄

အမေရိကန်ပြည်ထောင်စု၊ တရုတ်နှင့် ရုရှားနိုင်ငံတို့သည် လာမည့် နိုဝင်ဘာ ၁၉ ရက်တွင် ၎င်းတို့၏ ပထမဆုံးအကြိမ် တရားဝင်ထိပ်သီးအစည်းအဝေး ပြုလုပ်သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် တရုတ်နိုင်ငံ ရှင်းကျန့်မြို့တွင် ကျင်းပပြုလုပ်မည့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ဖိုရမ်ပြင်ပတွင် သီးခြားတွေ့ဆုံသွားမည်ဖြစ်သည်။

သုံးနိုင်ငံခေါင်းဆောင်များသည် ကမ္ဘာပေါ်ရှိ ချူကလီးယားလက်နက် အရေအတွက်လျော့ချရေးကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က နိုဝင်ဘာ ၁၃ ရက်တွင် ပြောသည်။ သမ္မတဒေါ်နယ်



ထရမ့်က သုံးနိုင်ငံထိပ်သီးအစည်းအဝေးတွင် အရှေ့အလယ်ပိုင်းဒေသ အရေး ထည့်သွင်းဆွေးနွေးသွားဖွယ်ရှိသည်။ **အင်နဲအိတ်ချ်ကေ**

ဥရောပနည်းပညာခေါင်းဆောင်များ အစည်းအဝေးကို ပါရီမြို့တွင် ကျင်းပမည်

ဒဇွလင် နိုဝင်ဘာ ၁၄

ဒီဇင်ဘာ ၂ ရက်တွင်ကျင်းပမည့် ဥရောပနည်းပညာခေါင်းဆောင်များ အစည်းအဝေးကို နယ်သာလန်ဝန်ကြီးချုပ် ရော့ဘ်ယက်တန်နှင့်အတူ ပူးတွဲကျင်းပသွားမည်ဟု ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က နိုဝင်ဘာ ၁၃ ရက်တွင် ပြောသည်။

အဆိုပါအစည်းအဝေးကို ပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းစေရန်နှင့် ဥရောပ၏နည်းပညာပိုင်းဆိုင်ရာ အဓိကအခိုကင်းမှုကို တိုးမြှင့်ရန် ရည်ရွယ်၍ပြုလုပ်ခြင်းလည်းဖြစ်သည်။

Tech Creators ဟု အမည်ပေးထားသော အဆိုပါအစည်းအဝေးသို့ ဥရောပ၏အနာဂတ်အတွက် အရေးပါသည်ဟုသတ်မှတ်ထားသော နည်းပညာများကိုဖန်တီးနေသည့် ကုမ္ပဏီအကြီးအကဲများ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း လူမှုကွန်ရက်ပလက်ဖောင်း X တွင် မက်ခရွန်က ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

ဂျပန်က လာမည့်ငါးနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ်ကို ယန်း ၆၀ ထရီလီယံအထိ တိုးမြှင့်သုံးစွဲမည်

တိုကျို နိုဝင်ဘာ ၁၄

ဂျပန်အစိုးရသည် ၂၀၂၇ ဘဏ္ဍာနှစ်မှ ၂၀၃၁ ဘဏ္ဍာနှစ်အထိ ကာကွယ်ရေးအသုံးစရိတ် စုစုပေါင်းကို ယန်း ၆၀ ထရီလီယံ (အမေရိကန် ဒေါ်လာ ၃၇၆ ဘီလီယံခန့်) အထိ တိုးမြှင့်သုံးစွဲသွားရန် စီစဉ်နေမှုနှင့်အတူ ငါးနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ်ကို သိသိသာသာ တိုးမြှင့်သုံးစွဲသွားရန် ရည်မှန်းထားကြောင်း သတင်းအရင်းအမြစ်များကို ကိုးကား၍ ကျိုဒို သတင်းဌာနက နိုဝင်ဘာ ၁၃ ရက်တွင် ဖော်ပြထားသည်။

ကာကွယ်ရေးအသုံးစရိတ်များကို ဒရုန်းများ၊ ခဲယမ်းမီးကျောက်များနှင့် ဒုံးကျည်များကို အမြောက်အမြား ဝယ်ယူဖြည့်တင်းခြင်းတို့တွင် အဓိကထားသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ဂျပန်နိုင်ငံ၏ လက်ရှိလုံခြုံရေးဆိုင်ရာ မူဝါဒစာတမ်းသုံးခုတွင် ၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၇ ဘဏ္ဍာနှစ်အထိ ငါးနှစ်တာအတွင်း စုစုပေါင်းကာကွယ်ရေးအသုံးစရိတ်ကို ယန်း ၄၃ ထရီလီယံခန့်အထိ တိုးမြှင့်သုံးစွဲရန် ဖော်ပြထားသည်။ **ဆင်ဟွာ**

တူကီယဲနှင့် ကာတာနိုင်ငံတို့ အပြန်အလှန်ကာကွယ်ရေး သဘောတူညီချက် လက်မှတ်ရေးထိုး

အန်ကာရာ နိုဝင်ဘာ ၁၄

တူကီယဲနှင့် ကာတာနိုင်ငံတို့သည် နိုဝင်ဘာ ၁၃ ရက်တွင် အပြန်အလှန်ကာကွယ်ရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း တူကီယဲသမ္မတရုံးက ထုတ်ပြန်ချက်တွင် ပြောကြားသည်။



တူကီယဲသမ္မတ ရီဆက် တေရစ် အာဒိုဂန်သည် တူကီယဲနိုင်ငံသို့ အလည်အပတ်ရောက်ရှိသည့် ကာတာအကြီးအကဲ ရှိတ်ခ်တာမင်ဘင်ဟာမက် အယ်လ်သာနီနှင့် အစ္စတန်ဘူလ်မြို့၌ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သဘောတူညီချက်၏ အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

ထို့ပြင် တွေ့ဆုံမှုအတွင်း ပင်လယ်ကွေ့ဒေသ၌ ပဋိပက္ခများ ပြန်လည်ဖြစ်ပွားခြင်းကို တားဆီးရန်အတွက် နှစ်ဖက်စလုံးက ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ အာဒိုဂန်က ပြောကြားခဲ့သည်။

အပြန်အလှန် ကာကွယ်ရေး သဘောတူညီချက်အပြင် ကုန်သွယ်ရေး၊ ပညာရေး၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့် သံတမန်ရေးရာ ပူးပေါင်းဆောင်ရွက်မှုတို့ ပါဝင်သည့် အခြားသဘောတူညီချက် လေးရပ်ကိုလည်း နှစ်ဖက်စလုံးက လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

တန်ဇန်းနီးယားက လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမြှင့်တင်ရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးချဲ့မည်

ဒါအက်ဆလမ်မြို့ **၁၄**

တန်ဇန်းနီးယားနိုင်ငံသည် နိုင်ငံ၏ စုစုပေါင်းလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုပမာဏကို ၈၀၀၀ မဂ္ဂါဝပ် အထိ မြှင့်တင်ရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၃၀ ပြည့်နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ၁၈၉၂ မဂ္ဂါဝပ် ရရှိရန်စီစဉ်လျက်ရှိကြောင်း အစိုးရ တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ တာဝန်ရှိသည့် စွမ်းအင် ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်း ဝန် ဂျိမ်းစ်မာတာရာဂျီယိုက ဒါအက်ဆလမ်မြို့၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရက်သတ္တပတ် ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ် ယင်းသို့ မှတ်ချက်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် ဇီဝလောင်စာအပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်များသည် နိုင်ငံ၏လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ရည်မှန်းချက်ပြည့်မီစေရန် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက် ၂၀၅၀ သည် ၂၀၅၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုပမာဏ ၇၀ ဂီဂါဝပ် အထိရရှိရန် ရည်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

လူဝီစီးယားနားပြည်နယ်၌ ရေနံတင်သင်္ဘောက ဆိုက်ကပ်ထားသော အပျော်စီးသင်္ဘောကို တိုက်မှုဖြစ်ပွား

လူဝီစီးယားနား နိုဝင်ဘာ ၁၄

အမေရိကန်တောင်ပိုင်း လူဝီစီးယားနားပြည်နယ်၌ နိုဝင်ဘာ ၁၃ ရက်တွင် ရေနံတင်သင်္ဘောတစ်စင်းက ဆိုက်ကပ်ထားသော အပျော်စီး



သင်္ဘောကို တိုက်မိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်မှာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် နယူးအော်လင်းပြိုရှိ မစ္စစ္စပီဖြစ်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဖြစ်ရပ်ကြောင့် အပျော်စီးသင်္ဘောတိမ်းမှောက်ခဲ့ပြီး ကယ်ဆယ်ရေးကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်ခဲ့ရကြောင်း သိရသည်။

လူအများအပြားသည် ရေထဲသို့ လွင့်စဉ်ပြုတ်ကျခဲ့ကြောင်း၊ လူပေါင်း ၃၂ ဦးကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် လက်ရှိအခြေအနေတည်ငြိမ်ပြီဖြစ်ကြောင်း နယူးအော်လင်း မြို့တော်ဝန် ဟယ်လီနာမိုရီနိုက ပြောသည်။ မြို့တော်ဝန်၏ ပြောကြားချက်အရ သင်္ဘော တိုက်မှုဖြစ်ပွားပြီးနောက် ပျောက်ဆုံးသူမရှိကြောင်း၊ ရေနံတင်သင်္ဘောမှာ Atlantic Asphalt အမည်ရှိ သင်္ဘောဖြစ်ပြီး အရှိန်မထိန်းနိုင်ဘဲ မြစ်တွင်းသွားသင်္ဘောကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အင်နဲအိတ်ချ်ကေ၊ ဆင်ဟွာ**

အမေရိကန်လေကြောင်းပျံသန်းမှု စီမံခန့်ခွဲရေးအဖွဲ့က လေယာဉ်ပျံသန်းမှု ရပ်နားမိန့်ရုပ်သိမ်း

ဝါရှင်တန် နိုဝင်ဘာ ၁၄

အမေရိကန် လေကြောင်းပျံသန်းမှု စီမံခန့်ခွဲရေးအဖွဲ့သည် တစ်နိုင်ငံလုံး အနှံ့ လေယာဉ်များအား ပျံသန်းခွင့် ယာယီရပ်နားထားရန် အမိန့်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်သည်။ အဆိုပါရပ်နားထားရန်အမိန့်သည် ထုတ်ပြန်ချိန် စုစုပေါင်းလေးနာရီကြာမြင့်ခဲ့သည်။ ဆက်သွယ်ရေးဆိုင်ရာ ပြဿနာကြောင့် ယင်းသို့အမိန့်ထုတ်ရခြင်းဖြစ်ကြောင်း အမေရိကန်အမိမြေလုံခြုံရေးဌာနက ပြောသည်။ လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံအပေါ် တိုက်ခိုက်မှုတစ်စုံတစ်ရာ ဖြစ်ပွားလာနိုင်ခြင်း မရှိကြောင်းလည်း အဆိုပါဌာနက ပြောသည်။ သို့သော်လည်း လေဆိပ်များတွင် ရှုပ်ထွေးမှုများ ရှိနေဆဲဖြစ်သည်။

ထူးခြားသောအခြေအနေများ ဖြစ်ပေါ်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များကြောင့် နိုင်ငံတစ်ဝန်း လေကြောင်းပျံသန်းမှုများကို ယာယီရပ်နားထားရန် အမေရိကန်လေကြောင်းပျံသန်းမှု စီမံခန့်ခွဲရေးအဖွဲ့က အမိန့်ထုတ်ပြန်ခဲ့သည်။ အဆိုပါကန့်သတ်ချက်များကို နိုဝင်ဘာ ၁၃ ရက် ည ၈ နာရီ ၁၉ မိနစ်တွင် အပြည့်အဝ ပြန်လည် ရုပ်သိမ်းခဲ့သည်။ ယခုအချိန်အထိ ဖျက်သိမ်းထားသည့် လေယာဉ်ခရီးစဉ် ပေါင်း ၈၀၀၀ ကျော်ရှိသည်ဟု Flightradar24 တွင် ဖော်ပြထားသည်။

ယခုဖြစ်စဉ်သည် နည်းပညာကုမ္ပဏီကြီးဖြစ်သည့် မိုက်ခရိုဆော့ဖ်၏ ဝန်ဆောင်မှုချို့ယွင်းခြင်းနှင့် သက်ဆိုင်မှုမရှိကြောင်းနှင့် ဆိုက်ဘာတိုက်ခိုက်မှုကို ဖော်ပြသည့် အထောက်အထားလည်းမရှိကြောင်း အမိမြေလုံခြုံရေးဝန်ကြီး မာ့ခဲပိန်းမာလင်က အိမ်ဖြူတော်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။ **အင်နဲအိတ်ချ်ကေ**

နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

ချီလီနှင့်ပိရူးနိုင်ငံတို့မှ ခေါင်းဆောင်များ ဂျပန်နိုင်ငံသို့ သွားရောက်မည်

လာမည့်သီတင်းပတ်အတွင်း ချီလီနှင့် ပိရူးနိုင်ငံမှ ခေါင်းဆောင်များသည် ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်သည်။ ၎င်းတို့သည် ဂျပန်ဝန်ကြီးချုပ်တာကာအိချီဆာနာအဲ၊ ဂျပန်ဧကရာဇ် နာရူဟီတို တို့နှင့် သီးခြားစီတွေ့ဆုံကြမည်ဖြစ်သည်။ ချီလီသမ္မတ ဟိုဆေးအန်တိုနီယိုကတ်စ်သည် နိုဝင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ လာရောက်မည်ဖြစ်ပြီး ပိရူးသမ္မတ ကီကိုဖူဂျီမိုရီသည် နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ လာရောက်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ အစိုးရအဖွဲ့ ဒုတိယအတွင်းဝန်ချုပ် အိဖောကီမာဆာနာအိုက နိုဝင်ဘာ ၁၃ ရက်တွင် ပြောသည်။ **အင်နဲအိတ်ချ်ကေ**

ငလျင်ဒဏ်သင့် ကုမာမိုတိုဒေသအတွက် အထူးထောက်ပံ့ကြေးပေးမည်

ကုမာမိုတိုပြည်နယ်အစိုးရက စီစဉ်ထားသည့် ပြန်လည်ထူထောင်ရေးရန်ပံ့ငွေအတွက် အထူးခွဲဝေခွန် ထောက်ပံ့ကြေးအဖြစ် ယန်း ၅၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၂၅ သန်း) ကို ခွဲဝေပေးရန် အစိုးရက စီစဉ်လျက်ရှိကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာအိချီ ဆာနာအဲက ပြောကြားသည်။ အဆိုပါငွေများကို ဇူလိုင်လအတွင်း ယင်းပြည်နယ်၌ လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် သဘာဝဘေးဒဏ်သင့်ဒေသများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **အင်နဲအိတ်ချ်ကေ**

မြစ်ကြီးနားမြို့ စီတာပူမနောကွင်းအတွင်း ကချင်ရိုးရာကောက်သစ်စား (အင်လုံအင်နန်ရှား) ပွဲတော်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

မြစ်ကြီးနား နိုဝင်ဘာ ၁၄

ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် ကချင်လူမျိုးရိုးရာ ယဉ်ကျေးမှုအသင်းချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၂၆ ခုနှစ် ကချင်ရိုးရာကောက်သစ်စား (အင်လုံအင်နန်ရှား) ပွဲတော်အား မြစ်ကြီးနားမြို့ စီတာပူ မနောကွင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက အဆိုပါ မနောကွင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ကြိုတင်ပြင်ဆင်မှုများကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်ဦးဆောင်၍ ပြည်နယ်ဝန်ကြီးများက မနောကွင်းအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်တွင်းလူငယ်များ မိသဟာယအသင်း (IYF) တို့ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကချင်ရိုးရာကောက်သစ်စားပွဲ ကျင်းပမည့် မဂ္ဂယ်ခန်းမ၌ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများနှင့် မနောခရင်ပြင်ပေါ်တွင် ရိုးရာကောက်သစ်စားပွဲတော်နှင့်အတူ ကချင်တိုင်းရင်းသားများ၏ အလွန်အရေးပါသော ယဉ်ကျေးမှုကို ထင်ဟပ်ပေါ်လွင်စေသည့် ရိုးရာထောင်ကာအကဖြင့် အတူတကွ ဆင်နွှဲနိုင်ရေး ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ကြိုတင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့ပြင် နောင်နန်းကျေးရွာအုပ်စု နောင်နန်း ကချင်နှစ်ခြင်း ခရစ်ယာန်ဓမ္မတက္ကသိုလ်လက္ခောင်း AD-2000 ခန်းမ၌ ကျင်းပသည့် ဓမ္မတက္ကသိုလ်၏ (၇၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်ပေးအပ်ပွဲသို့ တက်ရောက်ပြီး အဖွင့်ဆုတောင်းဆက်ကပ်ခြင်း၊ ကျမ်းစာရွတ်ဖတ်ခြင်း၊ ဓမ္မတေးသီချင်းသီဆိုချီးမွမ်းခြင်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ပါဝင်ဆက်ကပ်ကြကာ ကျောင်းအုပ်၊ ဒုတိယကျောင်းအုပ်တို့က ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ဘွဲ့ရကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာ ဘွဲ့အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ တောင်ဥက္ကလာပမြို့နယ် အဏက(၃)မှ ကျောင်းသား ကျောင်းသူများ လေ့လာဖူးမြော်

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များကို ပြသထားသည့် ပြက္ကမ်းနှင့် ပြခန်းများအား ယနေ့နံနက်ပိုင်းက ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ရဟန်းရှင်လူ ပြည်သူများ၊ မျိုးဆက်သစ်လူငယ်များနှင့် တောင်ဥက္ကလာပမြို့နယ်မှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ ဖူးမြော်ကြသည်။

ထိုသို့ လာရောက်လေ့လာဖူးမြော်ရာတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၀၀ ပါဝင်ပြီး ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များ၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၏ သမိုင်းကြောင်းနှင့် ဆက်စပ်သည့် ပြခန်းများ၊ ပြက္ကမ်းများကို စိတ်ဝင်တစားလေ့လာဖူးမြော်ကြသည်။

အဆိုပါ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့်အထိမ်းအမှတ် ပြခန်းများ၊ သမိုင်းဝင်ပြခန်းများနှင့် ပြက္ကမ်းများကို အများပြည်သူများ လာရောက်လေ့လာ ဖူးမြော်နိုင်ရန်အတွက် အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့များတွင် ဆက်လက်ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

တပ်ကုန်းမြို့နယ်ရှိ သမဝါယမအသင်းစု(လီမိတက်)၏ အမှုဆောင်သစ်ရွေးချယ်

တပ်ကုန်း နိုဝင်ဘာ ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် သမဝါယမအသင်းစု(လီမိတက်)၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကိုယနေ့ နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစုရုံးတွင် ကျင်းပရာ အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ အသင်းသားစာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများအား အမှုဆောင်အဖွဲ့ဝင်များက ဖတ်ကြားခဲ့ကြပြီး တိုင်းအဆင့်ဖွဲ့စည်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌနိုကြားရေးမှူး ဦးခင်မောင်ဝင်းက သဘာပတိအဖြစ် ဆောင်ရွက်၍ အမှုဆောင်အဖွဲ့၊ အသင်းသားစာရင်းစစ်တို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။ တင်စိုးလွင်



တိုက်ကြီးမြို့နယ်၌ မနောသုခ(၂)ခေါင်နှံ မျိုးသန့်ပွားစိုက်ခင်း စံကွက်ရိတ်သိမ်း

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မနောသုခ(၂) ခေါင်နှံ မျိုးသန့်ပွားစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲ၊ သစ်စိမ်းမြေဩဇာ ပိုက်ဆံလျော့စိုက်ပျိုးပွဲနှင့် ဆီထွက်သီးနှံနေကြာ၊ ပဲပုပ်မျိုးစေ့များ ဖြန့်ဖြူးပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက တောင်သူဦးစိုးထွန်း၏ လယ်မြေ ငါးဧကခွဲ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒေါက်တာထူးမောင်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်က အထွက်နှုန်းကောင်းမွန်ရေး အကြံပြုပြောကြားပြီး ဆီထွက်သီးနှံနေကြာ၊ ပဲပုပ်မျိုးစေ့များကို တောင်သူများထံ ဖြန့်ဖြူးပေးအပ်သည်။



ဆက်လက်၍ မနောသုခ(၂) ခေါင်နှံ မျိုးသန့်ပွားစိုက်ခင်း စံကွက်ကို ရိတ်သိမ်းရာ တစ်ဧကစပါးတင်းအခြောက်ထွက်နှုန်း ၈၂ ဒသမ ၆၁ တင်းနှုန်းထွက်ရှိခဲ့ကာ တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့သည် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျော့) ကြေပက်စိုက်ပျိုးနေမှုနှင့် ကောက်ရိုးထုံးစက်ဖြင့် ကောက်ရိုးထုံးနေမှု၊ ကွမ်းခြံကုန်းကျေးရွာရှိ တောင်သူ ဦးမြတ်စိုးငြိမ်း၏ ပဲပုပ်စိုက်ခင်း ဧက ၃၀ တွင် ပဲပုပ်အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ



ပန်းတနော်မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များ လုပ်ငန်းလည်ပတ်မှု အဆင်ပြေစေရေးအတွက် စက်မှုလုပ်ငန်းသုံးဆီ ဖြန့်ဖြူးရောင်းချနေမှုကို နိုဝင်ဘာ ၁၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် မြို့နယ်မြို့မိမြို့ဖများ ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

ကာတွန်း



ဆီးချိုသွေးချိုရောဂါကို ကျန်းမာစွာ ပြုမူနေထိုင်ခြင်းဖြင့် အန်တုခြင်း

အောင်မင်း(ကျန်းမာရေးပညာ)

နိုဝင်ဘာလ၏ တစ်နေ့သော နံနက်ခင်းတွင် လမ်းလျှောက်နေရင်း မိတ်ဆွေတစ်ယောက်နှင့် တွေ့ဆုံရာ "ဆရာက အသက်သာ ၆၀ ကျော်တာ ခန္ဓာကိုယ်က ဒီအတိုင်းလေးပဲနော်။ ပိန်ပိန်ပါးပါး သွက်သွက်လက်လက်နဲ့"ဟု မှတ်ချက်ပြုရာ ကျွန်တော် ဆီးချိုရောဂါခံစားနေရတာ ၂၁ နှစ် ကျော်ပြီဟု ပြောမိပါသည်။ ထိုအခါ မိတ်ဆွေက "ငကျွဲတို့၊ ပေါ်ဆန်းမွှေးတို့ မစားနဲ့ ဆရာ၊ ဆန်ကြမ်း ပဲစား" ဟု အကြံပြုရာမှ ဆန်အမျိုးအစားထက် ပမာဏကသာ ပိုအရေးကြီးကြောင်း၊ ဖြစ်နိုင်လျှင် မည်သည့်ဆန်အမျိုးအစားမဆို လုံးတီးဆန် (Whole Grain)ကို စားနိုင်လျှင် ပို၍ထိန်းချုပ်နိုင်ကြောင်း ဆွေးနွေးမိရာမှ ဤဆောင်းပါးကို ရေးဖြစ်ပါသည်။

ဆီးချိုသွေးချိုရောဂါသည် ဇီဝကမ္မဖြစ်စဉ် ချို့ယွင်း၍ ဖြစ်ပေါ်လာသည့် သွေးအတွင်း အချိုဓာတ်များနေသော ရောဂါတစ်ခုဖြစ်သည်။ ဆီးချို သွေးချိုရောဂါအဓိကအမျိုးအစားများတွင် ဆီးချို သွေးချိုရောဂါ အမျိုးအစား (၁)နှင့် ဆီးချိုသွေးချို ရောဂါ အမျိုးအစား (၂)ဟူ၍ ရှိသည်။

ဆီးချိုသွေးချိုရောဂါ အမျိုးအစား (၁)

ပန်ကရိယဟုခေါ်သော ဂလင်းအကြိတ်မှ အင်ဆူလင်ဟော်မုန်းကို လိုအပ်သလောက် မထုတ်ပေးနိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဆီးချိုသွေးချို ရောဂါဖြစ်သည်။ ကလေးသူငယ်များနှင့် လူငယ် လူရွယ်များတွင် အဖြစ်များသည်။ ဆီးချိုသွေးချို ရောဂါရှင် စုစုပေါင်း၏ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင် နှုန်းမှာ ဆီးချိုသွေးချိုရောဂါ အမျိုးအစား (၁) ဖြစ်ပါသည်။

ဆီးချိုသွေးချိုရောဂါ အမျိုးအစား (၂)

ပန်ကရိယဟုခေါ်သော ဂလင်းအကြိတ်မှ ထွက်လာသည့် အင်ဆူလင်ဟော်မုန်းကို ခန္ဓာကိုယ်မှ အပြည့်အဝ အသုံးမပြုနိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဆီးချို သွေးချို ရောဂါဖြစ်သည်။ အသက်အရွယ်ကြီးသူများတွင် အဖြစ်များသည်။ ဆီးချို သွေးချိုရောဂါရှင် စုစုပေါင်း၏ ၉၅ ရာခိုင်နှုန်းမှာ ဆီးချိုသွေးချိုရောဂါအမျိုးအစား (၂) ဖြစ်ပါသည်။

ဆီးချိုသွေးချိုရောဂါလက္ခဏာများမှာ ဆီးခဏ ခဏသွားခြင်း၊ ရေအလွန်ငတ်ခြင်း၊ ဆာလောင် မွတ်သိပ်နေခြင်း၊ ပိန်သွားခြင်း၊ နုံးချည့်နေခြင်း၊ အန်ခြင်း၊ ဗိုက်နာခြင်း၊ ခြေလက်များ ထုံခြင်း/ကျဉ်ခြင်း၊ အမြင်အာရုံဝေဝါးခြင်း၊ အနာများ မကြာခဏပေါက်ခြင်း၊ အနာကျက်ရန် ခက်ခဲခြင်း၊ ညတွင် ဆီးခဏ ခဏ သွားခြင်း၊ မိန်းမကိုယ်ယားယံခြင်းတို့ ဖြစ်ပါသည်။

ဆီးချိုသွေးချိုဖြစ်နိုင်ခြေရှိသူများ

- ❖ မိသားစုဝင်ထဲ၌ ဆီးချိုသွေးချိုရောဂါရှိခြင်း၊
- ❖ ကိုယ်အလေးချိန်များလွန်းခြင်း၊ အထူးသဖြင့် ဝမ်းတွင်းအဆီများလွန်းခြင်း၊
- ❖ အသက် ၄၅ နှစ်အထက်ဖြစ်ခြင်း၊
- ❖ ကိုယ်ကာယလှုပ်ရှားမှု နည်းပါးသည့်ဘဝ နေထိုင်မှုပုံစံရှိခြင်း၊
- ❖ ယခင်က ကိုယ်ဝန်ဆောင်စဉ် ဆီးချိုရောဂါ ရှိခဲ့ဖူးခြင်း၊
- ❖ ယခင်က ဆီးချိုသွေးချိုရောဂါကနဦးအဆင့် များရှိခဲ့ခြင်း။

ဆီးချိုသွေးချိုရောဂါရှိပါက စစ်ဆေးဆောင်ရွက်ရမည့်အချက်များ

- ❖ မိမိ၏ သွေးချိုဓာတ်ကို ပုံမှန်စစ်ဆေးပြီး မှတ်တမ်းပြုစုထိန်းသိမ်းထားရှိပါ။
- ❖ မျက်စိကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ် စစ်ဆေးပါ။
- ❖ ကျောက်ကပ်ထိခိုက်မှုကို စောစီးစွာ ဖော်ထုတ်နိုင်ရန် ဆီးတွင် အသားဓာတ် ပါဝင်မှုကို ခြောက်လတစ်ကြိမ် စစ်ဆေးပါ။
- ❖ ခြေထောက်နှင့် ခြေဖဝါးများကို နေ့စဉ် ကြည့်ရှုစစ်ဆေးပါ။
- ❖ သွေးပေါင်ကို မကြာခဏပုံမှန်စစ်ဆေးပါ။
- ❖ နှလုံးကို ပုံမှန်စစ်ဆေးပါ။
- ❖ သွေးတွင်းအဆီဓာတ်များကို ခြောက်လ တစ်ကြိမ် ပုံမှန်စစ်ဆေးပါ။
- ❖ ကိုယ်ဝန်ဆောင်လိုသူ အမျိုးသမီးများ သည် ကျွမ်းကျင်သူဆရာဝန်များနှင့် တိုင်ပင်ပြီးမှ ကိုယ်ဝန်ယူပါ။
- ❖ သွေးချိုဓာတ်၊ သွေးတိုးရောဂါနှင့် သွေးတွင်း အဆီဓာတ်များကို ဆရာဝန်များနှင့် ပုံမှန် ပြသ၍ ကုသမှုခံယူပါ။

ဤနေရာတွင် သတိထားရမည့်အချက်မှာ ကျွန်တော်တို့လူမျိုးသည် အချင်းချင်း ရိုင်းပင်း ကူညီတတ်သောစိတ်ဓာတ်ဖြင့် ဘယ်သူကဖြင့် "ဘယ်ဆေးနဲ့ပျောက်တာ၊ အဲဒီဆေး သောက်ကြည့် ပါလား၊ ဒီအရွက် ဆီးချိုအတွက် ကောင်းတယ်၊ ထမင်းစားတဲ့အခါ သုံးရွက်တို့စားပါ" စသဖြင့် ဆေးမြီးတိုများကို စေတနာဖြင့် လမ်းညွှန်ကြခြင်း ဖြစ်သည်။ ဆေးမြီးတိုများအပေါ် မယုံကြည်ခြင်း မဟုတ်ဘဲ ဆီးချိုရောဂါကို ကုသသည့်အခါ လူနာ၏ အသက်အရွယ်၊ ကျား/မ၊ အလုပ်အကိုင်ပေါ်မူတည်၍ ဆေးအမျိုးအစားများကို အချိန်အဆဖြင့် (dose မှန်ကန်စွာ) သောက်သုံးရန်လိုအပ်ပါသည်။

ဆီးချိုရောဂါသည် သွေးတွင်းအချိုဓာတ် များလွန်း၍ ကိုယ်ခန္ဓာအစိတ်အပိုင်းများ တဖြည်း ဖြည်းချင်း ထိခိုက်ခြင်းမရှိစေရန် ပုံမှန်ဂရုစိုက်ရ မည်ဖြစ်သကဲ့သို့ ဆေးသောက်များပြီး အချိုဓာတ် လုံလောက်စွာမရသဖြင့် ရုတ်တရက် ဆီးချိုကျခြင်း ကိုလည်း အထူးဂရုစိုက်ရမည် ဖြစ်ပါသည်။

> ❝ ဆီးချိုရောဂါကို အမြစ်ပြတ်အောင် ကုသ၍ မရပါ။ ဆရာဝန်နှင့်ပြသ၍ သွေးချိုမှန်မှန် စစ်ဆေးရန် လိုအပ်ပါသည်။ စနစ်တကျနေထိုင်စားသောက်ပြီး ကျွမ်းကျင်သူများနှင့် စစ်ဆေးမှုခံယူပါက သက်တမ်းစေ့နေထိုင်နိုင်ပါသည်။ ဆီးချိုရောဂါ ခံစားနေရသူ လူတစ်ဦးတစ်ယောက်တိုင်းမှ အသိ၊ သတိဖြင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းမှန်မှန် ပြုလုပ်ခြင်း၊ သင့်တင့်မျှတစွာ စားသောက်ခြင်း၊ စနစ်တကျဆေးကုသမှုခံယူခြင်း၊ အိပ်ရေး ဝဝအိပ်ခြင်း၊ စိတ်ဖိစီးမှုနည်းပါးအောင် ဆောင်ရွက်ခြင်းကဲ့သို့သော ကျန်းမာရေးနှင့် ညီညွတ် သော နေထိုင်မှုပုံစံများကို နေ့စဉ်မပြတ် အစဉ်တစိုက်ကျင့်သုံးနေထိုင်ခြင်း မိမိကိုယ်တိုင် ကျန်းမာအသက်ရှည်မည်ဖြစ်သကဲ့သို့ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်ခြင်းဖြင့် မြန်မာ ပြည်သူတစ်ရပ်လုံး၏ ကျန်းမာသော မျှော်မှန်းသက်တမ်းလည်း မြင့်မားလာလိမ့်မည် ❞

ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲဆင့်ပွားရောဂါများ

- ❖ ကျောက်ကပ်ပျက်စီးသောရောဂါ၊
- ❖ မျက်စိအမြင်လွှာထိခိုက်၍ မျက်စိကွယ် သောရောဂါ၊
- ❖ အာရုံကြောထိခိုက်သောရောဂါ၊
- ❖ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်သော ရောဂါ၊
- ❖ နှလုံး၊ သွေးကြောကျဉ်းရောဂါ၊
- ❖ ရောဂါပိုးဝင်လွယ်၍ အနာကျက်ရန် ခက်ခဲ ခြင်း၊
- ❖ ခြေထောက်ပုပ်ခြင်း၊
- ❖ ကိုယ်ဝန်ဆောင်ချိန်တွင်ဖြစ်ပေါ်လာသော နောက်ဆက်တွဲ ဆင့်ပွားရောဂါများကြောင့် မိခင်နှင့် ကလေး၏ကျန်းမာရေးနှင့်အသက် အန္တရာယ်တို့ကို ထိခိုက်နိုင်ခြင်း။

ဆီးချိုသွေးချိုရောဂါရှိသူများ လိုက်နာကျင့်သုံးရမည့်အချက်များ

- ❖ အစားလျှော့စားပါ။ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများကို လျှော့စားပါ။
- ❖ ရေများများသောက်ပါ။ ရေဆာလျှင် ရေကို သာသောက်ပါ။ (အချိုရည်များ သောက်သုံး ခြင်းဖြင့် ရေငတ်ခြင်းကို မဖြေပါနှင့်။)
- ❖ အဝမလွန်အောင် ထိန်းထားပါ။
- ❖ လှုပ်ရှားမှုများသော လူနေမှုပုံစံဖြင့် နေထိုင် ပါ။
- ❖ အထိုင်များခြင်း၊ လှုပ်ရှားမှုနည်းခြင်းကို ရှောင်ပါ။
- ❖ တတ်နိုင်သမျှ လမ်းလျှောက်ပါ။
- ❖ တတ်နိုင်သမျှ လှေကားဖြင့်သာ အတက် အဆင်းလုပ်ပါ။
- ❖ အိမ်အလုပ်ကို တက်ကြွစွာလုပ်ကိုင်ပါ။
- ❖ ခြံထဲတွင် ပေါင်းမြက်ရှင်းလင်းခြင်းဖြင့် လည်း လှုပ်ရှားမှုများ ပြုလုပ်နိုင်ပါသည်။
- ❖ နားနေချိန်မှာ ပုံမှန်လေ့ကျင့်ခန်းလုပ်ပါ။ တစ်နေ့လျှင် မိနစ် ၃၀၊ တစ်ပတ်လျှင် ငါးရက် စုစုပေါင်းမိနစ် ၁၅၀ ထက်မနည်း ပုံမှန်လေ့ကျင့်ခန်းလုပ်ပါ။
- ❖ အမျှင်ဓာတ်များသော အစားအစာများများ စားပါ။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ များကို များများနှင့် စုံအောင်စားပါ။
- ❖ တိရစ္ဆာန်မှရသောအဆီများ (ဥပမာ– ကြက်အရေပြား၊ ဘဲအရေပြား၊ ကလီစာ၊ ဝက်ဆီ၊ အမဲဆီ) စသည်တို့ကို ရှောင်ပါ။ ငါးမှရသောအဆီများ စားသုံးနိုင်ပါသည်။ (ဥပမာ – ငါးကြင်းဆီ၊ ငါးဘတ်ဆီ)
- ❖ စိတ်ဖိစီးမှုများကို လျှော့ချနိုင်သမျှ လျှော့အောင် ကြိုးစားနေထိုင်ပါ။
- ❖ အိပ်ချိန်၊ နားချိန်လုံလောက်အောင်ယူပါ။
- ❖ အာဟာရပြည့်ဝအောင်စားပါ။
- ❖ ပြဿနာများကို တစ်ယောက်တည်း မဖြေရှင်းနိုင်လျှင် တတ်သိနားလည်သူများ ထံမှ အကြံဉာဏ်ယူ၍ ဖြေရှင်းပါ။
- ❖ အရာရာကိုအပြုသဘောနှင့် အကောင်းမြင် နိုင်အောင် ကြိုးစားပါ။
- ❖ ယောဂကျင့်ပါ၊ တရားထိုင်ပါ။

ကိုယ်လက်လှုပ်ရှားပုံမှန် လေ့ကျင့်ခန်းလုပ်ခြင်း၏ အကျိုးကျေးဇူးများ

- ❖ သွေးချိုထိန်းသိမ်းမှု ပိုကောင်းစေပါသည်။
- ❖ ဆီးချိုကြောင့် နှလုံးသွေးကြောရောဂါ ပိုမို ဖြစ်ပွားစေခြင်းကိုလည်း လျော့ကျစေပါ သည်။
- ❖ ခန္ဓာကိုယ်အလေးချိန်ကို လျော့ကျစေပါ သည်။
- ❖ ခန္ဓာကိုယ်ပေါ့ပါးလန်းဆန်းကာ နေထိုင် လှုပ်ရှားမှုပိုကောင်းစေပါသည်။

ဆီးချိုရောဂါကို အမြစ်ပြတ်အောင် ကုသ၍ မရပါ။ ဆရာဝန်နှင့်ပြသ၍ သွေးချို မှန်မှန်စစ်ဆေးရန် လိုအပ်ပါသည်။ စနစ်တကျ နေထိုင်စားသောက်ပြီး ကျွမ်းကျင်သူများနှင့် စစ်ဆေးမှုခံယူပါက သက်တမ်းစေ့ နေထိုင်နိုင်ပါသည်။ ဆီးချိုရောဂါခံစားနေရသူ လူတစ်ဦး တစ်ယောက်တိုင်းမှ အသိ၊ သတိဖြင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းမှန်မှန် ပြုလုပ်ခြင်း၊ သင့်တင့်မျှတစွာ စားသောက်ခြင်း၊ စနစ်တကျ ဆေးကုသမှုခံယူခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း၊ စိတ်ဖိစီးမှု နည်းပါးအောင် ဆောင်ရွက်ခြင်းကဲ့သို့သော ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုပုံစံ များကို နေ့စဉ်မပြတ် အစဉ်တစိုက်ကျင့်သုံးနေထိုင်ခြင်း မိမိကိုယ်တိုင် ကျန်းမာအသက်ရှည်မည်ဖြစ်သကဲ့သို့ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်ခြင်းဖြင့် မြန်မာ ပြည်သူတစ်ရပ်လုံး၏ ကျန်းမာသော မျှော်မှန်း သက်တမ်းလည်း မြင့်မားလာလိမ့်မည်ဟု ယုံကြည် ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တောင်ငူမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ပြိုင်ပွဲများ ကျင်းပ

တောင်ငူ နိုဝင်ဘာ ၁၄

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲ တော်အကြို ပန်းချီ၊ စာစီစာကုံး၊ ကဗျာရွတ်၊ ပုံပြင်ပြောနှင့် ကျပန်း စကားပြောပြိုင်ပွဲတို့ကို ယမန်နေ့ က တောင်ငူမြို့ အမှတ်(၄)အခြေခံ ပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်း သား ကျောင်းသူများ ဝင်ရောက် ယှဉ်ပြိုင်ကြပြီး အထက်တန်း အဆင့် ကျပန်းစကားပြောပြိုင်ပွဲ တွင် ၁၆ ဦး၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၂၂ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ၁၀၆ ဦး၊ အလယ်တန်း အဆင့် ပန်းချီပြိုင်ပွဲတွင် ၅၆ ဦး၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ တွင် ၇၉ ဦး၊ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲတွင် ၇၇ ဦး စုစု ပေါင်း ၃၅၆ ဦး ဝင်ရောက်ယှဉ်ပြိုင် ခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်တွင် ဆုများ ချီးမြှင့်သွား မည်ဖြစ်ကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲများ ကျင်းပ နေမှုကို မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညာဏ်လင်းအောင်နှင့် အဖွဲ့ဝင် များ၊ ခရိုင်/မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေး ခဲ့ကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)

ရေရှားမည့်ဘေး ရှောင်ရှားဖို့ ရေချိုအရင်း အမြစ်များကို ထိန်းသိမ်းစို့

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

မုံရွာ နိုဝင်ဘာ ၁၄

ဒေသတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး ရွှေဘိုစက်မှုဇုန်ရှိ "မျိုးမြတ်မွန်" စပါးခွဲလောင်စာတောင့်စက်ရုံ၊ "ရွှေမိုးထွန်း" ဆန်စက်ရုံ၊ "KT" မွေးမြူရေး အစာတောင့်စက်ရုံ၊ "မြတ်ရွှေဝါ" အဆင့်မြင့်ဆန်ရွေးစက်ရုံနှင့် "ဥဒေါင်းမင်း" ဆီစက်ရုံများတွင် လုပ်ငန်းများလည်ပတ်၍ ကုန်ချောများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် ယမန်နေ့မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ယနေ့ နံနက်ပိုင်းတွင် ရွှေဘိုမြို့ "ရန်ကြီးအောင်" ပြည်သူ့အားကစားကွင်းသို့ ရောက်ရှိစစ်ဆေးရာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၊ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်များ အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ရွှေဘိုမြို့ ရန်ကြီးအောင်ပန်းခြံသို့ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ပန်းခြံအတွင်းရှိ ကလေးကစားကွင်း၊ ရေကူးကန်၊ အပန်းဖြေနေရာများနှင့် ပန်းအလှပင်များ ပျိုးထောင်စိုက်ပျိုးထားရှိမှုများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပန်းခြံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အတွက် ပလတ်စတစ်အမှိုက်များ၊ သစ်ပင်ချုံနွယ်များ အား ရှင်းလင်းထားရေး၊ ကလေးကစားကွင်းရှိပစ္စည်းများ ကြံခိုင်မှုရှိစေရေးနှင့် အလှပန်းပင်များ စနစ်တကျစိုက်ပျိုးသွားရေး တာဝန်ရှိသူများအား မှာကြားသည်။



တိုင်းဒေသကြီး(ပြန်/ဆက်)

လယ်ဝေးမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာအကြိုအဆင့် အမျိုးသမီး ၅၉၃ ဦးကို စစ်ဆေးပေး



နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ဦးဆောင်မှုဖြင့် လယ်ဝေးမြို့နှုတ်-၁၀၀ ပြည်သူ့ဆေးရုံတွင် လယ်ဝေးမြို့နယ်အတွင်းရှိ အသက် ၃၀ မှ ၄၉ နှစ်ရှိ အိမ်ထောင်ရှင်အမျိုးသမီးများကို သားအိမ်ခေါင်းကင်ဆာရောဂါအကြိုအဆင့် စစ်ဆေးခြင်းအစီအစဉ် ဆောင်ရွက်ခဲ့သည်။

သားအိမ်ခေါင်းကင်ဆာအကြိုအဆင့်စစ်ဆေးရာတွင် လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အသက် ၃၀ မှ ၄၉ နှစ်အထိ အိမ်ထောင်ရှင် အမျိုးသမီး ၅၉၃ ဦးအား စစ်ဆေးပေးခဲ့ပြီး သံသယလူနာ ၅၈ ဦး၊ ကုသမှုပေးသူပေါင်း ၅၂ ဦး၊ သားအိမ်ခေါင်းအသားစ (cervical biopsy) ယူသူ ခြောက်ဦးတို့ကို စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးနှင့် တာဝန်ရှိသူများက ဗျာပုံအကျဉ်းထောင်သို့ နိုဝင်ဘာ ၁၃ ရက်က သွားရောက်၍ အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ ၎င်းတို့၏ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ/မရှိ၊ နေရာထိုင်ခင်း အဆင်ပြေမှု ရှိ/မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ/မရှိနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရှိ/မရှိ ကြည့်ရှုစစ်ဆေးစဉ်။

အောင်ဝင်းနိုင်(ပြန်/ဆက်)

မြန်မာအမျိုးသမီး ဖူဆယ်လိဂ်ပြိုင်ပွဲ Yoma FC နိုင်ပွဲဆက်ကာ ထိပ်ဆုံးမှဦးဆောင်

ရန်ကုန် နိုဝင်ဘာ ၁၄



မြန်မာအမျိုးသမီး ဖူဆယ်လိဂ် ၂၀၂၆-၂၀၂၇ ပြိုင်ပွဲ အပတ်စဉ်(၂) ပွဲစဉ်များကို နိုဝင်ဘာ ၁၃ ရက်က MFF ဖူဆယ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ Yoma FC အသင်းနိုင်ပွဲဆက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။

ယနေ့ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များတွင် Royal Pantra အသင်းက Pacific Sun Far အသင်းကို လေးဂိုး-တစ်ဂိုး၊ YRG အသင်းက Bushido Team အသင်းကို ၃၉ ဂိုး - ဂိုးမရှိ၊ Yoma FC အသင်းက Dagon Seikkan အသင်းကို ၁၃ ဂိုး-ဂိုးမရှိ၊ လှိုင်သာယာအသင်းက မင်္ဂလာဒုံစီးတီး အသင်းကို ၁၅ ဂိုး-ဂိုးမရှိနှင့် U-19 Team အသင်းက The Stars အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အသီးသီး အနိုင်ရရှိခဲ့သည်။

အပတ်စဉ်(၂) ပွဲစဉ်များအပြီးတွင် Yoma FC ၊ U-19 Team နှင့် YRG အသင်းတို့က ခြောက်မှတ်စီ၊ Pacific Sun Far ၊ The Stars ၊ Royal Pantra နှင့် လှိုင်သာယာ အသင်းတို့က သုံးမှတ်စီ၊ မင်္ဂလာဒုံစီးတီး၊ Dagon Seikkan နှင့် Bushido Team အသင်းတို့က အမှတ်မရရှိသေးပေ။ နေမျိုး၊ MFF

နေရွှင်းလိဂ်ပြိုင်ပွဲတွင် ဂျာမနီ၊ နယ်သာလန်တို့ ပြိုင်ဘက်ကို ဂိုးပြတ်အနိုင်ရ

ယူအီးအက်ဖ်အေ နေရွှင်းလိဂ် ပြိုင်ပွဲမှ ဆားဘီးယားနှင့် ဂျာမနီ အသင်းပွဲစဉ်ကို နိုဝင်ဘာ ၁၄ ရက် နံနက် ၂ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျာမနီ အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။



ကစားသမား နှစ်ဦးအထိ ထုတ်ပယ်ခံခဲ့ရသည့် ဆားဘီးယား အသင်းသည် ခံစစ်အားပြကစားခဲ့ရပြီး ဂျာမနီအသင်းဘက်သို့ တုံ့ပြန်တိုက်စစ်ဆင်မှု အနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သည်။ ဆားဘီးယားအသင်းသည် ပြိုင်ဘက်အသင်း၏ ဖိအားပေးကစားမှုအောက် အသင်းကစားပုံဟန်ချက်ပျက်ခဲ့သော်လည်း ဂိုးရှင်နိုင်သည့် အခွင့်အရေး လေးကြိမ်ထက်မနည်း ဖန်တီးနိုင်ခဲ့သည်။

ဂျာမနီအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းမှုအသာဖြင့် ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့ပြီး အရေးပါသည့် နိုင်ပွဲတစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့သည်။ နည်းပြ ကလော့ပ်သည် ဩဂုတ်လတွင် ဂျာမနီအသင်း နည်းပြဖြစ်လာပြီး ငါးပွဲမြောက် တာဝန်ယူ ကိုင်တွယ်သည့်ပွဲစဉ်တွင် နှစ်ပွဲမြောက် နိုင်ပွဲကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျာမနီအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိမှုကြောင့် ဂရိအသင်းနှင့် ရမှတ် ရှစ်မှတ်တူ ဂိုးကွာခြားချက်ဖြင့် အုပ်စုတတိယနေရာတွင် ရပ်တည်နေသည်။ ဂျာမနီအသင်းသည် အုပ်စုပထမနေရာမှ နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ပြိုင်ဘက်ဆားဘီးယားအသင်းသည် ဂျာမနီအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် နောက်ဆုံးငါးပွဲဆက် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ပြီး အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဂရိအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြား ပွဲစဉ်ရလဒ်တွင် နယ်သာလန်အသင်းက ဂရိအသင်းကို တိုက်စစ်ခြေစွမ်းပြကာ ခုနစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ ပြိုင်ပွဲတစ်လျှောက် ခြေစွမ်းကောင်း ပြသထားနိုင်သော ဂရိအသင်းသည် နေရွှင်းလိဂ်ပြိုင်ပွဲ ငါးပွဲမြောက်တွင် ပထမဆုံးအကြိမ် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ အောင်ဇော်

မော်လမြိုင်ကျွန်းမြို့နယ် အောင်နိုင်တိုးသမဝါယမအသင်းက ရိတ်သိမ်းပြီးစပါးများ အခြောက်ခံသိုလှောင်ထားရှိ



မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အောင်နိုင်တိုးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ စိုက်ပျိုးထားရှိသည့် မိုးစပါး ၅၀၀ ဒသမ ၄၃ ဧက ရိတ်သိမ်းပြီးသော စပါးများအား အခြောက်ခံသိုလှောင်ထားရှိမှုကို ယနေ့တွင် တိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများက မိုးစပါး ရိတ်သိမ်းပြီးစီးမှု၊ စပါးများအခြောက်ခံထားရှိမှုနှင့် ဂိုဒေါင်အတွင်း စနစ်တကျသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

ရဲကိုမောင်(ပြန်/ဆက်)

ရေချွေတာရေး နည်းလမ်းများ

- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖွင့် လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက် ကျမနေစေရန် ကျပ်အောင် ပိတ်ပါ။

တစ်အိမ်လုံးတွင် မည်သူမျှမရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

ရေကြည်မြို့နယ်၌ ကြိမ်နှင့် ဝါး လက်မှုပစ္စည်းထုတ်ကုန် မွမ်းမံသင်တန်းဖွင့်

ရေကြည် နိုဝင်ဘာ ၁၄

ကျုံပျော်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ရေကြည်မြို့နယ် ကြိမ်၊ဝါး လက်မှုအရောထည် ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ကြိမ်နှင့် ဝါး လက်မှုပစ္စည်း ထုတ်ကုန်မွမ်းမံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်က မင်္ဂလာအောင်သိဒ္ဓိကျောင်းတိုက်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်သက်သက်ဆွေနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်မေသန်းဦးတို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ရေကြည်မြို့နယ် ကြိမ်၊ ဝါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ကြိမ်၊ ဝါးလက်မှုပစ္စည်း ပြုလုပ်ပုံအဆင့်ဆင့်၊ ဝါးပင်များ၏ တန်ဖိုးရှိပုံနှင့် အကျိုးကျေးဇူးများ၊ ဝါးပင်များမှ ပေးစွမ်းနိုင်သည့် ထုတ်ကုန်များ၊ ဈေးကွက် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ သင်တန်းစရိတ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းဆရာ ဆရာမ လေးဦးတို့က သင်တန်းကို လေးရက်ကြာဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

ပန်ဆောင်မြို့၌ စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ပန်ဆောင် နိုဝင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ပန်ဆောင်မြို့တွင် ကျောင်းသား ကျောင်းသူများ စာဖတ်ရှုနိုး ဖြင့်မားလာစေရန်နှင့် အသိပညာဗဟုသုတများ ရရှိစေရန် အတွက် စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်က ပန်ဆောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါစာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၅ဦးတို့က "မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး" ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲသို့ ပန်ဆောင်မြို့ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးယိန်းဝါးနှင့် တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်နွယ်တို့က စာစီစာကုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

ထန်းတပင်မြို့နယ်၌ အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

ထန်းတပင် နိုဝင်ဘာ ၁၄

ထန်းတပင်မြို့နယ်တွင် အယ်လ်နီညိုအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက်က လေးသစ်ကျေးရွာအုပ်စု တပင်ကွင်းကျေးရွာ၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းကိုက အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရေး လိုက်နာရန်အချက်များနှင့် အယ်လ်နီညိုသက်ရောက်မှု ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးဆွေးနွေးဟောပြောပြီး အယ်လ်နီညိုကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များ ပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး၊ လက်ရှိရေအရင်းအမြစ်များနှင့် ရေသုံးစွဲမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရွှေတောင်မြို့နယ် ဘယ်လက်ကျေးရွာ၌ အယ်လ်နီညိုအပူဒဏ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

ရွှေတောင် နိုဝင်ဘာ ၁၄

ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘယ်လက်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးနှင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ခိုင်စော်က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် အပူဒဏ်အန္တရာယ်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများ၊ အပူဒဏ်ကြောင့် ရောဂါရေးအမြစ်များ လျော့နည်းလာနိုင်သည့်အတွက် သောက်သုံးရေချွေတာသုံးစွဲရေးနှင့် ကြိုတင်စုဆောင်းထားရှိရေး ကိစ္စရပ်များ၊ အပူဒဏ်အန္တရာယ်ဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက်တက်ရောက်လာသူများအား အယ်လ်နီညိုအပူဒဏ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ဆက်လူ

ကြံခင်းမြို့နယ်၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

ကြံခင်း နိုဝင်ဘာ ၁၄

ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မူမူသင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကြံတောစံပြကျေးရွာ၌ တစ်အုပ်တစ်မစနစ်ဖြင့် ပြည်သူကိုယ်တိုင် စီမံသော ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၃ ရက်က ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးနှင့် ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



အဆိုပါကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို တစ်အုပ်တစ်မစနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းအဖွဲ့ လေးဖွဲ့အား တစ်ဖွဲ့လျှင် ရန်ပုံငွေကျပ် ၇၅ သိန်းစီကို ထုတ်ချေးပေးထားကြောင်း သိရသည်။ အထွေး

ချောင်းဆုံမြို့နယ်၌ လူနာများအား အာဟာရဖြည့်စွက်စာများ ပေးအပ်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ချောင်းဆုံ နိုဝင်ဘာ ၁၄

ချောင်းဆုံမြို့နယ်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအတွင်း ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် လူနာများအား အာဟာရဖြည့်စွက်စာများ ပေးအပ်ခြင်းနှင့် ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းသာယာလုပ်ရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆေးရုံတက်ရောက် ဆေးကုသမှု ခံယူနေကြသည့် လူနာများအား ကျန်းမာရေးအမြန်ဆုံးပြန်လည်ကောင်းမွန်စေရေးအတွက် အားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်စာကြက်ဥများကို တစ်ဦးချင်း ပေးအပ်ခဲ့ပြီး ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



ကိုကျော်(ချောင်းဆုံ)

မြိတ်မြို့၌ မော်တော်ဆိုင်ကယ်စီးရာတွင် အန္တရာယ်ကင်းစေရန် အသိပညာပေး၍ ဆိုင်ကယ်စီးဦးထုပ်များ ပေးအပ်

မြိတ် နိုဝင်ဘာ ၁၄

မြိတ်မြို့တွင် ပြည်သူများ မော်တော်ဆိုင်ကယ် စီးရာတွင် အန္တရာယ် ကင်းစေရန်အတွက် ယနေ့နံနက်ပိုင်းက အေးချမ်းသာယာရပ်ကွက် လေယာဉ်ကွင်းသွား လမ်းမန်ဘော်၌ အမှတ်(၇၆) ယာဉ်ထိန်းတပ်ဖွဲ့စု(မြိတ်) တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကြည်စိုးက ယာဉ်အန္တရာယ် လမ်းအန္တရာယ် အကြောင်းအရာများ၊ ဆိုင်ကယ်စီးနင်းရာတွင် ဆိုင်ကယ်စီးဦးထုပ်မေးသိုင်းကြိုးတပ် ဆောင်းခြင်း အကျိုးကျေးဇူးများနှင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၏ ဆိုးကျိုးများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးသည်။



ထို့နောက် ဆိုင်ကယ်မောင်းသူများနှင့် လိုက်ပါစီးနင်းသူပြည်သူများအား ဆိုင်ကယ်စီးရာ၌ အန္တရာယ်ကင်းစေရန် ဆိုင်ကယ်စီးဦးထုပ် ၁၅၀ ကို ပေးဝေခဲ့ကြောင်း သိရသည်။ ခိုင်ထူး(ပြန်/ဆက်)

ချမ်းအေးသာစံမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ချမ်းအေးသာစံ နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများက ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ဈိုင်းမွန်းပလာဇာ၊ ရတနာသပ္ပါလေး၊ Yadanar Mall နှင့် Ocean Super Market နေရာများ၌ မီးဘေးကြိုတင်ကာကွယ်စစ်ဆေးခြင်းများကို နိုဝင်ဘာ ၁၃ ရက်က ဆောင်ရွက်သည်။



မီးဘေးလုံခြုံရေးစစ်ဆေးရာတွင် ဈိုင်းမွန်းပလာဇာ၊ ရတနာပုံစျေး၊ Yadanar Mall နှင့် Ocean Super Market များ၏ ရုံတွင်း၊ ရုံပြင်နေရာများတွင် မီးလန့်မှုများမဖြစ်ပေါ်စေရန် မီးဘေးလုံခြုံရေးထားရှိမှုများ စစ်ဆေးခြင်း၊ မြေအောက်မီးသတ်ရေကန်နှင့် ရေငုတ်များကောင်းမွန်မှုရှိ/မရှိစစ်ဆေးခြင်း၊ မီးသတ်ပိုက်များ စစ်ဆေးခြင်း၊ မီးသတ်မော်တော်ယာဉ်များ ဝင်ထွက်သွားလာနိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းဈေးဝယ် မိဘပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ ချမ်းမြေမောင်(ပြန်/ဆက်)

မြန်မာ့အသံနှင့်ဂျပ်မြင်သံကြား

၁၅-၁၁-၂၀၂၆ တနင်္ဂနွေနေ့

MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှုဆောင်နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌများဟိုတ် တရားတော်ကွန်ဖရင့်တော်မူတော်ခြင်း
- ၀၈:၃၀ နံနက်ခင်းသတင်း
- ၀၈:၄၀ သဒ္ဒါပန်းတိုင်္ဂလန်ဘာသာလေ့လာတောအထက် လွှတ်တော်ဝေဘာ
- ၀၉:၁၅ ကာတွန်းအစီအစဉ် 'ထူးဆန်းစေ့ရေးဝေနှံးသာ' (အပိုင်း-၁၉)
- ၁၀:၀၀ သတင်းသမားပြောကဲ့သတင်းစကား
- ၁၀:၂၀ 'မြို့ပြမြင့်မိုင်းတိုင်းလေးနောင်တိုင်' ဒေသဖွံ့ဖြိုးရေးမြေပြုထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၅၀ This Week's Special Interest
- ၁၃:၀၀ MRTV National News
- ၁၄:၀၀ မြန်မာကဏ္ဍဝတ်လှုပ်ရှား 'စိမ်းနဲ့တောစာ'
- ၁၆:၀၀ Sports Diary
- ၁၆:၁၅ ထုတ်ကုန်လုပ်ငန်းအရှုပ်ပြီတိုက်အစီအစဉ်
- ၁၆:၃၀ ငြိမ်းတိုင်းအတွက် Hand I Craft
- ၁၆:၄၅ သံဇင်းမြစ်ဝကိုရီယိုတေးကဏ္ဍာ
- ၁၇:၁၀ မြန်မာတော်လမ်းတွဲ 'com' (The Forest) (အပိုင်း-၁၀)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
- ၂၁:၀၀ ဘာနှင့်အနုပညာ 'ကိတ်တေးပုလဲမြတ်ရိုးသူတေးသံရွှင် ချိုမာလေး' (အပိုင်း-၁)
- ၂၁:၂၅ သေးရောင်စုံရုပ်ရှင် 'မကြာမှမမြင်ရသေးသံယောင်'

mtv

- 07:01 Evergreen Classic; Myanmar Shu Khin Myanmar Sate Yinn
- 07:08 Ananda Temple
- 07:48 Myanmar Childhood Games (Episode-3)
- 08:01 News
- 08:27 Smart Village in Hopong: Kyauk Tan
- 08:36 Listening Pleasure,Instrumental Music (Myanmar Harp) Thida Yadana
- 08:48 Wushu Kids & Their Limit (Ep-4)
- 09:01 Shining Stars (Ep-11)
- 09:31 Today Myanmar
- 09:40 Hive Hunter
- 10:01 News

MRTV NAPC

- ချင်း (ကိုင်းဆိုင်း) (၀၆:၀၀ မှ ၀၈:၀၀) တိုတိုရောက်အကြောင်းသိကောင်းစရာ
- ချင်း (ချိုး) (၀၈:၀၀ မှ ၀၈:၃၀) တောကိုယ်ပိုင်ဝိုက်ပုံဖြင်း
- မြန် (၀၈:၃၀ မှ ၁၀:၀၀) သေးလက်ဝင်ထားပင်
- ရခိုင် (၁၀:၀၀ မှ ၁၂:၀၀) သာယာရွှေမာရွယ်မှာမြေ (အပိုင်း- ၂)
- ရှမ်း (၁၂:၀၀ မှ ၁၃:၀၀) ရှင်းပါတ်ဆိုချက်သည်း
- ဝ (၁၃:၀၀ မှ ၁၆:၀၀) သီးနှံပျိုးစုံအလှတွေ့ဖွံ့တဲ့တိုပုံပြို့
- ကချင် (၁၆:၀၀ မှ ၁၈:၀၀) ကချင်ပိုရာတုိုယ်များအကြောင်းသိကောင်းစရာ
- ကယား (၁၈:၀၀ မှ ၂၀:၀၀) ကယားဒိုရာဝတ်သားနဲ့တက်ခါခွက်ဖါးပီးကောင်
- ဓလောက်ရင် (၂၀:၀၀ မှ ၂၂:၀၀) စာပေစကားပြောကြရအောင် (အပိုင်း- ၂)
- ဘနေးကိုးကရင် (၂၂:၀၀ မှ ၂၂:၃၀) ကနန်ပိုရာဃ်ဘကူအဘက
- ဘရှေ့ပြီးကရင် (၂၂:၃၀ မှ ၂၃:၀၀) လည်ပတ်လေ့လာကြည့်ရှုချင်စရာဒီလမျိုးနွယ် ဆုံးဆည်ရာ

MRTV NEWS

- ၀၆:၀၀ အပွင့်:တေးသီချင်း
- ၀၆:၀၅ လူပ်ရှပ်ရှားအားကစား
- ၀၇:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၀၀ MRTV National News
- ၁၆:၀၀ သတင်းနှံကဏ္ဍ (LIVE)
- ၁၇:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၅ ကမ္ဘာစစ်လွှားအနုပညာသတင်းများ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၅ စုစည်းရာဇဝတ်ပေးတင်းအဖွဲ့
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၃၅ Kpop Music Gallery

MRTV ENTERTAINMENT

- ၀၇:၀၀ အပွင့်:အလံ
- ၀၇:၃၀ တတိယအကြိမ်မြည်သူလွှတ်တော် တတိယပုံပုန်အစည်းအဝေး (Replay)
- ၂၀:၀၀ ပြည်တွင်းသတင်း(15.11.2026)

MRTV FARMNEWS

- ၀၆:၀၀ အပွင့်:နိုင်ငံတော်သီချင်း
- ၀၆:၁၅ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၀ နိုင်ငံစီးပွားမြင်းမာရိုဝိုက်ဆွေးကွေးမြင့်တင်ပို့
- ၀၇:၀၀ တောလောက်ကွန်ရက်
- ၀၈:၀၀ နေကြာစိုက်ပါပျားမွေးပါ
- ၀၉:၀၀ ဝင်ငွေတိုးပွားအကျိုးများပတ်ပိုင်းဒေသဆိ ယာကွန်နိုက်ပိုးမွှေးခြင်းအား
- ၁၀:၃၀ ပေတ္တာသံသရာ(ဇာတိပိုတက်လမ်း)

MRTV SPORTS

- ၀၆:၀၀ အပွင့်
- ၀၆:၂၀ လူပ်တိုအတွက်လမ်းပြကြယ်
- ၀၆:၄၅ Weekly Sports Info
- ၀၇:၃၀ Weekend Sports News
- ၀၈:၀၀ ၂၀၂၅ခုနှစ်၊အာရှအာကာစားပြိုင်ပွဲ U-23 အမျိုးသားဘောလုံးပြိုင်ပွဲဝိုလ်လုပွဲ (Replay)
- ၁၀:၀၀ အားကစားသတင်း

Scan Here

Education Channel ကို ဖွင့်ဖို့ (၂၄၀ မြင့်ဝေါ်ပုံ) ကြည့်ရှုနိုင်ပါသည်။

တွံတေးမြို့နယ် အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ အသိပညာပေးဟောပြော

တွံတေး နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အလုံအုပ်ကျေးရွာရှိ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ နိုဝင်ဘာ ၁၂ ရက်က အသိပညာပေးဟောပြောပွဲနှင့် တစ်နေ့တာ အာဟာရကျွေးမွေးခြင်း၊ ဆပ်ပြာအသုံးအဆောင် ပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နင်းဇာခြည်ဦးနှင့် တာဝန်ရှိသူများက စင်တာတွင် စောင့်ရှောက်ထားသော



အမျိုးသမီးငယ်များအား ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ဆရာမ ဒေါ်ချမ်းမင်းဦး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအား ဖတ်ကြားပြီး ဆရာမက "မိန်းမသားတို့၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေး" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

ယင်းနောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ သင်တန်းသူများနှင့် ဝန်ထမ်းများအတွက် တစ်နေ့တာ အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

ထန်းတပင်မြို့နယ်၌ ကျွန်ုပ်တို့ စာကြည့်တိုက် ကျွန်ုပ်တို့ကမ္ဘာ လှုပ်ရှားမှုအစီအစဉ်ဆောင်ရွက်

ထန်းတပင် နိုဝင်ဘာ ၁၄

ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ကျွန်ုပ်တို့ စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ လှုပ်ရှားမှုအစီအစဉ်ကို ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာ ၁၃ ရက်က ကလေးတိုင်းစာဖတ်သူ ဖြစ်ရမည်အစီအစဉ်နှင့် လူငယ်စာဖတ်သူ၊ အနာဂတ်တောက်ပရမည် အစီအစဉ်တို့ကို ဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးအောင်စံထွန်းက လူငယ်စာဖတ်သူ၊ အနာဂတ်တောက်ပရမည် အစီအစဉ်အဖြစ် စာကြည့်တိုက်အသုံးပြုနည်းနှင့် သတင်းအချက်အလက်မှန်ကန်မှု စစ်ဆေးနည်းတို့ကို အထက(ထန်းတပင်) ကျောင်းမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ရှင်းလင်း



ပြောကြားခဲ့သည်။

ဆက်လက်၍ ကလေးတိုင်းစာဖတ်သူဖြစ်ရမည် အစီအစဉ်အဖြစ် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ရုပ်ပုံစာအုပ်များဖြင့် ပုံပြင်ပြောပြကာ ကလေးငယ်များအား ပုံပြင်နားထောင်ပြီး ပုံဆွဲစေခြင်းနှင့် ဇာတ်ကောင်အကြောင်း ပြန်လည်ပြောပြစေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **ဧင်မင်းထိုက်(ထန်းတပင်)**

မြန်အောင်မြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေရှားပါးပြတ်လပ်မှုမရှိစေရေး အသိပညာပေး

မြန်အောင် နိုဝင်ဘာ ၁၄

မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရေရှားပါးပြတ်လပ်မှု မရှိစေရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက်က နတ်တောင်ကျေးရွာ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက အယ်လ်နီညိုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှု မရှိစေရေး ရေကို လိုအပ်



သလောက်သာသုံးစွဲရန်၊ သန့်ရှင်းသော ရေသိုလှောင်ကန်များဖြင့် စနစ်တကျ စုဆောင်းထားရှိရန်၊ အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်များနှင့် အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်မှုများ မဖြစ်ပွားစေရေး လိုက်နာဆောင်ရွက်ရမည့် အချက်များကို အသိပညာပေး ဟောပြောသည်။

ထို့နောက် အယ်လ်နီညို အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **ငယ်လေး**

မကွေးမြို့နယ် ပေပင်စမ်းကျေးရွာ၌ အယ်လ်နီညိုရာသီဥတု ပြောင်းလဲမှုကြောင့် ရေရှားပါးမှုမဖြစ်ပေါ်စေရေး အသိပညာပေး

မကွေး နိုဝင်ဘာ ၁၄

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုကြောင့် သောက်သုံးရေရှားပါးမှုများ မဖြစ်ပေါ်စေရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပေပင်စမ်းကျေးရွာ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နိုင်ပြီး ရေရှားပါးခြင်းနှင့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားနိုင်သည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်ရှောင်ရန်များ၊ သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊



ရေသိုလှောင်ကန်များကို သန့်ရှင်းစွာထိန်းသိမ်းခြင်းနှင့် ရေကို လိုအပ်သလောက်သာသုံးစွဲကြရန် လိုက်နာရမည့်အချက်များကို အသိပညာပေးပြောကြားသည်။ ထို့နောက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **မြို့နယ်(ပြန့်/ဆက်)**

ကျိုက်မရောမြို့နယ်၌ တောင်သူများ စက်သုံးဆီလွယ်ကူစွာဝယ်ယူနိုင်ရေးဆွေးနွေး

ကျိုက်မရော နိုဝင်ဘာ ၁၄

ရပ်ကွက်၊ ကျေးရွာအုပ်စုရှိ ကျိုက်မရောမြို့နယ် အတွင်းရှိ တောင်သူများနှင့် စက်သုံးဆီ



အရောင်းဆိုင်များမှ ပိုင်ရှင်များနှင့် တွေ့ဆုံ၍ တောင်သူများ စက်သုံးဆီလွယ်ကူစွာ ဝယ်ယူရရှိရေး တွေ့ဆုံပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒေတ္တာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစွမ်းရည်ထက်က စက်သုံးဆီ ဆိုင်ပိုင်ရှင်များအား

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မိုးစပါးများ အချိန်မီရိတ်သိမ်းနိုင်ရေးအတွက် လယ်တစ်ကေလျှင် စက်သုံးဆီ သုံးဂါလန်နှုန်းဖြင့် တောင်သူများသို့ စာရင်းမှတ်စနစ်ဖြင့် လည်းကောင်း၊ တစ်လီတာလျှင်သတ်မှတ်ရည်ညွှန်းစျေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးနှင့် ကျေးရွာအလိုက် စက်သုံးဆီခွဲတမ်းများနှင့် ပတ်သက်၍ရှင်းလင်းဆွေးနွေးခဲ့သည်။ **ချိမြတ်မြတ်ထွေး(ပြန်/ဆက်)**

ကယားပြည်နယ်အတွင်း မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်

လွိုင်ကော် နိုဝင်ဘာ ၁၄

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်တွင်း စားရေရိက္ခာဖူလုံရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရေးကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ရေနီကန်ကျေးရွာသို့ သွားရောက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် ကြက်အကောင်ရေ ၂၅၀၀ ဆံ့ ဥစားကြက် မွေးမြူရေးခြံ နှစ်ခြံတွင် ဥစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး (အပေါ်ယာပုံ) သတ်မှတ်



ကြက်အကောင်ရေ ပြည့်မီစွာ ထည့်သွင်း မွေးမြူနိုင်ရေးနှင့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွားကျရောက်မှုမရှိစေရေး စနစ်တကျ ဆောင်ရွက်ရန် တာဝန်ရှိသူများ အား မှာကြားသည်။

ဆက်လက်၍ စပြဿရုပ်ပြ အသားတိုးဝက် မွေးမြူရေးခြံ၌ DYL အသားတိုးဝက်မျိုးမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း အသားများဖူလုံပြီး ဈေးနှုန်းချိသာစွာ ရောင်းချပေးနိုင်ရန်၊ မွေးမြူရေးလုပ်ငန်းများတွင် ယခုထက်ပိုမို၍ တိုးတက်မွေးမြူနိုင်အောင် လုပ်ငန်းရှင်များ ဖိတ်ခေါ်စည်းရုံးဆောင်ရွက်သွားရန် မှာကြားသည်။

ထို့ပြင် ပျားလုပ်ငန်းဌာနခွဲ၊ အခြေစိုက်ပျားဘုရင်မ မွေးမြူရေး စခန်းတွင် ပျားများမွေးမြူထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပျားမွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရေး၊ နေကြာစိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်စေရေးအတွက် ပျားအိမ်များကို နေကြာစိုက်ခင်းများအတွင်း ထားရှိနိုင်ရေး၊ ပျားစာလုံလောက်မှုရှိစေရေးနှင့် ပျားရည်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ အဆင့်မြင့် သိရိမင်္ဂလာဈေးသို့ သွားရောက်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် ပေ (၂၅၅ x ၃၀) Steel Structure နှစ်ထပ် ဈေးရုံများ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလပြီးစီးအောင် ဆောင်ရွက်သွားရန်၊ အရည်အသွေး စစ်ဆေးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးသတ် ရေငုတ်များ ပြည့်စုံအောင် ထည့်သွင်းဆောင်ရွက်သွားရန်နှင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ ရောင်းဝယ်နိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ပြည်နယ်(ပြန်/ဆက်)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၄

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေး အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်း လိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၂၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၇ လုံး၊ စုစုပေါင်းအဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုပြမြေပုံ။



အဆောက်အအုံ ၅၂ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

မဖြိုဖျက်မီ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ခြောက်ထပ်အဆောက်အအုံအား မဖြိုဖျက်မီ တွေ့ရစဉ်။

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ခြောက်ထပ်အဆောက်အအုံအား ယန္တရားဖြင့် စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိုဆောင်ရွက်ပါ။



သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်

အပင်ရေလောင်းချိန်ကို အချိန်ကိုက် လုပ်ဆောင်ပါ။ ရေငွေ့ပြန်မှုကို လျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံတဟူဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားခိုင် နားခိုခိုမရှိဘဲ အခိုင်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်မှုအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးဆုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင် တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူ ဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၇၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၆၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၇၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၆၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၄၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၃၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၄၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၃၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၆၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၅၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်
(စ)	အထူးဆု(၁)	၂၀၀,၀၀၀ ကျပ်
(ဆ)	အထူးဆု(၂)	၂၀၀,၀၀၀ ကျပ်
(ဇ)	အထူးဆု(၃)	၂၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က)	ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ)	ဒုတိယဆု	၇၀၀,၀၀၀ ကျပ်
(ဂ)	တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ)	စတုတ္ထဆု	၅၀၀,၀၀၀ ကျပ်
(င)	ပဉ္စမဆု	၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၄

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူ သွားလာလှုပ်ရှားသည့်လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စျေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်၊ ဒေါ်ဘီမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်နိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သဲကုန်းမြို့နယ်၌ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးစစ်ဆေး

သဲကုန်း နိုဝင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း အပူဒဏ်ကြောင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး ကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာ၀ဃသမယတွင် စ၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးကျော်မင်းထိုက်ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း အပူဒဏ်ကြောင့် မီးဘေးအန္တရာယ်နှင့် မီးလောင်မှု၊ မီးလန့်မှု မဖြစ်စေရေး ကွင်းဆင်းစစ်ဆေးပြီး မီးဘေးအန္တရာယ်ပေါ်ပေါက်လာပါက အရေးပေါ်ဆောင်ရွက်ရမည့် အချက်များ၊ မီးငြိမ်းသတ်ရာတွင် မီးသတ်ဆေးဘူးအသုံးပြုပုံ အဆင့်ဆင့်နှင့် လက်တွေ့ မီးငြိမ်းသတ်နိုင်မည့် နည်းလမ်းများအကြောင်း အသိပညာပေး ဟောပြောခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးကျော်မင်းထိုက်ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း အပူဒဏ်ကြောင့် မီးဘေးအန္တရာယ်နှင့် မီးလောင်မှု၊ မီးလန့်မှု မဖြစ်စေရေး ကွင်းဆင်းစစ်ဆေးပြီး မီးဘေးအန္တရာယ်ပေါ်ပေါက်လာပါက အရေးပေါ်ဆောင်ရွက်ရမည့် အချက်များ၊ မီးငြိမ်းသတ်ရာတွင် မီးသတ်ဆေးဘူးအသုံးပြုပုံ အဆင့်ဆင့်နှင့် လက်တွေ့ မီးငြိမ်းသတ်နိုင်မည့် နည်းလမ်းများအကြောင်း အသိပညာပေး ဟောပြောခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ဒဂုံမြို့နယ်၌ အခွန်ဥပဒေဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အိမ်ထောင်ရာဘူရားဝင်းအတွင်း မိုးမခမွှာရုံ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သီရိမွန်က အခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဟောပြောပြီး မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဝင်များက လိုအပ်သည်များ ထပ်မံဆွေးနွေးခဲ့ကြသည်။

ထို့နောက် အခွန်ဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး အခွန်ထမ်း ပြည်သူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



MFF U-19 ဖူဆယ်လိဂ်ပြိုင်ပွဲ MIU FC အသင်း နိုင်ပွဲဆက်ကာ အမှတ်ပေးဇယားဦးဆောင်

ရန်ကုန် နိုဝင်ဘာ ၁၄

MFF U–19 ဖူဆယ်လိဂ်ပြိုင်ပွဲ အပတ်စဉ်(၂၀) ပွဲစဉ်များကို ယနေ့တွင် ရန်ကုန်မြို့ရှိ MFF ဖူဆယ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ MIU FC အသင်း နိုင်ပွဲဆက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ခဲ့သလို Pacific Sun Far နှင့် YRG FC အသင်းတို့လည်း နိုင်ပွဲထပ်မံရရှိကာ အမှတ်ပြည့်ရယူနိုင်ခဲ့ကြသည်။

ယနေ့ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်များတွင် အဆင့်(၁) နေရာမှ MIU FC အသင်းက ရွှေပြည်သာယူနိုက်တက် အသင်းကို ၁၁ဂိုး–တစ်ဂိုး၊ Pacific Sun Far အသင်းက Gold Dream အသင်းကို ခြောက်ဂိုး–သုံးဂိုး၊ YRG FC က Royal Noka အသင်းကို ၁၀ဂိုး– သုံးဂိုး၊ YCDC Dream Team အသင်းက မင်္ဂလာဒုံစီးတီး အသင်းကို ၂စဂိုး–ဂိုးမရှိနှင့် JV FC အသင်းက Burmese Warriors အသင်းကို ခြောက်ဂိုး–တစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။ အပတ်စဉ်(၂၀) ပွဲစဉ်များ အပြီးတွင် MIU FC က ၅၅ မှတ်ဖြင့် ထိပ်ဆုံး၌ ရပ်တည်ခဲ့ပြီး Pacific Sun Far နှင့် YRG FCတို့က ၅၂ မှတ်စီ၊ YCDC Dream Team က ၄၄ မှတ်၊ Gold Dream က ၃၇ မှတ်၊ ULAD FC က ၃၆ မှတ်၊ JV FC က ၂၄ မှတ်၊ United City က ၂၁ မှတ်၊ Royal Noka က ၁၈ မှတ်၊ ရွှေပြည်သာယူနိုက်တက်က ၁၁ မှတ်၊ မင်္ဂလာဒုံစီးတီးက ၃မှတ်နှင့် Burmese Warriors အသင်းက တစ်မှတ် ရရှိထားသည်။

နေမျိုး၊ ဓာတ်ပုံ–MFF



အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၇ အာရှဖလား ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စု(A) ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်တွင် အာဖဂန်နစ္စတန်အသင်းကို ရှုံးနိမ့်ထားသဖြင့် ရမှတ်လိုအပ်နေပြီး ယနေ့နိုင်ပွဲကြောင့် ခြေစစ်ပွဲအောင်ခြေနိုင်ရန် ထပ်မံကြိုးစားခွင့်ရရှိခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၄၅+၁ မိနစ်တွင် သူရဟိန်းထက်၊ ၅၂ မိနစ်တွင် ပိုင်ဇေထွန်းနှင့် ၇၇ မိနစ်တွင် သက်နိုင်ဦးတို့က သွင်းယူပေးခဲ့သည်။ ဖိလစ်ပိုင်အသင်းအတွက် ချေပဂိုးကို ၇၁ မိနစ်တွင် တိုက်စစ်မှူး မူလာက သွင်းယူပေးခဲ့သည်။

စတားစီးတီးကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် အုပ်စု(A) နောက်ထပ်ပွဲစဉ် တစ်ပွဲတွင် အင်ဒိုနီးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ် ၆မှတ်ရရှိထားသည်။

အုပ်စု(A) ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၁၇ ရက်တွင် မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း (စတားစီးတီးကွင်း)၊ အာဖဂန်နစ္စတန်အသင်းက အင်ဒိုနီးရှား အသင်း (သုဝဏ္ဏကွင်း) တို့ ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ–MFF



■ *ကျောပုံးမှ*

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သတင်းအရ ကလေးမြို့နယ် ကျိကုန်းရွာအနီးတွင် စိုင်းကိုကို မောင်းနှင်ပြီး လွှင်ဖြိုးအောင် လိုက်ပါလာသော NISSAN CONDOR အမျိုးအစားယာဉ်ပေါ်မှ ဘိန်းဖြူ ၂၇ ဒသမ ၇၂ ကီလို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ နိုဝင်ဘာ ၅ ရက်တွင် ဖမ်းဆီးရမိဘိန်းဖြူများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ခုပ်လမ်ခွဲထွန်း(ခ)မောင်လှိုင်အား ကလေးမြို့ ပင်လုံရပ်ကွက်၌ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

သတင်းကွင်းဆက်အရ နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁နာရီတွင် ကလေးမြို့နယ် ကျိကုန်းရွာအနီး၌ ဇာနည်မိုး(ခ)မိုးအောင် မောင်းနှင်ပြီး အောင်နိုင်မင်း(ခ)မင်းမင်း လိုက်ပါလာသော DONG FENG အမျိုးအစား ယာဉ်ပေါ်မှ ဘိန်းဖြူ ၁၁ ဒသမ ၆၆ ကီလို ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့တွင် ဘိန်းဖြူများသယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မောင်လှ(ခ)သော့ပြောင်းအားလည်းကောင်း၊ နိုဝင်ဘာ ၆ ရက်တွင် ဘိန်းဖြူများသယ်ဆောင်ခိုင်းသူ ဇော်ဝင်းမောင်(ခ)မောင်ပိန်အားလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ငွေကျပ် ၂ ဒသမ ၈၁၈၆၄ တန်ဖိုးရှိ ဘိန်းဖြူ ၃၉ ဒသမ ၃၈ ကီလိုကို ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ အဆိုပါဘိန်းဖြူများ၏ ပိုင်ရှင်ဖြစ်သူမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်နေ အားပီး(ခ) အဝ်(ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး နေလင်းထိုက်(ခ)ငပိကောင် (ဖမ်းဆီးရန်ကျန်)၊ ဟိန်းမိုးအောင်(ဖမ်းဆီးရန်ကျန်)တို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ကလေးမြို့သို့ သယ်ဆောင်ကာ ၎င်းမှတစ်ဆင့် ချင်းပြည်နယ် တီးတိန်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်















ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကမ္ဘာနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-

- အပူဒဏ်လွန်ကဲခြင်း၊
- မိုးခေါင်ရေရှားခြင်း၊
- တောမီးလောင်ခြင်း၊
- ရေကြီးရေလျှံခြင်း နှင့်
- ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အစွန်းရောက် မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာဖြန့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

အပူဒဏ်လွန်ကဲခြင်း

အပူဒဏ်လွန်ကဲခြင်းကြောင့်-

- ရေဓာတ်ခန်းခြောက်ခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။





အပူဒဏ်မှကာကွယ်ရန် -

⇒ ရေများများသောက်ပါ၊
⇒ နေလယ်နေခင်းအချိန်များ၌ အရိပ်ရှာ အေးမြသော နေရာများတွင်နားနေပါ၊
⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



၂

မိုးခေါင်ရေရှားခြင်း

မိုးခေါင်ရေရှားမှုကြောင့်-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
- အစာအဆိပ်သင့်ခြင်း၊
- မျက်စိနှင့် အရေပြား/ ရောဂါများ ဖြစ်ခြင်း၊
- အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။



ကူးစက်ရောဂါများမှ ကာကွယ်ရန်-

⇒ အိမ်သာတက်ပြီးတိုင်း၊
⇒ အစားအစာ မပြင်ဆင်မီ၊
⇒ အစာ မစားမီနှင့် အစာ စားပြီးတိုင်း၊
⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံး၍လက်ကိုစနစ်တကျ ဆေးကြောပါ။



၃

တောမီးလောင်ခြင်း

ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-

- ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကြပ်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။



ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-

⇒ နှာခေါင်းစည်း တပ်ဆင်ခြင်း၊
⇒ အိမ်တွင်းလေထုသန့်ရှင်းစေရန်ထိန်းသိမ်းခြင်း နှင့်
⇒ ရေများများသောက်ခြင်းဖြင့်

အသက်ရှူလမ်းကြောင်း ထိခိုက်မှုကို ထိရောက်စွာ ကာကွယ်နိုင်ပါသည်။



၄

ရေကြီးရေလျှံခြင်း

ရေကြီးရေလျှံမှုကြောင့် ကူးစက်တတ်သောရောဂါများ-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ
- အစာအဆိပ်သင့်ခြင်း၊ တိုက်ဖွိုက်ရောဂါ၊
- အသည်းရောင်အသားဝါရောဂါ အေနှင့်ဘီးရောဂါများ ၊
- လက်ပတ်စီပိုင်ရိုးစစ် အသည်းရောင်အသားဝါရောဂါ စသည်တို့ ဖြစ်ပွားနိုင်ပါသည်။





ရေကြီးရေလျှံဖြစ်ချိန်နှင့် ရေရှားပါးချိန်တွင်-

⇒ သောက်သုံးရေကို ဆူပွက်သည်အထိ ကျိုချက်ပြီးမှ သောက်ပါ သို့မဟုတ် ကလိုရင်းဆေးခတ်ပါ သို့မဟုတ် ရေသန့်စင် ဆေးပြား အသုံးပြုပါ၊
⇒ သောက်သုံးရေပြတ်လပ်မှုမရှိစေရန်ရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားပါ၊
⇒ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊
⇒ အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။

၅

ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါနှင့် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ ပိုမိုဖြစ်ပွားနိုင်ပါသည်။



⇒ ခြင်ပေါက်ဖွားနိုင်သော ရေဝပ်နိုင်သည့်နေရာများကို ဖယ်ရှားပါ၊
⇒ ရေစည်၊ ရေအိုးများကို အဖုံးလုံအောင်ဖုံးထားပါ၊
⇒ ခြင်ကိုက်မခံရစေရန် ဆေးစိမ်ခြင်ထောင် သို့မဟုတ် ခြင်ထောင်ဖြင့် အိပ်ပါ။



၆

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ဂုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၀၂၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၀၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဝဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၃၄၃၉၊ ၀၅၂-၂၂၀၃၄၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၄၅၅၊ ၀၂-၄၀၂၁၄၆၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၅-၂၅၂၄၅၁၊ ၀၅၅-၂၅၂၄၅၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၄၅၅၀၊ ၀၈၁-၂၁၄၄၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အဖြတ်မခံမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အဖြတ်မခံမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဥဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်း တို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိုယ်ထိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွေးတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းနိုင်လုံစွာတင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက် ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့် ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက် တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

PDF Game
ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်ရေးစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



၁၅-၁၁-၂၀၂၆ ရက်နေ့ထုတ် အတွဲ (၂၃)၊ အမှတ် (၂၂၂) တွင်
- မြန်မာ့ထောပတ်သီးကို တရုတ်သို့ တင်ပို့နိုင်ရန် စီစဉ်
- ရွှေမုံနှင့် "ဝ"တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ ရဟန်းဒံး၊ ရွှင်ပြု အလှူတော်ပွဲ
- သီးနှံအထွက်တိုး အောင်မြင်စေရန် သဘာဝပိုးသတ်ဆေး နည်းလမ်းကောင်း
- အယ်လ်နီညိုကာလအတွင်း အပူရှုပ်ပါက အသက်အရွယ်မရွေး သေဆုံးသည်အထိ အန္တရာယ်ရှိနိုင်
- ခဲတံတစ်ချောင်းက စတင်သင်ပေးသော လူငယ်တို့၏ ကျင့်ဝတ်
- အပူဓိုနံဖြင့် တက်မှုကြောင့် ကိုယ်ခန္ဓာဆောင်မိခင်များ အထူးဂရုပြုစနစ်ထိုင်ရန်လိုအပ်
- ပိုးမွှားများ ဆေးဃုံပါးလာခြင်းသည် ကျန်းမာရေးကဏ္ဍအတွက် စိုးရိမ်စရာဖြစ်
- ပင်လယ်ရေအောက်တွင် လျင်မြန်စွာဆွေးမြည့်ပျက်စီးနိုင်သည့် ပလတ်စတစ်အမျိုးအစား ကျွမ်းကျင်ထွင် စသည်တို့ အပါအဝင် နိုင်ငံခြားရေး၊ မွေးဖြူရေး၊ ကျန်းမာရေး၊ သုတ ရသစုံလင်စွာဖြင့် ထွက်ရှိဖြန့်ဝေပါသည်။

တစ်ဆောင်း (၅၀၀) ကျပ်
အမြဲပြုစုစနစ်နယ်ချဲ့ ပြန်ကြားခရေးနှင့်ပြည်သူ့ထက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျော့နှောင်း၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

စာအုပ်

စာပေ

လူ့မိတ်ဆွေ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းကိရိယာများအား ဝယ်ယူရန် တင်ဒါအမှတ် - 11DMS/2026-2027(L) ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း။ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

စျေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်	-	(၁၆-၁၁-၂၀၂၆) ရက် (တနင်္လာနေ့)
စျေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ	-	ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်
တင်ဒါပိတ်မည့်ရက်နှင့်အချိန်	-	(၁-၁၂-၂၀၂၆) ရက်၊ မွန်းတည့် (၁၂: ၀၀) နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ်	-	၀၆၇-၃၄၁၀၆၇၅ ၀၆၇-၃၄၁၀၆၇၄ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ ကုသရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

အမှန်ပြင်ဆင်ဖတ်ရှုပါရန်

(၈-၁၁-၂၀၂၆)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၁) တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ဖြူလေလှင် ၏ ကန့်ကွက်နိုင်ပုံကြောင်း ကြည်ညာစာတွင် ရောင်းချသူ ဦးအောင်ဌေးဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ပြောင်း

ကျုပ်က လတ် မြို့နယ်၊ အထက-ရုံး၊ ခေါင့်မှ Grade-4 တွင် ပညာသင်ကြားနေသော (၁၁) ဦးကင်းအောင် ၏သမီးကြီးဖြစ်သူ မမိုးသဲသာခေတ်အား မဆုလာဘ်ရွှေဘုံဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဆုလာဘ်ရွှေဘုံ

ကုန်စည်ပို့ဆောင်ခွင့် "က" လိုင်စင်ပျောက်

ရောဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်မှ ဦးလှထွန်းအောင် ပိုင်ဆိုင်သည့် စိန်မိုးရေယာဉ်ရှည်/ရော-၁၅၈၀ ၏ ကုန်စည်ပို့ဆောင်ခွင့် "က" လိုင်စင်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၈၉၉၂၂

ပတ်စ်ပို့ပျောက်

မောင်လင်ဆွေးထောက် ၁၃/ကခန(နိုင်)၀၇၁၂၄၆၏ နိုင်ငံကူးလက်မှတ် နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-09445105788

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ဈေးချမ်းသာကွန်ရှိ၊ ဈေး၀ဏ်းမ်း၊ (၂၄)နန်းတွဲ(၁၈)ထပ်တိုက်၏ (၇)ထပ်၊ တိုက်အမှတ်(7B) အခန်းအမှတ်(05-159)၊ အကျယ်အဝန်းစတုရန်းပေ(၆၀၀)ရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်ကြည် (၁၂/သဃက(နိုင်)၁၁၀၂၈၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်နုဝင်း (၁၀/မလမ(နိုင်) ၀၉၇၈၅၅)ကအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများ ရှိက ကျွန်ုပ်ထံတည့် တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းသူရဇော် (LL.B)	ဒေါ်ယမင်းထွေး (LL.B)	ဦးရဲသိဟ (LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၇)	အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)

အမှတ်(၁၀၁)၊ ကံကော်မြို့(၂)လမ်း။ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၁၂၊ ၀၉- ၄၈၆၉၆၇၇၆၊ ၀၉-၉၇၁၀၆၂၁၁၁

ကန့်ကွက်နိုင်ပါ၀ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ဘုရားကုန်း ကွက်သစ်အဆင့်(၂)၊ မြို့ရွာ နှင့်အိမ်ဖွဲ့ပြီးရေးဦးစီးဌာနမှ ဦးတိုးဝင်း (၁၄/မအပ(နိုင်) ၀၂၁၆၅၉) အမည်ဖြင့် ချထားပေးသည့်မြေကွက်အမှတ် (၃၈၂)မြေကွက်နှင့် ဦးဝင်းထွန်း (SRM-101746) အမည်ဖြင့် ချထားပေးသည့်မြေကွက်အမှတ် (၁၀၄၇)မြေကွက်၊ (၄၀၆ပ×၆၀ပေ)စီကျယ်ဝန်းသည့်မြေကွက်(၂)ကွက်ကို အမည်ပေါက်သူများထံမှ စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ဝျက်ရှိသည်ဟု အဆိုရှိသူ ဦးထွန်းထွန်းလွင် (၁၂/သလန(နိုင်) ၀၈၉၉၇၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း ပိုင်ဆိုင်မှစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မိုးသူစာ (LL.B.,D.B.L.,D.M.L.,D.L.L)	ဦးနိုင်မင်းသိန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၀၃)	တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၅)

အမှတ်(၃)၊ သမာဓိလမ်း၊ အုတ်ဖိုရပ်ကွက်၊ သန်လျင်မြို့နယ်၊ ၀၉-၇၉၉၄၃၉၉၀၄၊ ၀၉-၄၂၁၀၆၅၇၀၃



ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၅၊ နည်းဥပဒေ ၁ နှင့် ၅)
မင်္ဂလာဒုံခရိုင်တရားရုံး
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၂၇

ဒေါ်ဝင်းမြအေး နှင့် ဦးမျိုးမြင့်ထွန်း
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃၅)ရပ်ကွက်၊ မိုးဟိန်းလမ်း၊ အမှတ် [၁၈၀၅/A(ခ)]နေ တရားပြိုင် ဦးမျိုးမြင့်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို က မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားခွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့ နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို ခွဲဆိုချက်ကို ထုချေရုံးလွှတ်ရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရေ့ကွင်းတွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကျယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်၊ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလာကိတ္တင် ထည့်အပ်ပို့ လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်ခဲ့ ပေးရက်ကာ တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်စွာလင်း)
တွဲဖက်ခရိုင်တရားသူကြီး(၁)
မင်္ဂလာဒုံခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ မြို့ပဝန်ရပ်ကွက်၊ အကွက်အမှတ်(၁၀/ဂ၊ ရမခအနောက်)၊ ဦးပိုင်အမှတ်(၁၇စ-က)၊ ဧရိယာ (၀.၀၇၅)ဧကခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၏ ၃-၃-၂၀၂၆ရက်စွဲပါစာအမှတ် ၄/၆-၄/ဦး ၁(၅၂၀)ဖြင့် ဦးဇော်လင်း ၁၃/သပန(နိုင်)၀၅၃၆၈၀အမည်ဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ရှိထားသောမြေကွက်အား ဦးဇော်လင်းမှ စာချုပ်အမှတ်(၂၀၃၆/၂၀၂၆) ဖြင့် ဒေါ်ထွေယ်ဆန်ရာ ၁၃/ကခန(နိုင်)၀၈၅၆၇၂ထံသို့ ရောင်းချပြီးဖြစ်၍ ဒေါ်ထွယ်ဆန်ရာအမည်ဖြင့် အမည်ပြောင်း ခွဲစိတ်ခွင့်ရှေ့ပြေးဌာနရန်အသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက်အထားနိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 83W/98106 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှုးရုံး(ပဲခူး)

အများသိစေရန်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဓမ္မာရုံလမ်း၊ (၁၁) ရပ်ကွက်၊ အမှတ်(၅၈၄) ဟုခေါ်သည့် မြေကွက်၏ပိုင်ရှင်ဖြစ်သူ ဒေါ်ညီမာဝင်း (၁၂/လမန(နိုင်) ၀၁၅၂၄၂) ၏ လွှဲအပ်ချက်အရ ကြေညာအပ်သည်မှာ-

(၁၀-၁၁-၂၀၂၆) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၃၀) ရှိ ဦးကျော်လွှဲထူး (၁၂/လမတ(နိုင်)၀၃၁၆၂၂) ဒေါ်ခိုသောင်း (၁၂/လသန(နိုင်) ၀၁၉၉၃၂) ဒေါ်အေးသိတာ (၁၄/ကခန (နိုင်) ၀၆၄၃၀၅) ဒေါ်စောနန်းယု (၁၂/အစန(နိုင်) ၂၃၁၀၆၆) ဦးမောင်မောင် (၉/မနမ (နိုင်) ၀၃၀၀၆၈) ဒေါ်ကြင်ကြင် (၁/မညန(နိုင်) ၀၀၀၀၉၆) တို့ရေ့နေ၏ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဓမ္မာရုံလမ်း၊ (၁၁)ရပ်ကွက်၊ အမှတ် (၅၈၄) ဟုခေါ်သည့် မြေကွက်ပေါ်ရှိ တိုက်ခန်းများနှင့်ပတ်သက်ပြီး အများသိစေရန်ကန့်ကွက်ခြင်းကြော်ငြာတွင် "--- ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ---" ဟု ဖော်ပြကြေညာထားပါသည်။

ယင်းသို့ကြော်ငြာထားသူ (၆) ယောက်အပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှ မူလမရပ်းကုန်းခရိုင်တရားရုံးတွင် "--- ပိုင်ရေးဆိုင်ခွင့် ---" အတွက် တရားစွဲသက်သာခွင့်တောင်းဆိုထားခဲ့ခြင်းမရှိသလို ဒေါ်ညီမာဝင်းကလည်း မည်သူ့အပေါ်ကိုမျှ "--- ပိုင်ရေးဆိုင်ခွင့် ---" နှင့်စပ်လျဉ်း၍ တရားစွဲဆိုထားခြင်း လုံးဝမရှိခဲ့ပါ။

သို့ပါလျက် "--- ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ---" ဟူ၍ ဖော်ပြကြေညာခြင်းသည် မှန်ကန်မှုမရှိပါကြောင်း အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -
ဦးဌေးဦး (ကြို့ပင်ကောက်) LL.B
စဉ်-၅၉၈၈
ဒေါ်ခင်ညိုဝင်း LL.B
စဉ်-၅၈၃၁
တရားလွှတ်တော်ရှေ့နေများ
အမှတ်-၅၆၁၊ ပထမထပ်၊ အခန်း (၁၀၀/၄)၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၁၇

ဦးမြင့်တင် နှင့် ဦးဘိုလေး
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ -၂ /၁၇)၊ ၁၁၂x၁၁၃ လမ်းကြား၊ ၇၃ လမ်းနေ ဦးဘိုလေး(ဘ)ဦးဘတင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်တင် က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ယခင်) ရတနာပုံမြို့သစ်ရပ်ကွက်၊ (ယခု)(ဆ)ရပ်ကွက်၊ အကွက်အမှတ်(၉၉ - ၂၉)၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ(၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ ဦးဘိုလေး အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အင်ကြင်းဖူး)
တွဲဖက်မြို့နယ်တရားသူကြီး (၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(၁၀/တံတားဦး အနောက်)၊ ဦးပိုင်အမှတ် (၃၄/၁)၊မြေ ဧရိယာ (၀ဒသမ၀၄၁) ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးသိန်းတန် မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် (၆/ပဒေသာ)၊ ဦးပိုင်အမှတ် (၄၈)၊ မြေဧရိယာ (၀.၀၅၅) ကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်တင့်တင့်စိုးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ဦးသန်းထွဋ်(၁၄/ဖပန(နိုင်)၀၂၇၆၅၂)သို့ လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၂၀၉၄၇)နှင့်(၁၉၇၃၄)တို့အား ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော (ဒေါ်သန်းသန်းနွယ်) (၁၄/ဇလန(နိုင်) ၀၄၂၄၀၂)၊ (ဒေါ်စန္ဒာမြင့်) (၁၂/မဂဒ(နိုင်) ၁၇၄၃၂၃)၊ အပိုင်း(၄)၊ ပေါက်ကုန်း ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူတို့၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာလိုက်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများက ဦးသန်းထွဋ် သို့ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၀၉၄၇)(၂၈-၉-၂၀၂၃)နှင့် (၁၉၇၃၄)(၁၄-၉-၂၀၂၃)တို့အား ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်သူများ	**လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်သန်းသန်းနွယ်	**ဦးသန်းလှိုင်(ဥပဒေတွဲ့)**
ဒေါ်စန္ဒာမြင့်	**တရားလွှတ်တော်ရှေ့နေ/စဥ်-၇၃၅၆/(၈-၂-၂၀၀၅)**
	အမှတ်(၉/၁၁)-မြေညီ၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊
	ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၆၉၂၇

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရေနံချောင်းမြို့နယ်၊ သုံးဆယ့်ခြောက်ကျေးရွာအုပ်စု၊ အကွက်အမှတ်နှင့်အမည် (၁/စက်မှုဇုန်)၊ ဦးပိုင်အမှတ် (၁၃၁၊ ၁၃၂၊ ၁၃၃၊ ၁၃၄)၊ စက်ရုံမြေဧရိယာ(၀.၉၂၀) ဧကအား ဦးမြင့်သူနောင် အမည်ဖြင့် လည်းကောင်း၊ သုံးဆယ့်ခြောက်ကျေးရွာအုပ်စု၊ အကွက်အမှတ်နှင့်အမည် (၁/စက်မှုဇုန်)၊ ဦးပိုင်အမှတ် (၁၃၉၊ ၁၄၀၊ ၁၃၆/၁၄၄၊ ၁၃၆/၁၄၅ စက်ရုံမြေဧရိယာ (၀.၉၂၀)ဧကအား ဦးမြင့်သူနောင် အမည်ဖြင့်လည်းကောင်း၊ စက်မှုစီးပွားမြေငှားဂရန်အမည်ပြောင်းခွင့်ပြုပေးပါရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ချောက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရေနံချောင်းမြို့နယ်၊ သုံးဆယ့်ခြောက်ကျေးရွာအုပ်စု၊ အကွက်အမှတ်နှင့်အမည် (၁/စက်မှုဇုန်)၊ ဦးပိုင်အမှတ် (၁၂၇)၊ စက်ရုံမြေဧရိယာ (၀.၂၃၀)ကေအား ဦးမြင့်သူနောင် အမည်ဖြင့် လည်းကောင်း၊ သုံးဆယ့်ခြောက်ကျေးရွာအုပ်စု၊ အကွက်အမှတ်နှင့်အမည် (၁/စက်မှုဇုန်)၊ ဦးပိုင်အမှတ် (၁၂၉၊ ၁၃၀၊ ၁၃၆/၁၄၃၊ ၁၃၈) စက်ရုံမြေဧရိယာ(၀.၉၂၀)ကေအား ဦးမြင့်သူနောင် အမည်ဖြင့်လည်းကောင်း၊ စက်မှုစီးပွားမြေငှားဂရန် အမည်ပြောင်းခွင့်ပြုပေးပါရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ဇေကမ္ဘာ (၇)လမ်း၊ ခြံအမှတ်(A/296)တွင် တည်ရှိသော "HZ Solar Myanmar" ကုမ္ပဏီမှ အများပြည်သူသို့ အသိပေးကြေညာအပ်ပါသည်။

ဦးကိုကိုလတ် (၁၂/လမန(နိုင်)၁၈၆၄၀၃)သည် "HZ Solar Myanmar" ကုမ္ပဏီ၏ဝန်ထမ်းဟောင်းတစ်ဦးဖြစ်ပြီး လက်ရှိအချိန်တွင် ကုမ္ပဏီနှင့် သက်ဆိုင်ခြင်းမရှိတော့ပါ။ ၎င်းသည် ကုမ္ပဏီခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီအမည်ကို အသုံးပြု၍ Customer များထံမှ ငွေကြေးလက်ခံရယူခဲ့သည်ဟု ပြောကြားချက်အရ ကုမ္ပဏီငွေကြေး စီးဆင်းမှုများစိစစ်ကြည့်ခဲ့ရာ ဦးကိုကိုလတ် မှာ ငွေကြေးများ အလွဲသုံးစားလုပ် လိမ်လည်ထားကြောင်းသိခဲ့ရ၍ ကုမ္ပဏီမှ သက်ဆိုင်ရာမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်တန်းပြီး ဥပဒေအရ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ၎င်းပြုလုပ်သော ငွေပေးငွေယူများ၊ ပစ္စည်းမှာယူမှုများ၊ ငွေပေးချေမှုများ သို့မဟုတ် အခြားမည်သည့်လုပ်ဆောင်မှုများကိုမဆို ကုမ္ပဏီ၏တရားဝင်လုပ်ဆောင်ချက်များ မဟုတ်ကြောင်းနှင့် ကုမ္ပဏီမသိရှိဘဲ ၎င်းအလွဲသုံးစားလိမ်လည်လုပ်ဆောင်မှုများအတွက် "HZ Solar Myanmar" ကုမ္ပဏီမှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်တင်တင်လှ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဥ်-၁၁၇၅၀)
ဖုန်း-09-43073426/09-799423795

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6P/9256 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)ထားဝယ်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် (RA - III / ကွက်ပြင် - ၃)၊ ဦးပိုင်အမှတ် (၁၄၁ -က)၊ မြေဧရိယာ (၀.၉၁) ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးစိုးတင့်မှ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA-V/ကွက်ပြင်-၅)၊ ဦးပိုင်အမှတ် (၁၉-ည)၊ မြေဧရိယာ (၀ဒသမ ၈၃) ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ဖြင့်၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးဇော်ခင် ပါ(၂)ဦးမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင် ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၁၉/သံဒင်းရပ်ကွက်နေ ဦးကျော်ထွန်းအောင်(ဘ) ဦးအောင်မြတ် (၁၂/လသယ (နိုင်)၁၁၀၃၆၀)နှင့် ဒေါ်စုချစ်ပိုပို (ဘ)ဦးမင်းလွင်(၁၂/ရပသ(နိုင်)၁၄၉၁၀၀) တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၁၃-၃-၂၀၂၆)ရက်တွင် ရွှေပြည်သာမြို့နယ်၌နှစ်ဦးစိတ်သဘောထားချင်းမတိုက်ဆိုင်တော့သဖြင့် နှစ်ဖက်အသိသက်သေများရှေ့မှောက် တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ ထိုသို့ကွာရှင်းပြတ်စဲပြီး (၃)ရက်ခန့်အကြာ (၁၆- ၃-၂၀၂၆)ရက်တွင် နှစ်ဦးစလုံးမှာ ပြေလည်ညှိနှိုင်း ပြန်လည်အဆင်ပြေခဲ့ရာထို(၁၆-၃-၂၀၂၆)ရက်တွင်ပင် နှစ်ဦးသဘောတူ ပြန်လည်ပေါင်းသင်းလူသိရှင်ကြားနေထိုင်ခဲ့ပါသည်။ ဦးကျော်ထွန်းအောင်နှင့် ဒေါ်စုချစ်ပိုပို တို့သည် ယနေ့အချိန်ထိ မကွာရှင်း မပြတ်စဲရသေးသော တရားဝင်အကြင်လင်မယားဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးကျော်ထွန်းအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝါဝါဝင်းသူ	**ဒေါ်ယဉ်သူဇာ**	**ဒေါ်ခိုင်ဇင်ဝင်း**
LL.B, D.I.L	**LL.B, D.B.L**	**LL.B**
(စဥ်-၅၅၀၁၉)	**(စဥ်-၅၆၄၁၆)**	**(စဥ်-၅၄၉၅၈)**

အထက်တန်းရှေ့နေများ
အမှတ်-(၅)ဘီ၊ သမာဓိ(၂)လမ်း၊ ဆ/ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၅၀၁၄၈၃၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၆)ရပ်ကွက်၊ အေးရိပ်ငြိမ်လမ်း၊ မြေကွက်အမှတ်(၄၆၁) ဟုခေါ်တွင်သောမြေအလျားxအနံပေ (၄၀'/၄၅x၆၀') ထဲမှ တရားဝင်မခွဲစိတ်ရသေးသော [မြေကွက်အမှတ် (၄၆၂)နှင့် ကပ်လျက်အခြမ်း]မြေအလျားxအနံပေ(၂၀/၂၅x၆၀)ရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်ပိုင်ဆိုင်သူ ဦးညိုလှ(BPU-033976) ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူကွယ်လွန်သဖြင့် ၎င်း၏ သား/သမီးများဖြစ်သော ၁။ဒေါ်မြင့်မြင့်မိုး (၁၂/ဥကမ(နိုင်)၀၀၁၄၃၃) ၂။ ဦးသိန်းစိုး (၁၂/ဥကမ(နိုင်)၁၈၆၄၅၈)၊ ၃။ ဒေါ်ဝင့်သိင်္ဂီ (၁၂/ဥကမ(နိုင်)၂၁၀၆၀၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိအေးပွင့်ငယ်(၁၀/ခဆန(နိုင်)၀၉၈၅၄၃) မှ အပြီးအပိုင်ဝယ်ယူရန် အတွက်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၆၉၈/၂၀၁၈)
အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
မင်္ဂလာဒုံခရိုင်တရားရုံး
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၂၆

ဒေါ်ဝင်းမြအေး နှင့် ဦးမျိုးမြင့်ထွန်း
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃၅)ရပ်ကွက်၊ မိုးဟိန်းလမ်း၊ အမှတ်[၁၈၀၅/A(ခ)] နေ တရားပြိုင် ဦးမျိုးမြင့်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေနှင့်အိမ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်စွာလင်း)
တွဲဖက်ခရိုင်တရားသူကြီး(၁)
မင်္ဂလာဒုံခရိုင်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ရေထွက်ကျေးရွာနေ မောင်ကျော်သက်နိုင် ၉/မလန(နိုင်) ၁၉၀၇၉၂ ၏ ဖခင် ဦးပြောင်းနှင့် ဦးဝင်းလှိုင် ၉/တသန(နိုင်)၀၁၉၈၃၄ သည် အမည် (၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးပြောင်း(ခ)ဦးဝင်းလှိုင်**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/7555, Mazda Atenza GG 3S Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဇင်ဌေး ၁၂/မရက(နိုင်) ၁၀၈၅၇၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအမှတ်(၇၅/၁၊လီဆူးကွင်း)၊ ဦးပိုင်အမှတ်(၄၂၂)၊ မြေဧရိယာ(၀.၀၅၅)ကေရှိမြေကွက်သည်မူလကဦးဇော်ဝင်းဆွေအမည်ဖြင့်(၂-၂-၂၀၂၁)ရက်အထိမြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၃၀-၁-၂၀၂၅)ရက်တွင် ဦးဇော်ဝင်းဆွေထံမှ ဒေါ်အိအိဖြူက အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်အိအိဖြူ ၁/မကန(နိုင်) ၁၁၉၅၆၁ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အသစ်ရရှိရေးအတွက် (၂၁-၈-၂၀၂၆)ရက်စွဲပါကျမ်းကျိန်လွှာအမှတ်(၈၀၇/၂၀၂၆)ကို (၂၄-၈-၂၀၂၆)ရက်စွဲပါကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၅၄၄/၂၀၂၆)ပြုဆိုတင်ပြလျှောက် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

စဉ်	လျှောက်ထားသူအမည်	လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့	ရပ်ကွက်	အကွက်အမှတ်/အမည်	ဦးပိုင်အမှတ်	ဧရိယာ	အကြောင်းအရာ
၁	ဒေါ်ဝေလွင်လွင်အောင်	ပုသိမ်မြို့	၃	၃၅၊ မီးရထားလမ်း	၂၇/၁-ဃ ၂၇/၁-င	၀.၁၁၆ ၀.၁၁၆	အသစ်
၂	ဦးခွန်ဌေးအောင်	ပုသိမ်မြို့နယ်	ကမ်းနီကျေးရွာ	၄-က၊ ကမ်းနီအရှေ့	၅၃/၆၀/၄	၀.၁၂	အသစ်
၃	ဦးခွန်ဌေးအောင်	ပုသိမ်မြို့နယ်	ကမ်းနီကျေးရွာ	၄-က၊ကမ်းနီအရှေ့	၅၂-က/၁	၀.၁၅	အမည်ပြောင်း
၄	ဒေါ်မိုမိုကို	ချောင်းသာမြို့နယ်	၁	၁၉၉၀၊ ချောင်းသာ	ခ-၅	၀.၀၅၅	အမည်ပြောင်း
